# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၂၇၅)




ဆင်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်ခဲ့သော မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်များကို တွေ့ရစဉ်။

# အမြင့်ပေ ၆၀၀၀ ကျော်ရှိ ဆင်တောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင် ၈၀ အောင်မြင်စွာ တက်ရောက်

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းမှ အမြင့်ပေ ၆၀၂၀ ရှိ ဆင်တောင်ပေါ်သို့ ဇွန် ၃၀ ရက် နံနက်ပိုင်းက အဖွဲ့ဝင် ၈၀ ဖြင့် အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

"မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းအနေနဲ့ ၂၀၁၉ တောင်တက်ရာသီကို အမြင့်ပေ ၆၀၂၀ ရှိတဲ့ ဆင်တောင် ခရီးစဉ်နဲ့ စတင်ခဲ့တာပါ။ အသက်အရွယ်အကြီးဆုံး ၇၁ နှစ်ကနေ အငယ်ဆုံး ၁၅ နှစ်အထိ ပါဝင်တဲ့ တောင်တက်အဖွဲ့ဝင် ၈၀ လုံး မြင်းဒိုက်ကျေးရွာကနေ နံနက် ၅ နာရီမှာ စတင်ထွက်ခွာခဲ့ပြီး ဆင်တောင်ထိပ်ပေါ်ကို နံနက် ၁၁ နာရီမှာ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပါတယ်။ မြင်းဒိုက်ကျေးရွာအခြေပြု ဆင်တောင် တက်ခရီးစဉ်မှာ တောင်တက်အဖွဲ့ဝင်များ အဖွဲ့အစည်းလိုက် လုပ်ဆောင်မှုတိုးတက်စေဖို့နဲ့ စည်းကမ်းလိုက်နာမှု အားကောင်းစေဖို့အတွက် အခြေခံစစ်ရေးပြလေ့ကျင့်ခန်းများကို မိတ္ထီလာခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးနေဦးနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လေ့ကျင့်သင်ကြားပို့ချပေးခဲ့ပါတယ်"ဟု မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာမြတ်မင်းက ပြောသည်။

ဆင်တောင်ခရီးစဉ်တွင် ဒေသခံ မြင်းဒိုက်ကျေးရွာဖွံ့ဖြိုးရေးအတွက် အများစုပေါင်းလှူဒါန်းငွေကျပ် နှစ်သိန်းနှင့် မိတ္ထီလာမြို့ မေတ္တာရေကြည် အခမဲ့ဆေးခန်း ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို တာဝန်ရှိသူများထံ မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းဝင်များက ပေးအပ်လှူဒါန်းခဲ့သည်။

ဆင်တောင်ခရီးစဉ်တွင် ပါဝင်သည့် မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းဝင် ၈၀ အနက် အဖွဲ့ဝင် ၂၀ မှာ မဒွယ် ရေခဲတောင်နှင့် ဖုန်ကန်ရာဇီ ရေခဲတောင်ခရီးစဉ်များကို ဆက်လက်လိုက်ပါကြမည်ဖြစ်ရာ ထိုခရီးစဉ်များအတွက် လေ့ကျင့်မှုပိုမိုရရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၁ ရက်က မြင်းမထိတောင်ခရီးစဉ်ကို ဆက်လက်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၇-၂၀၁၉

| | | | |
|---|---|---|---|
| ကော့ကရိတ်မြို့ | ၅ ဒသမ ၃၉ လက်မ | သံတွဲမြို့ | ၃ ဒသမ ၈၂ လက်မ |
| ပူတာအိုမြို့ | ၄ ဒသမ ၇၃ လက်မ | သထုံမြို့ | ၃ ဒသမ ၇၀ လက်မ |
| မော်လမြိုင်မြို့ | ၄ ဒသမ ၅၃ လက်မ | လှိုင်းဘွဲမြို့ | ၃ ဒသမ ၅၄ လက်မ |
| ကျိုက်မရောမြို့ | ၄ ဒသမ ၄၉ လက်မ | မုဒုံမြို့ | ၃ ဒသမ ၃၅ လက်မ |
| ပေါင်မြို့ | ၄ ဒသမ ၁၃ လက်မ | ဘားအံမြို့ | ၃ ဒသမ ၃၁ လက်မ |

### တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ-၈

### တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းရပ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုက်တွန်းချက် တစ်ရပ်ထုတ်ပြန်

စာ-၃

### ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း တစ်သန်းကျော်ကို နေရာရွှေ့ပြောင်းရန် အကြံပြုထား

စာ-၁၄






မြန်မာ့အလင်း

# လုံခြုံအေးချမ်းသည့် နိုင်ငံသားတို့ဘဝအတွက်

မည်သည့်နယ်ပယ်တွင်မဆို အဓမ္မမှုများ မဖြစ်ပွားရအောင်၊ လူမှုအဝန်းအဝိုင်းထဲ တရားမျှတမှုရှိအောင်ဟူ၍ ထိန်းကွပ်သည့်အရာ အချို့ရှိပါသည်။

တရားဥပဒေ၊ သီလကို အခြေခံသည့် ယုံကြည်မှု၊ လူ့ကျင့်ဝတ်တို့ဖြစ်၏။ ထို့ပြင် လူမှုအဖွဲ့အစည်းအတွင်းက အစဉ်အလာရိုးရာ ဓလေ့ထုံးတမ်းတို့ကလည်း ပံ့ပိုးပေးမှု ရှိ၏။

သီလကျင့်ဝတ် လူမှုဓလေ့ထုံးတမ်းတို့ လျော့ရဲလာသည့်အခါ မတရားမှု၊ မမျှတမှု၊ အဓမ္မမှုများက တဖြည်းဖြည်းချင်း တိုးတိုးလာတတ်၏။ တရားမျှတမှုကို လူ့အဖွဲ့အစည်းက ယုံကြည်မှုလျော့ပါးလာသည့်အခါ အကြမ်းဖက်မှုနှင့် မင်းမဲ့စရိုက်တို့က အားကောင်းလာတတ်ကြ၏။

ထို့ကြောင့် လူ့ဘောင်လောကတွင် တရားဥပဒေ စည်းမျဉ်း စည်းကမ်းတို့ကို အသေအချာရေးဆွဲကာ လူတိုင်းလိုက်နာအောင် အားထုတ်ရလေသည်။ ကိစ္စမြားမြောင်လှတို့ဘောင်ဖြစ်သည့်အားလျော်စွာ ခေတ်စနစ်များ ပြောင်းသည်နှင့်အမျှ၊ အချိန်များရွေ့လျားလာသည်နှင့်အမျှ ဥပဒေ စည်းမျဉ်း စည်းကမ်းများတွင် အားနည်းချို့ယွင်းမှုများ ရှိလာတတ်သည်ကိုလည်း ပြင်ဆင်ရ၊ ပြန်လည်ရေးဆွဲပြဋ္ဌာန်းရသည်တို့လည်း ရှိတတ်၏။

တရားဥပဒေ စည်းမျဉ်းစည်းကမ်းတို့ကို လူတိုင်းလိုက်နာအောင် အားထုတ်ရာတွင် လူတို့ဥပဒေ၏ သဘောကို နားလည်အောင် ပညာပေးရေးက အရေးကြီးသည်ဆိုသော်လည်း တရားစီရင်ရေးစနစ်သည် မျှတမှုရှိသည်၊ ရာဇဝတ်ဘေးဟူသည် မည်သည့်အခါမှ ပြေးမလွတ်၊ ပြစ်မှုကျူးလွန်သူတိုင်း ထိုက်သင့်သော ပြစ်ဒဏ်ကိုခံရမည်မှာ မုချဟူသည့် အခြေခံတရားများက မဖြစ်မနေ လိုအပ်ပါသည်။

ကိုလိုနီလက်အောက်က လွတ်မြောက်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြသည့် မြန်မာပြည်သူလူထု၏ အပြင်းပြဆုံးလိုလားချက်တစ်ခုမှာ တရားမျှတမှုဖြစ်သည်။ ထိုမှအစ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ပြည်သူ့အစိုးရ အုပ်ချုပ်ခွင့်ရရေး အစရှိသည့် ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံများအားလုံးတွင် တရားမျှတမှုကို မွတ်သိပ်ခြင်းက ရှေ့တန်းကပါခဲ့သည်သာချည်းဖြစ်၏။

မတ်လ ဖက်ဆစ်တော်လှန်ရေးမှ အစပြု၍ ဖြတ်သန်းခဲ့ရသော ဇွန်၊ ဇူလိုင်၊ ဩဂုတ် အရေးတော်ပုံများအလယ် စစ်ဘေးဒဏ်များအကြား ပြေးလွှားနေကြရသည့် အပြစ်မဲ့ပြည်သူများ၊ မြို့ကြီးလယ်မှာ နေထိုင်ရင်းက စည်ကားသိုက်မြိုက်သည့် လူထုထုထဲမှာပင် လုံခြုံမှုမရှိဖြစ်နေကြရသည့် လူကြီးလူငယ်၊ ကလေးသူငယ်များအထိ အားလုံးသည် တရားမျှတမှုကို တောင့်တကြခြင်းသာ ဖြစ်၏။ တရားဥပဒေစိုးမိုးမှုကို ငံ့လင့်နေကြခြင်းဖြစ်၏။

လူထုတစ်ရပ်လုံးပါဝင်ခဲ့ကြသော လှုပ်ရှားရုန်းကန်မှုများအားလုံးသည် တရားမျှတခြင်းကို လိုလားမှုပေါ်သာ အခြေခံခဲ့ခြင်းဖြစ်၏။

ဤသို့သော တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှုတို့အတွက် ပြည်သူလူထုက အမြဲတမ်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လည်း ဆန္ဒရှိကြချေ၏။ နိုင်ငံတော်အစိုးရနှင့် ပြည်ထဲရေး၊ တရားစီရင်ရေး၊ ဥပဒေရေးရာ အစရှိသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ထမ်းများတို့၏ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှုတို့အားဖြင့် တရားဥပဒေ အမှန်တကယ် စိုးမိုးရေး၊ တရားစီရင်ရေးစနစ်နှင့် ဥပဒေကဏ္ဍကို ပြည်သူတို့ ယုံကြည်အားကိုးလာကြရေး၊ ပြည်သူ့ဘဝများ လုံခြုံမှု တိုးတက်မြင့်မားလာရေး၊ ရာဇဝတ်မှုများ လျော့ပါးပပျောက်ရေးတို့ ဖြစ်ထွန်းပေါ်ပေါက်ပါစေသတည်း။ ။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မိုး/ဇလ**

## သတိပေး နှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များသွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၃/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖွေအား | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| (၂) | ဦးကျော်မင်း(ခ)ဦးဖိုးမင်း | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများအား အမှန်တကယ်နေထိုင်လိုသူများ ရရှိစေရန်အတွက် နည်းလမ်းတစ်မျိုးဖြင့် ကြပ်မတ်စီစဉ်ရောင်းချပေးသွားမည်

**မန္တလေး ဇူလိုင် ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသည့် ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာတိုက်ခန်းများ ရောင်းချရာတွင် အမှန်တကယ်နေထိုင်လိုသူများသာ ရရှိစေရန်အတွက် နည်းလမ်းတစ်မျိုးဖြင့် ကြပ်မတ်စီစဉ်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

လက်ရှိတွင် အဆိုပါကော်မတီမှ တည်ဆောက်ပြီးစီးနေသည့် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းပေါင်း ၅၄၂ ခန်းကို မန္တလေးခရိုင်ခြောက်မြို့နယ်အတွင်းရှိ အရပ်ဘက်နိုင်ငံဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ရောင်းချပေးနိုင်ရန် လျှောက်လွှာတစ်စောင်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ပြီးခဲ့သည့်ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးဝင်းအတွင်း ရောင်းချပေးခဲ့ရာ လာရောက်လျှောက်ထားသူ အရပ်ဘက်နိုင်ငံဝန်ထမ်း ၁၂၂၁ ဦးနှင့် အငြိမ်းစားဝန်ထမ်း ၄၁၂ ဦး စုစုပေါင်း လျှောက်လွှာ ၁၆၃၃ စောင်ကို ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အရင်တစ်ခေါက်က ရောင်းချပေးခဲ့တဲ့ တိုက်ခန်းတွေကို လျှောက်လွှာတင်ပြီး မဲနှိုက်ပေးမယ့် မြေညီထပ်နဲ့ ပထမထပ် ပေါက်ရင်တော့ ယူလိုက်ပြီး သုံးထပ်၊ လေးထပ် စတဲ့ အထပ်မြင့်ပေါက်သူတွေအနေနဲ့ အခန်းတွေ ပြန်အပ်ခဲ့သလို ဆက်သွယ်ခြင်းမရှိခဲ့တဲ့ တိုက်ခန်းပေါင်း ၈၆ ခန်းရှိခဲ့တဲ့အတွက် အမှန်တကယ် နေထိုင်လိုသူတွေအတွက်တော့ နစ်နာသွားတာပေါ့။ ဒါကြောင့် အခုတစ်ကြိမ်ရောင်းချတဲ့ အချိန်မှာ ဒီလိုမျိုးတွေ ထပ်ပြီးမဖြစ်ပေါ်ဘဲ အမှန်တကယ် နေထိုင်လိုသူတွေအတွက်ပဲ မဲနှိုက်နေရာချထားနိုင်အောင် နည်းလမ်းကောင်းတစ်ခုနဲ့ ကြပ်မတ်စီစဉ်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု ၎င်းက ပြောသည်။



မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ဝယ်ယူရန် ယခင်လျှောက်ထားပြီး မဲပေါက်ခြင်းမရှိသူများမှ ပြန်လည်လျှောက်ထားရန် အဆိုပါပြုလွှာများ လာရောက်တင်သွင်းနေကြစဉ်။

အဆိုပါရောင်းချမည့်တိုက်ခန်းများအတွက် လျှောက်လွှာများကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ယခင်လျှောက်ထားပြီး မဲပေါက်ခြင်းမရှိသူများမှ ပြန်လည်လျှောက်ထားရန် အဆိုပြုလွှာများကိုလည်း ဇူလိုင် ၁ ရက်မှ စတင်လက်ခံဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုရောင်းချမည့် တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ လေးခန်းတွဲခြောက်ထပ်ပါ အခန်း ၅၄၂ ခန်းဖြစ်ပြီး တစ်ခန်းလျှင် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းအပါအဝင် မြေညီထပ်ငွေကျပ် ၂၆၇ သိန်း ရှစ်သောင်း၊ ပထမထပ်ငွေကျပ် ၂၄၇ သိန်း နှစ်သောင်း၊ ဒုတိယထပ် ငွေကျပ် ၂၂၆ သိန်း ခြောက်သောင်း၊ တတိယထပ် ငွေကျပ် ၂၁၆ သိန်း သုံးသောင်း၊ စတုတ္ထထပ် ငွေကျပ် ၂၀၆ သိန်း၊ ပဥ္စမထပ် ငွေကျပ် ၁၉၅ သိန်း ခုနစ်သောင်းနှုန်းဖြင့် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

☼ *ကျောဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်လျက်ရှိသည့် သတင်းထုတ်ပြန်ခြင်း(၅/၂၀၁၉) အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်လျက်ရှိသည့် သတင်းထုတ်ပြန်ခြင်း(၅/၂၀၁၉) အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၇) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ခြင်းအခမ်းအနားသို့ ရုပ်သံမီဒီယာနှင့် သတင်းအဖွဲ့များ တက်ရောက်သတင်းရယူနိုင်ကြောင်း ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ထံမှ သိရသည်။

**မောင်လူမော်**

# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းရပ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တခဲ့ကြသည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်"အား တည်ဆောက်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်မဆို ၎င်းတို့၏ လိုအင်ဆန္ဒများကို ဒီမိုကရေစီ နည်းလမ်းတကျသာ တောင်းဆိုရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းစဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လက်နက်စွဲကိုင်၍ တောင်းဆိုခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများအား ဖြေရှင်းနိုင်ရေးသည် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟု တပ်မတော်က ယုံကြည်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်နေသူများအားလုံး ယုံကြည်မှုမြင့်မားစွာဖြင့် ဆောင်ရွက်နိုင်ရေး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သမိုင်းတွင် တစ်ခါမျှမရှိခဲ့ဘူးသော တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်တို့တွင် ထုတ်ပြန်ကြေညာ၍ ၆ လတာ အပစ်အခတ်ရပ်စဲပေးခဲ့ကြောင်း။

လိုအပ်ချက်များအရ ၂၀၁၉ ခုနှစ်၊ ဇွန် ၃၀ ရက်တွင်လည်း တတိယအကြိမ် ထုတ်ပြန်ကြေညာ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ၂ လတာ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် ၆ လတာကာလအတွင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ ညှိနှိုင်းအဖြေရှာခြင်းအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ခိုင်မာစေရေး ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရာတွင် ပြည်သူလူထုက မျှော်လင့်ထားသလောက် ခရီးမရောက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရာတွင် မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ရည်ရွယ်၍ တပ်မတော်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်၍ လက်နက်ကိုင်လမ်းစဉ်အစား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးပြီး ဆွေးနွေးညှိနှိုင်းမှုများဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းစဉ်အား နည်းမှန်လမ်းမှန်ဖြင့် လျှောက်လှမ်းရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်က ထပ်မံခွင့်ပြုထားသော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသည့် ၂ လတာ ကာလအား ယခင်ကထက် ထိထိရောက်ရောက် ပိုမိုအကျိုးရှိစွာ အသုံးပြုသွားနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခြင်းမှအစ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အဆင့်အထိလုပ်ငန်းအဆင့်ဆင့်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်သွားနိုင်စေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်မှ ချဉ်းကပ်ဆောင်ရွက်သွားနိုင်စေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အစားထိုးဖွံ့ဖြိုးရေး နည်းပညာများကိုလည်း နားလည်တတ်ကျွမ်းပြီး ထိရောက်စွာဆောင်ရွက်သွားနိုင်စေရန်၊ ဆက်စပ်ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာနိုင်စေရန်တို့ဖြစ်ကြောင်း။

မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံး ရေခြားမြေခြားမရှိ၊ ပြည်နယ်ပြည်မ အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်"**ဆိုသည့် မဟာဗျူဟာကိုအခြေခံ၍ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်သည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် မူဝါဒ(၄)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ဆွေးနွေးညှိနှိုင်း

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ အဓိက လုပ်ငန်းတာဝန်ကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိ ထိရောက်သည့် လုပ်ငန်းများ ဖြစ်စေရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများကို နိုင်ငံတော်၏မူဝါဒ၊ နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအသီးသီး၏တင်ပြချက်၊ လွှတ်တော်နှင့် ကိုယ်စားလှယ်များ၏ ကတိကဝတ်နှင့် တောင်းဆိုချက်များ၊ ဒေသခံပြည်သူလူထုတို့၏ ပကတိလိုအပ်ချက်၊ ဘဏ္ဍာရေးခွင့်ပြုဝင်ဆံ့မှု စသည့်အချက်များ အပေါ်ချိန်ဆ၍ နိုင်ငံတော်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Myanmar Substainable Development Plan နှင့် ချိတ်ဆက်ပြီး ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီက ဆွေးနွေးညှိနှိုင်း သုံးသပ်ဆုံးဖြတ်ပြီး နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## စနစ်တကျမှတ်သားလေ့လာ

လက်ရှိခေတ်စနစ်၏ တိုးတက်ဖြစ်ထွန်းမှုသည် မြန်ဆန်ပြီး နည်းပညာပြောင်းလဲမှုများလည်း မြင့်မားလာပါကြောင်း၊ သို့ဖြစ်၍ ခေတ်စနစ်၏ တောင်းဆိုမှုအပေါ်ဝန်ထမ်းများ၏ အရည်အသွေးသည်လည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းရန် မလွဲမသွေ လိုအပ်လျက်ရှိသဖြင့် တာဝန်ရှိသူများအနေဖြင့် ရရှိသည့်အချိန်၊ ခွင့်ပြုသည့်ဘဏ္ဍာရေး အနေအထားများအပေါ် အခြေခံပြီး ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာသင်တန်းအမျိုးမျိုးကို ဖွင့်လှစ်စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ သင်တန်းသားများအနေဖြင့် ယနေ့ ဖွင့်လှစ်သည့် သင်တန်းမှ လေ့ကျင့်ဆွေးနွေးပို့ချပေးမည့် ဘာသာရပ်၊ ပညာရပ်၊ အတွေ့အကြုံဗဟုသုတများကို စနစ်တကျမှတ်သားလေ့လာပွားများပြီး အနာဂတ်ကာလတွင် မိမိတို့ တာဝန်ယူဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို အကျိုးရှိရှိ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

## တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမ အထူးအယူခံမှု (၃)မှု စီရင်ချက်ချမှတ်၊ တရားမ အထူးအယူခံမှု (၅) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဇူလိုင် ၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကိုရီးယားနိုင်ငံ KOICA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇူလိုင်  ၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မုံရွာဆိပ်ကမ်းနှင့် ကုန်းတွင်းဆိပ်တည်ဆောက်ရေးဆိုင်ရာလေ့လာမှုများ ဆောင်ရွက်နိုင်ရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအား သင်ကြားလေ့ကျင့်ပေးရေး အစီအစဉ်များအပြင် ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. LeeYoun Soo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံ

ရန်ကုန်  ဇူလိုင်  ၁

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။** (အောက်ပုံ)



အဆိုပါတွေ့ဆုံပွဲ အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ရန်ကုန် မြို့တော်သူ မြို့တော်သားများ၏ အကျိုးကို ဦးတည်ပြီး မေးသည့်မေးခွန်းမျိုးဖြစ်ရန် လိုကြောင်း၊ ဖြေဆိုသည့်အခါတွင်လည်း ယင်းကို ဦးတည်သည့် အဖြေမျိုးဖြစ်စေရန် လိုကြောင်း၊ လတစ်လ၏ ပထမပတ် တနင်္လာနှင့် တတိယပတ် တနင်္လာနေ့တိုင်းတွင် မီဒီယာများနှင့်တွေ့ဆုံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ သတင်းစီးဆင်းမှုသည် မှန်ကန်လာမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်ဖြန့်ဝေခြင်းတွင် အချက်နှစ်ချက်ရှိကြောင်း၊ ကော်မတီအနေဖြင့် အသိပေးချင်သည့် သတင်းအချက်အလက်များရှိသကဲ့သို့ မီဒီယာများအနေဖြင့်လည်း မေးချင်သည့်အချက်များရှိကြောင်း၊ ၂၀၁၈ ခုနှစ် စည်ပင်သာယာရေးဥပဒေအရ ယခင်က မြို့နယ်၊ ခရိုင်နှင့် ကော်မတီဟူ၍ရှိပြီး ယခုအခါ ခရိုင်အဆင့်ကိုဖြုတ်ကာ ယင်းကို ရုံးအဖွဲ့အနေဖြင့်သာထားရှိကြောင်း၊ YCDC အနေဖြင့် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အလိုက် စည်ပင်သာယာရေးကော်မတီဟူ၍ ဖွဲ့စည်းထားရှိကြောင်း၊ မြို့နယ်တိုင်းတွင် စည်ပင်သာယာ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂)၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့ဖြင့် ဖွဲ့စည်းထားရှိကြောင်း၊ မြို့နယ်ဥက္ကဋ္ဌ တာဝန်သည် ယင်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို လုပ်ဆောင်ရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အမှိုက်ကိစ္စများ၊ ရေစီးရေလာကိစ္စရပ်များ၊ ကျူးကျော်ကိစ္စရပ်များ စသည်တို့ပါဝင်လာမည်ဖြစ်ပြီး ယင်းတို့ကို တညီတညွတ်တည်းဖြင့် လုပ်ဆောင်နိုင်ရန်အတွက် ပြုလုပ်လျက်ရှိကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့တွင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁)၊ (၂) တို့သည် မြို့နယ်၏အခြေအနေကို သိရှိသည့်အတွက် ဖွံ့ဖြိုးမှုစီမံချက်ကို ရေးဆွဲရကြောင်း၊ ဖွံ့ဖြိုးမှုစီမံချက်တွင် လိုအပ်ချက်များ ရှိသည့်အတွက် YCDC ၏ လုပ်ငန်းဖွဲ့စည်းပုံကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းတာဝန်ခံအဖွဲ့ ခုနစ်ဖွဲ့တွင် မြေယာ၊ ဆောက်လုပ်ရေး၊ ရေစီးရေလာ၊ လမ်းတံတား၊ ရေဆိုး၊ ကျန်းမာရေးနှင့်ဈေးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍ ခုနစ်ခုသည် မြို့နယ်များတွင် လိုအပ်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ဝင်ရောက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်များ၏ တင်ပြမှု လိုအပ်ချက်များကို YCDC က ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က မြို့နယ်များတွင် ချိတ်ဆက်မှုအားနည်းခဲ့ပြီး ယခုအခါ ချိတ်ဆက်မှု အားကောင်းလာသည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ကဏ္ဍကြီး ခုနစ်ခုက ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်ဥက္ကဋ္ဌများ၏ လိုအပ်ချက်များကို YCDC က ဖြည့်ဆည်းပေးရသည့်အတွက် ၃၃ မြို့နယ်အနေဖြင့် လုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်၍ရကြောင်း၊ မြို့နယ်အချင်းချင်း ချိတ်ဆက်မှုအားကိုယူပြီး မြို့နယ်များနှင့် YCDC တို့၏ ချိတ်ဆက်မှုအားကိုလည်းယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လစဉ် ဥက္ကဋ္ဌများနှင့် YCDC မှ ကော်မတီဝင်များ တွေ့ဆုံပြီး အပြန်အလှန် တင်ပြကာ ရှေ့ဆက်၍ မည်သို့လုပ်ဆောင်ရမည်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း ကြန့်ကြာမှုကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများက ရန်ကုန်မြို့ ရေကြီးရေလျှံဖြစ်မှုနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ခွေးလေခွေးလွင့်များ ထိန်းသိမ်းရေးနှင့် မှတ်ပုံတင်ခြင်း ကိစ္စရပ်များ၊ ဈေးသည်များ ဈေးရုံများတွင် ရောင်းချမှုမရှိသည့် ကိစ္စရပ်များ၊ လမ်းခင်းခြင်း၊ ပလက်ဖောင်းဆောက်လုပ်ခြင်း၊ ကေဘယ်ကြိုးများ သွယ်တန်းခြင်း၊ ရေမြောင်းများ ဆောက်လုပ်ခြင်းတို့တွင် ဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အခြေအနေ၊ ၂၀၁၈ ခုနှစ် စည်ပင်သာယာဥပဒေနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းများပေါ်တွင် ဘဏ္ဍာရေးသုံးစွဲမှုအခြေအနေ စသည်တို့ကို မေးမြန်းကြရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ လုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် ဌာနမှူးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# နယ်စပ်ဂိတ်များမှ စတုတ္ထအကြိမ် ပြန်လည်စိစစ်လက်ခံရေးအစီအစဉ် ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင် ၁**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ နိုင်ငံသားစိစစ်ပြီးသူများကို သတ်မှတ်ထားရှိသည့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် စတုတ္ထအကြိမ်ပြန်လည်စိစစ်လက်ခံရေး အစီအစဉ်ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများကို ဇူလိုင် ၁ ရက်တွင် နို့ပိုးဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၁၅၁ ဦး၊ မယ်လဒုက္ခသည်စခန်းမှ ငါးဦး၊ အုန်းပြန်ဒုက္ခသည်စခန်းမှတစ်ဦးစုစုပေါင်း ၁၅၇ ဦးကို မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)မှတစ်ဆင့် ခေါ်ဆောင်လာခဲ့ပြီး မြန်မာဘက်မှ တာဝန်ရှိသူများက မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းတွင် နွေးထွေးစွာဖြင့် ကြိုဆိုလက်ခံခဲ့ကြောင်း၊ အဆိုပါပြန်လည်လက်ခံရေးအစီအစဉ်သို့ ဗန်ကောက်မြို့မှ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် မြန်မာသံရုံးအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လက်ခံရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန် မြန်မာနိုင်ငံသားများအား မြန်မာဘက် တာဝန်ရှိသူများက လွှဲပြောင်းလက်ခံမှုအပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ခံရေးကော်မတီဝင်များက နေရပ်ပြန်များအခြေချနေထိုင်မည့် မူလဇာတိဒေသများအရောက် ပို့ဆောင်ခြင်း၊ အိမ်ထောင်စုသုံး လတ်တလော ထောက်ပံ့ပစ္စည်းနှင့် ငွေကြေးများ ပေးအပ်ခြင်းများဆောင်ရွက်ပေးခဲ့သည့်အပြင် မြန်မာနိုင်ငံသားဆိုင်ရာ အိမ်ထောင်စုဇယား ပုံစံ-၁၀ နှင့် နိုင်ငံသားခိုင်မာမှုအဆင့်အလိုက် နိုင်ငံသား စိစစ်ရေးကတ်များအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် နေရပ်ပြန် မိသားစုဝင်များအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက အခန်းကဏ္ဍအလိုက် ဆက်လက် ကူညီဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

ထို့ပြင် ဒုတိယနေ့ ပြန်လည်လက်ခံရေး အစီအစဉ်ကို ဇူလိုင် ၂ ရက်တွင် ဘန်မန္ဒိုင် ဆို့ခြင်းဒုက္ခသည် စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မယ်စဲ့ဂိတ်မှ လည်းကောင်း၊ ထမ်ဟင်ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ထီးခီးဂိတ်မှလည်းကောင်း ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး တတိယနေ့ ပြန်လည် လက်ခံရေးအစီအစဉ်ကို ဇူလိုင် ၃ ရက်တွင် မယ်လ၊ အုန်းပြန်နှင့် မယ်လအုန်းဒုက္ခသည်စခန်းများမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းတွင် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ လိုက်ပါပို့ဆောင်၍ မြန်မာဘက်တာဝန်ရှိသူများမှ ဆက်လက်လက်ခံကြိုဆိုသွားရန်ရှိကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေးယန္တရားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံသံရုံး၊ Ombudsman Office တို့ပူးပေါင်း၍ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေးယန္တရားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။**

အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်သို့ ရောက်ရှိလာသော တိုင်ကြားစာများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲ၍ ကိုင်တွယ်ဆောင်ရွက်နေပုံ အဆင့်ဆင့်ကို လည်းကောင်း၊ မိမိတို့၏ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေး ယန္တရားကို ပိုမို ထိရောက် လျင်မြန်သွက်လက်စေရန်၊ တိုင်ကြားသူများအတွက်လည်း အဆင်ပြေချောမွေ့စေသည့်အပြင် တုံ့ပြန်ဖြေကြားမှု ပိုမိုကောင်းမွန်စေရန် နည်းလမ်းရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး Mr. Steve Marshall နှင့် Chief Ombudsman Mr. Peter Boshier တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြပြီး တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေးယန္တရားနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ညီညွတ်စေရန်ပြုပြင်ပြောင်းလဲရေးလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာပေးအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင် ထွက်သီးနှံဌာနခွဲဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးနည်းပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ရုံးအမှတ် (၄၃) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ပိုးချည်လုပ်ငန်းများအတွက် အလားအလာကောင်းများ ရှိနေသကဲ့သို့ ဝါသီးနှံ၏ ဈေးကွက်သည်လည်းယခုနှစ်များအတွင်း တွက်ခြေကိုက်သောဈေးနှုန်းတွင် တည်ငြိမ်မှုရှိနေသဖြင့် ဝါစိုက်တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှုများရှိခဲ့ကြောင်း။

ပိုးချည်လုပ်ငန်းသည် ပိုးစာစိုက်ပျိုးရေးသာမက ပိုးမွေးမြူမှုပါ ပါဝင်သည့် အပင်နှင့် တိရစ္ဆာန်မွေးမြူမှုလုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် နည်းပညာပိုင်းအထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သည့်သီးနှံပင်စိုက်ပျိုးသည်ဖြစ်စေ မြေဆီဆိုင်ရာစီမံခန့်ခွဲမှုသည် အပင်ဖြစ်ထွန်းမှုအတွက်သာမက မြေဆီထက်သန်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမှုတို့အပေါ် အကျိုးသက်ရောက်နိုင်သည်ကို သတိမူပြီး ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာတို့ကို တောင်သူများ မှန်ကန်စွာ ရွေးချယ်သုံးစွဲလာစေရေး ပညာပေး ထိန်းကျောင်းကြရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် ဦးသက်ဇင်မောင်၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဝါသီးနှံ လျှော်သီးနှံပိုးစာသီးနှံသုတေသနနှင့် မျိုးသန့်ခြံများမှ အရာထမ်းအမှုထမ်းများ တက်ရောက်ကြပြီး ဇူလိုင် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဘာသာရပ်အလိုက် ကျွမ်းကျင်သူဝါရင့်ပညာရှင်များက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပြီး သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံများ ၊ မျိုးသန့်ခြံများ၏ လက်ရှိဆောင်ရွက်နေမှု အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ်ကာ ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖော်ထုတ်ဆွေးနွေးသွားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ၌ ၂၀၁၈ ခုနှစ်အတွင်း ဝါမျိုးစုံစိုက်ဧက ၅၅၄၀၁၈ ဧက စိုက်ပျိုးခဲ့ပြီးစုစုပေါင်း ၂၄၁၇၆၆၀၆၃ ပိဿာထွက်ရှိခဲ့သဖြင့် တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၄၃၆ ဒသမ ၀၂ ပိဿာ ဖြစ်သည်။ ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်မျိုးပွားစိုက်ပျိုးခြင်းကို ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများနှင့် ဝါသီးနှံမျိုးသန့်ခြံများ၏စုစုပေါင်းစိုက်ဧက ၄၆၄ ဧက မှ ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် ၇၉၀၄၁ ပိဿာထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဝါမျိုးသန့်အထူးဇုန် စံပြကွက်များသို့ ဖြန့်ဖြူးခဲ့ကာ ၎င်းမှတစ်ဆင့် စီးပွားဖြစ်မျိုးသန့်စေ့များအားလိုအပ်သည့် ဒေသများသို့ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်မျိုးသန့်ပွားများမှုအတွက် ၁၀၃ ဒသမ ၅ ဧက စိုက်ပျိုးခဲ့ပြီး ဂုန်လျှော်၊ ချဉ်ပေါင်လျှော် မျိုးသန့်ဖြန့်ဖြူးမှု ၅၄၂ ဒသမ ၂၅ တင်း၊ ပိုက်ဆံလျှော် ၄၅၃ တင်းထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ပိုးစာသုတေသနနှင့် ပိုးစာခြံများတွင် ပိုးစာပင် ၃၃၅ ဧက စိုက်ပျိုးထားရှိပြီး ပိုးအိမ်ပေါင်း ၁၂၆၃၄ ပေါင်နှင့် ပိုးချည်ထုတ်လုပ်မှု ၃၅၈ ဒသမ ၆၅ ပေါင် ထုတ်လုပ်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပိုးစာစိုက်ပျိုးဧက စုစုပေါင်း ၃၆၀၈ ဧကရှိပြီး ပိုးအိမ်ထုတ်လုပ်မှု ၂၅၈ ဒသမ ၃၄ တန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာဝိုင်အမ်စီအေမှ ပင်လယ်ရေကြောင်းသွားလာလုပ်သားမိသားစုအကျိုးပြု စီမံကိန်းအဖြစ် စွမ်းဆောင်ရည်နှင့် အရည်အသွေးမြှင့်တင်သည့်သင်တန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာဝိုင်အမ်စီအေသည် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Habitat for Humanity Myanmar နှင့် ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ပင်လယ်ရေကြောင်းသွားလာလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများ လူနေမှုဘဝ မြှင့်တင်ပေးနိုင်ရေး ပံ့ပိုးဆောင်ရွက်ရန် ပင်လယ်ရေကြောင်းသွားလာလုပ်သားမိသားစုအကျိုးပြုစီမံကိန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ရေကြောင်းသွားလာလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများကို အသိပညာမျှဝေခြင်း၊ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်းနှင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အရည်အသွေးမြှင့်တင်ပေးသော သင်တန်းများ ပံ့ပိုးပေးခြင်း၊ အခြေခံအဆောက်အဦများနှင့်ပတ်သက်ပြီး ပြုပြင်မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးဆိုင်ရာ အမြင်ရှိမည့် သင်တန်းများ လျှပ်စစ်နှင့် အီလက်ထရွန်နစ်သင်တန်းများ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများ၊ ပန်းအလှဆင်သင်တန်းနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးပြီး သင်္ဘောသားများနှင့်ဆိုင်သော အမှတ်တရ၊ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပေးလျက်ရှိသည်။

ယင်းသို့ ကျင်းပပေးသည့်အနက် မြန်မာဝိုင်အမ်စီအေ Habitat for Humanity International, Asia-Pacific Office နှင့် Sailor's Society တို့ ပူးပေါင်းပြီး နိုင်ငံတကာ သင်္ဘောသားများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ တတိယပတ်က ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာဝိုင်အမ်စီအေ အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက လက်ရှိဆောင်ရွက်နေသည့် သင်္ဘောသား အကျိုးပြုစီမံကိန်းများနှင့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြောကြားပြီး Habitat for Humanity International, Asia-Pacific Office မှ Regional Program Associate Director Ms. Amelia Esterban က Habitat အဖွဲ့အစည်း၏ မြန်မာနိုင်ငံတွင်းဆောင်ရွက်နေသည့် စီမံကိန်းများနှင့် Sailor's Society နှင့် ဆောင်ရွက်လျက်ရှိသည့် သင်္ဘောသား အကျိုးပြု စီမံချက်များကို ဗီဒီယိုနှင့် ပြောကြားခဲ့သည်။

ထို့နောက် သင်္ဘောသား အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် Htet Oo Institute မှ ကပ္ပတိန်တိုးတိုးက Seafarers Day ပေါ်ပေါက်လာပုံ၊ Indepentent Federation of Myanmar Seafarers (IFOMS) အဖွဲ့မှ ဦးလှအောင်က သင်္ဘောသားများ၏ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Power & Passion မှ Co-founder ဒေါက်တာဖြိုးသီဟက ယနေ့ကမ္ဘာနှင့် မြန်မာ့ယဉ်ကျေးမှုတွင် ဖြစ်ပေါ်လျက်ရှိသော ကျား/မ ကွဲပြားခြင်းဆိုင်ရာ Gender Lens နှင့် Gender Equality ကို ယခုနှစ် ကျရောက်သည့် သင်္ဘောသားများနေ့ ဆောင်ပုဒ်အဖြစ် 'I am On Board with Gender Equality' အကြောင်းကို ဟောပြောပြီး ပင်လယ်ရေကြောင်းသွားလာလုပ်သား မိသားစုအကျိုးပြုစီမံကိန်းအပေါ် သင်္ဘောသားတို့၏ မိသားစုများက ၎င်းတို့၏အမြင် အသီးသီးကို ပြောကြားဆွေးနွေးကာ စီမံကိန်းမန်နေဂျာ ဒေါ်နွယ်နီလှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပင်လယ်ရေကြောင်းသွားလာလုပ်သားမိသားစု အကျိုးပြုစီမံကိန်းအစီအစဉ်အဖြစ် ပင်လယ်ရေကြောင်းသွားလာလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများကို ပန်းအလှဆင်သင်တန်း လက်တွေ့သင်ကြားပို့ချစဉ်။ သတင်းစဉ်

# အမျိုးသမီးများအကြမ်းဖက်မှုမခံရရေး အားလုံးကူညီလက်တွဲပေး

ဒေါက်တာခိုင်ခိုင်ဝင်း

**ယနေ့ကမ္ဘာကြီးရှိ အမျိုးသမီးထု၏ ၃၅ ရာခိုင်နှုန်းကျော်သည် ကိုယ်နှင့်ရင်းနှီး ခင်မင်သူ (သို့မဟုတ်) လက်တွဲဖော်၏အကြမ်းဖက်ခြင်းကို ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရသော် လည်းကောင်း ခံစားနေရပါသည်။ ပြီးခဲ့သည့် ၂၀၁၇ခုနှစ်အတွင်းမှာပင် ကမ္ဘာပေါ်ရှိနေရာအသီးသီးမှ အမျိုးသမီး ၈၇၀၀၀ ခန့်သည် အကြမ်းဖက်ခံရမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည်ဟုဆိုပါသည်။ ထို့အပြင် လူကုန်ကူးခံရသူ လေးဦးတွင် သုံးဦးမှာ အမျိုးသမီး၊ အမျိုးသမီးငယ်များဖြစ်ကြပြီး ၎င်းတို့အား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အသုံးချရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးကြခြင်းဖြစ်သည်ဟုလည်း UN Women အဖွဲ့ကြီးမှ ဆိုထားပါသည်။**

နိုင်ငံမတူ၊ ဘာသာမတူ၊ အသားအရောင်မတူ၊ အဖွဲ့အစည်းမတူ၊ ဘာသာစကားမတူ၊ ယဉ်ကျေးမှုမတူ စသည်ဖြင့် မတူညီသည့် အကြောင်းအရာ ခေါင်းစဉ်မျိုးစုံအောက်ရှိ အမျိုးသမီးများသည် လိင်ကွဲပြားမှုအပေါ် အခြေတည်ဖြစ်ပေါ်လာသည့် ခွဲခြားဆက်ဆံခံရခြင်းနှင့် အကြမ်းဖက်ခြင်းများကို ပုံစံမျိုးစုံဖြင့် ခံစားနေရပါသည်။ အမျိုးသမီးများအား အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သလို ကလေးသူငယ်အရွယ် အမျိုးသမီးငယ်လေးများနှင့် မသန်စွမ်းသူအမျိုးသမီးများအား အကြမ်းဖက်မှု ကျူးလွန်ခြင်းသည် ကလေးသူငယ်အခွင့်အရေးနှင့် မသန်စွမ်းအခွင့်အရေးတို့ကို ချိုးဖောက်ခြင်းလည်းဖြစ်ပါသည်။ အသက်အရွယ်စုံ အမျိုးသမီးများအား အကြမ်းဖက်ခြင်းသည် လူ့ဘောင်အဖွဲ့အစည်းအားလုံးမှ လက်ခံနိုင်ဖွယ်ရာ မရှိသော၊ လက်သင့်မခံနိုင်သော၊ ခွင့်လွှတ်နိုင်ဖွယ်ရာမရှိသော အကြမ်းဖက်မှုကြီးပင်ဖြစ်ပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုဖြစ်စဉ် ပြစ်မှုများကို ကျား/မ အခြေပြုပြီး ခွဲခြားမှုအရင်းခံသောစိတ်ဖြင့် ပြုလုပ်သော အကြမ်းဖက်ပြစ်မှုဟုလည်း ဆိုကြပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သော၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးကို အဟန့်အတားဖြစ်စေသော၊ တန်းတူညီမျှအခွင့်အရေးမရရှိဘဲ ခွဲခြားခြင်း စိတ်အရင်းတည်ဖြစ်ပေါ်လာသော အမျိုးသမီးများအား အကြမ်းဖက်ခြင်း ပြဿနာအား အမြစ်ဖြတ်ချေမှုန်းရန်နှင့် အမျိုးသမီးများ အကြမ်းဖက်မခံရစေရေး နိုင်ငံတော်အပါအဝင် အားလုံးတွင် တာဝန်ရှိ၍ အားလုံးလက်တွဲ ကူညီကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်ပါသည်။

### အမျိုးသမီးများအား အကြမ်းဖက်ခြင်းဆိုသည်မှာ

အမျိုးသမီးများအား အကြမ်းဖက်မှုဟုဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ လက်ရောက်မှု၊ စော်ကားမှု၊ အနိုင်အထက်ပြုခြိမ်းခြောက်မှု၊ လိင်အင်္ဂါအားဖြတ်တောက်မှု၊ အတင်းအကျပ်နှင့် အရွယ်မရောက်မီ အိမ်ထောင်ချပေးမှု၊ လူကုန်ကူးမှုခံရခြင်း စသည်ဖြင့် အကြမ်းဖက်မှုပုံစံမျိုးစုံပါဝင်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အဆိုအရ အမျိုးသမီးသုံးဦးတွင် တစ်ဦးမှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရသည်ဟုဆိုပါသည်။ ကျူးလွန်သူမှာလည်း အများအားဖြင့် ကျူးလွန်ခံရသူ အမျိုးသမီး၏ သွေးသားရင်းမိသားစုဝင်များ (သို့မဟုတ်) အိမ်ထောင်စုဝင်များထဲမှ တစ်ဦးဦး၊ ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်တို့က အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်၍ ခွဲခြားဆက်ဆံခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်ဟု ဆိုပါသည်။

### အကြမ်းဖက်ခံရခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ

အမျိုးသမီးတစ်ဦး အကြမ်းဖက်ခံရခြင်းဟုဆိုရာတွင် လတ်တလောကာလ အချိန်တိုတစ်ခုအတွင်း၌ အကြမ်းဖက်ခံရခြင်းများရှိသလို ကာလကြာရှည်စွာ အကြမ်းဖက်ခံရသည့် အမျိုးသမီးများလည်း ရှိနေပါသည်။ ကာလတိုဖြစ်ပါစေ၊ ကာလရှည်ဖြစ်ပါစေ အမျိုးသမီးတစ်ဦး အကြမ်းဖက်ခံရသည်ဆိုပါက အကြမ်းဖက်ခံရသည့် အမျိုးသမီး၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးရသည်ကတော့ ငြင်းဆို၍မရနိုင်ပေ။ ကျန်းမာရေးရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း အမျိုးသမီးတစ်ဦး အကြမ်းဖက်ခံရပါက သေဆုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်ခံစားရခြင်း၊ နာတာရှည်ရောဂါခံစားရခြင်း၊ အမျိုးသမီးတွင် မလိုလားအပ်သော ကိုယ်ဝန်ရရှိသွားခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း၊ ကိုယ်ဝန်ဖျက်ချခံရခြင်း၊ HIVကဲ့သို့ ရောဂါကူးစက်ခံရခြင်း၊ ဖယ်ကြဉ်ခံရခြင်း၊ စိတ်ကျရောဂါ၊ စိတ်ဖိစီးခြင်း၊ စိတ်ဒဏ်ရာရခြင်းများ စသည့် ကျန်းမာရေးနောက်ဆက်တွဲဆိုးကျိုးများစွာ ရရှိခံစားရသည်လည်း ဖြစ်ပါသည်။ ဖော်ပြပါနောက်ဆက်တွဲ ဆိုးကျိုးများသည် အမျိုးသမီးများကိုယ်တိုင်နှင့် မိဘများ၊ အုပ်ထိန်းသူများအတွက် ယူကျုံးမရ ဝမ်းနည်းစေသည့် ဆိုးကျိုးများလည်း ဖြစ်ပါသည်။ စစ်တမ်းကောက်ယူတွေ့ရှိချက်များအရ မသန်စွမ်း အမျိုးသမီးများသည် အကြမ်းဖက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများကို သန်စွမ်းသူအမျိုးသမီးများထက် ပိုမိုတွေ့ကြုံနိုင်ခြေများသော အခြေအနေတွင် ရှိသည်သာမက တရားမျှတမှု ရပိုင်ခွင့်များလည်း ဆုံးရှုံးနေကြရသည်ဟု ဆိုပါသည်။ လူ့အခွင့်အရေးရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရခြင်းနှင့် မသန်စွမ်းအခွင့်အရေး ချိုးဖောက်ခံရခြင်းဖြစ်၍ ၊ နှစ်ကျော့ပြန်အခွင့်အရေး ချိုးဖောက်ခံရခြင်း ဖြစ်ပါသည်။ အကြမ်းဖက်ခံရသူသည် မသန်စွမ်းအမျိုးသမီးသက်ငယ်ဖြစ်ပါက ကလေးသူငယ်အခွင့်အရေးပါ ချိုးဖောက်ခံရသည့် သုံးကျော့ပြန် အခွင့်အရေးချိုးဖောက်ခံရခြင်း ဖြစ်ပါသည်။ အမျိုးသမီးများ ၊ အမျိုးသမီးငယ်များအတွက် ဆိုးရွားသော အခွင့်အရေးနစ်နာ ဆုံးရှုံးမှုများပင်ဖြစ်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုကို ကိုယ်တွေ့မျက်မြင်ရင်ဆိုင်ရသော အမျိုးသမီးငယ်အနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ဒေါသကြီးခြင်း၊ မိမိကိုယ်မိမိယုံကြည်မှုပျောက်ဆုံးခြင်း၊ ကျောင်းပညာရေးတွင် စိတ်ပါဝင်စားမှုနှင့် လေ့လာသင်ယူမှုစွမ်းရည်ကျဆင်းခြင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု စစ်တမ်းများက ဆိုပါသည်။ ငယ်ရွယ်စဉ်အခါက အကြမ်းဖက်ခံရသူသည် စိတ်ဒဏ်ရာဖိစီးမှုများဖြင့် ကြီးပြင်းလာရပြီး အရွယ်ရောက်လာပါကလည်း အခြားသူများအား အကြမ်းဖက်သည့် အကြမ်းဖက်မှု ကျူးလွန်သူများဖြစ်လာဖို့ရာ ရာခိုင်နှုန်းများသည်ဟုလည်း စစ်တမ်းများက ဆိုပါသည်။

> **“ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များ ပိုမိုများလာလျက်ရှိသည်ဟု သိရပါသည်။ အမျိုးသမီးသက်ငယ်မုဒိမ်းမှုများ တဖြည်းဖြည်း မြင့်တက်လာနေသည်ကိုလည်း စိုးရိမ်ဖွယ်ရာမြင်တွေ့နေရပါသည် ”**

### အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံရှိစုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိကျသော သတင်းအချက်အလက်ရရှိရေးမှာ မလွယ်ကူသေးသော်လည်း ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များ ပိုမိုများလာလျက်ရှိသည်ဟု သိရပါသည်။ အမျိုးသမီးသက်ငယ်မုဒိမ်းမှုများ တဖြည်းဖြည်း မြင့်တက်လာနေသည်ကိုလည်း စိုးရိမ်ဖွယ်ရာမြင်တွေ့နေရပါသည်။ ရဲစခန်းသို့ရောက်ရှိတိုင်ကြားသည့် အမှုများရှိသလို ရဲစခန်းသို့ရောက်ရှိမလာသည့်ကိစ္စရပ်များ၊ ကျေအေးလိုက်သည့်ကိစ္စရပ်များ၊ တိုင်ကြားရမှန်းမသိသည့် အမှုများ၊ ဝေးလံခေါင်သီ ဒေသ မှ ပြစ်မှုများစသည်ဖြင့် အမှုကိစ္စများစွာရှိနေပြီး အမျိုးသမီးများ၏ အခွင့်အရေးများ ဆုံးရှုံးနေကြရ၍ တရားမျှတမှုကို ရရှိခံစားနိုင်သည့် အခွင့်အရေးများလည်း ဆုံးရှုံးနေကြရပါသည်။ အကြမ်းဖက်မှုတိုင်းတွင် အကြမ်းဖက်သူ၌သာ တာဝန်ရှိသည်ဖြစ်သည့်အတွက် အကြမ်းဖက်သူအား ဥပဒေနှင့်အညီ အချိန်နှင့်တစ်ပြေးညီ အရေးယူနိုင်ရေး လွန်စွာမှအရေးကြီးလှပါသည်။

### အမျိုးသမီးများအား အကြမ်းဖက်ခြင်းနှင့် သဘောထားများ

အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်စဉ်များစွာဖြစ်နေပါသော်လည်း မိသားစုအတွင်း၊ လူမှုအဖွဲ့အစည်းအတွင်း ပွင့်လင်းစွာချပြပြောဆိုမှုများ နည်းပါးနေသေးသည်ဟု စစ်တမ်းအချို့က ဆိုကြပါသည်။ အိမ်တွင်းအကြမ်းဖက်ခံရမှုဖြစ်စဉ်ကို တချို့က ဖြစ်ရိုးဖြစ်စဉ်၊ သမားရိုးကျကိစ္စရပ်၊ မိသားစုပြဿနာဟု ထင်မြင်ယူဆကြခြင်း၊ လိင်အကြမ်းဖက်ခံရသည်ကို ထုတ်ဖော်ပြောဆိုပါက ပတ်ဝန်းကျင်၏အထင်အမြင်သေးမှုနှင့် ခွဲခြားဆက်ဆံခံရမည်ကို စိုးထိတ်နေကြခြင်း၊ ရှက်ရွံ့နေကြခြင်း၊ ပြဿနာဟု မမြင်ကြခြင်း၊ တိုင်ကြားလိုသော်လည်း မည်ကဲ့သို့တိုင်တန်းရမည်ကို မသိရှိကြခြင်း၊ တရားစီရင်ရေးအပေါ်ယုံကြည်ကိုးစားမှု မရှိကြခြင်း၊ ဗဟုသုတနည်းခြင်း၊ ဆွေမျိုးမိဘများအား ဒုက္ခပေးမည်ကို ကြောက်ရွံ့ခြင်း၊ ခင်ပွန်းဖြစ်သူအပေါ် မှီခိုနေရခြင်း၊ မိသားစုပြိုကွဲမည်ကို မလိုလားခြင်း၊ ဆင်းရဲမွဲတေကြခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံတွင်းရှိ အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုတိုင်ကြားမှုများနည်းပါးနေပြီး အကြမ်းဖက်ခြင်းနှင့်စပ်လျဉ်းသည့် မှန်ကန်တိကျသည့် သတင်းအချက်အလက်များပြုစုရေးတွင် အခက်အခဲများရှိနေသည်ဟု လေ့လာသိရှိရပါသည်။ ယင်းအတွက်ကြောင့် အကြမ်းဖက်ဖြစ်စဉ်များစွာ ဖြစ်ပွားနေသည့်တိုင် ပြစ်မှုကျူးလွန်သူအားလုံးကို အပြစ်မပေးနိုင်ဘဲ အနည်းငယ်မျှကိုသာ တရားဥပဒေရှေ့မှောက်တွင် အပြစ်ပေးနိုင်ခဲ့သည်ဟု စစ်တမ်းများက ဆိုပါသည်။

### မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအား ဥပဒေဖြင့်အကာအကွယ်ပေးထားခြင်း

ဥပဒေဟုဆိုရာတွင် နိုင်ငံတကာဥပဒေ၊ ပြည်တွင်းဥပဒေများကို ဆိုလိုပါသည်။ နိုင်ငံတကာဥပဒေဖြင့် အကာအကွယ်ပေးရာတွင် အမျိုးသမီးများအား နိုင်ငံရေး၊ ပြည်သူ့ရေးရာ၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တို့တွင် ခွဲခြားခံထားရခြင်းမရှိစေရေး အကာအကွယ်ပေးရေးဆွဲထားသော ပထမဆုံးအမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေဖြစ်သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်ကပင် အတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားခဲ့သည့်အတွက် နိုင်ငံအတွင်းရှိ အမျိုးသမီးများ ၎င်းတို့၏အခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ ခွဲခြားဆက်ဆံခံရမှု မရှိစေရေး၊ အကြမ်းဖက်မှုများမခံရစေ ရေးတို့အတွက် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိကဝတ်ပြုထားခဲ့ပြီးဖြစ်ပါသည်။ ကတိကဝတ်ပြုထားခဲ့သည်နှင့်အညီ စာချုပ်ပါ အခွင့်အရေးများအတိုင်း ရရှိခံစားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအား Focal Ministry အဖြစ် သတ်မှတ်ဆောင်ရွက်စေခဲ့ပါသည်။ အဆိုပါစာချုပ်ကြီး၏ စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် နိုင်ငံတွင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများ ချိုးဖောက်မခံရရေးနှင့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို နိုင်ငံတော်အဆင့်၊ (အမျိုးသားအဆင့်ယန္တရား) ဖြင့်ဖွဲ့စည်းထားပြီး မူဝါဒ (၄)ရပ်ဖြင့် ဆောင်ရွက်နေသည်ဟု လေ့လာသိရှိရပါသည်။ အဆိုပါမူဝါဒ (၄)ရပ်ထဲမှ မူဝါဒ (၁)ရပ်မှာ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက်မှုပေးရန်ဟူသော အချက်ဖြစ်ပါသည်။ အမျိုးသမီးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းကို အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ်မှတ်ယူ၍ နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်ပါသည်။

ပြည်တွင်းဥပဒေများဖြင့် အကာအကွယ်ပေးခြင်းတွင် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ တစ်နည်းအားဖြင့် အမျိုးသမီးများအတွက် သီးသန့်အထူးဥပဒေ ပြဋ္ဌာန်းထားနိုင်ခြင်း မရှိသေးသော်လည်း ဥပဒေထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကိုမူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲနေပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အမျိုးသမီးများအတွက် အားတက်ဖွယ်၊ ဝမ်းသာဖွယ် သတင်းကောင်းပင်ဖြစ်ပါသည်။

အမျိုးသမီးများအား အကာအကွယ်ပေးထားသည့် တည်ဆဲဥပဒေများထဲမှ တချို့ကို ဖော်ပြရမည်ဆိုလျှင်ဖြင့် ရာဇသတ်ကြီး (၁၈၆၀)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ (၁၈၉၈)၊ ကလေးသူငယ်ဥပဒေ (၁၉၉၃)၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ (၂၀၀၅)၊ အရေးပေါ်စောင့်ရှောက်ရေးနှင့် ကုသရေးဥပဒေ(၂၀၀၅) စသည်တို့ဖြစ်ပါသည်။ အမျိုးသမီးများကို အကြမ်းဖက်သည့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ် ချမှတ်ပေးခြင်းသည် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို အကာအကွယ်ပေးခြင်းလည်းဖြစ်ပါသည်။ သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ အမျိုးသမီးများအား အကာအကွယ် အပြည့်အဝပေးနိုင်သည့် သီးသန့်အထူးဥပဒေကား အမှန်ပင် လိုအပ်နေပါ၍ နိုင်ငံတော်ကအမြန်ဆုံး ထုတ်ပြန် ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဥပဒေဖြင့် ကာကွယ်ခြင်းသည်သာ အမှန်တကယ် အကျိုးရှိ ထိရောက်၍ ထိရောက်မှုသည်လည်း မြန်ဆန်မှုရှိခြင်းကြောင့်ဖြစ်ပါသည်။

### မြန်မာနိုင်ငံအတွင်းရှိအမျိုးသမီးအဖွဲ့အစည်းများ

မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးတို့အတွက် နိုင်ငံတော်တွင် အဓိကတာဝန်ရှိသလို အမျိုးသမီးများကိုယ်တိုင်နှင့် လူမှုအဖွဲ့အစည်းအားလုံးတွင် တာဝန်ရှိသည်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း လက်ရှိ အမျိုးသမီးအရေးဆောင်ရွက်နေကြသည့်ကော်မတီ၊ အဖွဲ့အစည်းများကို လေ့လာမိသရွေ့ ဖော်ပြရမည်ဆိုလျှင်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်ဘဝမြှင့်တင်ရေးအသင်း စသည့်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများစွာသည်လည်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်မခံရစေရေး၊ အမျိုးသမီးများဘဝ လုံခြုံရေး၊ ကျား/မ တန်းတူရည်တူ ရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများ ကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၆ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ (ယခု မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာ အမျိုးသမီးများအရေး ဦးတည်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းလိုက်သည့် ထိုနေ့ထူးနေ့မြတ် (ဇူလိုင် ၃) ရက်နေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့အဖြစ် သတ်မှတ်၍ နိုင်ငံတစ်ဝန်း အမျိုးသမီးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများကို နိုင်ငံတော်အဆင့်တွင်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများ

စာမျက်နှာ ၇ သို့

# ရှမ်းပြည်နယ် မိုင်းလားမြို့၌ ကျင်းပသည့် အထူးဒေသ-၄ နှစ် (၃၀) ပြည့် အထိမ်းအမှတ်ပွဲတော်သို့ အစိုးရကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ရှမ်းပြည်နယ် မိုင်းလားမြို့ ငြိမ်းချမ်းရေးရင်ပြင်၌ အထူးဒေသ-၄ နှစ်(၃၀)ပြည့် အထိမ်းအမှတ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အထိမ်းအမှတ်ပွဲတော်သို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်အဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုနှုတ်ဆက်**

ဈေးဦးစွာ အခမ်းအနားကျင်းပရာ ငြိမ်းချမ်းရေးရင်ပြင်သို့ ပရိသတ်များနေရာယူကြပြီး နံနက် ၆ နာရီခွဲတွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသန္တရအဖွဲ့များ၊ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် အလုပြယာဉ်များ ချီတက်၍ ဧည့်သည်တော်များကို ဂုဏ်ပြုနှုတ်ဆက်သည်။

ဆက်လက်၍ အလံတင်အခမ်းအနား ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရှမ်းပြည်နယ်အလံနှင့် အထူးဒေသ-၄ အလံတို့ကို အလံတင်အဖွဲ့က လွှင့်တင်၍ ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ပြီး တက်ရောက်လာကြသူများက အလေးပြုကြသည်။

**သဝဏ်လွှာများ ဖတ်ကြား**

ထို့နောက် အထူးဒေသ-၄ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အစိုးရကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ အထူးဒေသ-၄ မိုင်းလားတွင် ကျင်းပသော အထိမ်းအမှတ်ပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းတို့က ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြား မှတ်တမ်းတင်သည်။

**ငြိမ်းချမ်းရေးချီးငှက်များ လွှတ်ပေး**

ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်တော်များက ငြိမ်းချမ်းရေး အထိမ်းအမှတ်ချိုးငှက်များ လွှတ်ပေးကြပြီး အထူးဒေသ-၄ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဝင်များက ဧည့်သည်တော်များနှင့် ပရိသတ်များကို ကျေးဇူးတင်ဂါရဝပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထိမ်းအမှတ်ပွဲတော်ညပိုင်းတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ဆောင်ရွက်ခြင်း၊ ဇုန်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေး မြေပြင်ကွင်းဆင်းခြင်း၊ ပုဂံဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ၊ ဗိသုကာလက်ရာများ ကျန်ရှိမှု၊ အနုလက်ရာများ ကျန်ရှိမှု၊ ဘာသာရေး အလေ့အကျင့်များ ဆက်လက်တည်ရှိမှု၊ စစ်မှန်ပြီး ယုံကြည်ဖွယ်ရာ ပုဂံဒေသ၏ တန်ဖိုးများ၊ ရှင်သန်ဆဲ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုခြင်းနှင့် ဗိသုကာလက်ရာများနှင့် နံရံဆေးရေးပန်းချီများအား အသေးစိတ်မှတ်တမ်းပြုစုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲမူကြမ်း (Nomination Dossier-Draft) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် လည်းကောင်း၊ အဆိုပြုစာတွဲ အပြည့်အစုံ (Nomination Dossier-Complete) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် လည်းကောင်း ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ခဲ့ကာ ယူနက်စကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

**မြေပြင်ကွင်းဆင်းစစ်ဆေး**

အဆိုပါ တင်ပြခဲ့သော စာတွဲများနှင့် ပတ်သက်၍ နိုင်ငံတကာအဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites - ICOMOS) မှ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ပုဂံဒေသသို့ လာရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ လာရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပါက ကမ္ဘာလှည့်ခရီးသွားများ လာရောက်ကြည့်ရှုမှု ပိုမိုများပြားလာနိုင်ခြင်း၊ စစ်မှဲ့ဇုန်အဖြစ်ထားရှိခြင်းနှင့် ကမ္ဘာ့အရပ်ရပ်ရှိ ရှေးဟောင်းပညာရှင်များက လာရောက်ထိန်းသိမ်းပြုပြင်ပေးခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အထူးမျှော်လင့်နေကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် ကာကွယ်စောင့်ရှောက်မှု ကွန်ဗင်းရှင်းသို့ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် အဆိုပြုအမွေအနှစ်နေရာ ရှစ်ခု တင်သွင်းခဲ့ကြောင်း သိရသည်။

**ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်**

ကမ္ဘာ့အမွေအနှစ်ညီလာခံ အစည်းအဝေးကျင်းပရာတွင် ပထမနေ့ရက်၌ အထွေထွေဆွေးနွေးခြင်း၊ အန္တရာယ်စာရင်းတင်သွင်းခြင်း၊ ယခင်နှစ်များမှ အန္တရာယ်စာရင်း တင်သွင်းထားသော အမွေအနှစ်များအား အန္တရာယ်စာရင်းမှ ကင်းလွတ်သော အမွေအနှစ်များအတွက် အန္တရာယ်ကင်းစာရင်း ကြေညာခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်၊ ကမ္ဘာ့သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှုနှင့် သဘာဝအရောနှော အမွေအနှစ် စသည့် အမွေအနှစ် နေရာဌာနသစ်များ ဆုံးဖြတ်ရွေးချယ်ခြင်း၊ (၄၄)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်အစည်းအဝေးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များကို ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ကြမည်ဖြစ်သည်။

**ဆုံးဖြတ်ရွေးချယ်ကြမည်**

ဇူလိုင် ၅ ရက်မှ ၇ ရက်အတွင်း ကမ္ဘာ့အမွေအနှစ် နေရာသစ်များ ရွေးချယ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး အစီအစဉ်အရ မြန်မာနိုင်ငံအပါအဝင် အာဖရိက၊ အာရပ်နိုင်ငံများ၊ အာရှနှင့် ပစိဖိတ်ဒေသ၊ ဥရောပ၊ မြောက်အမေရိက၊ လက်တင်အမေရိက၊ တောင်အမေရိက စသည့်နိုင်ငံများမှ အမွေအနှစ်နေရာများကို ဆုံးဖြတ်ရွေးချယ်ကြမည် ဖြစ်ကြောင်း၊ ဇူလိုင် ၁၀ ရက်တွင် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်အစည်းအဝေး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**




**(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတက်ရောက်နေသည့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များကို တွေ့ရစဉ်။**
ဓာတ်ပုံ - အောင်အောင်ကျော်

---

# ကျောင်းပြင်ပ မူလတန်းပညာရေး ဇုန်နယ်အဆင့်နည်းပြသင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် "ကျောင်းပြင်ပ မူလတန်း ပညာရေး အစီအစဉ်" အတွက် ကျောင်းပြင်ပ မူလတန်းပညာရေး ရန်ကုန်ဇုန်အဆင့် နည်းပြသင်တန်းဆင်းပွဲကို ယမန်နေ့က ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းတာဝန်ခံ ဦးအောင်စိုးက သင်တန်း သုံးသပ်ချက်ကိုတင်ပြပြီး ဗဟိုအဆင့် သင်တန်းတာဝန်ရှိသူများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက သင်တန်းကာလအတွင်း စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနက ချီးမြှင့်သည့် ကျောင်းပြင်ပ မူလတန်းပညာရေး အောင်မြင်ခဲ့ပြီး အခြေခံပညာကျောင်းများတွင် တက်ရောက်၍ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆုချီးမြှင့်ငွေများကို ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာသန်းဦးက မင်္ဂလာဒုံမြို့နယ်မှ မသက်ငုံဖူးကို ချီးမြှင့်ပြီး **(အပေါ်ပုံ)** ကျန်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် ချီးမြှင့်ငွေများကို တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ဦးစိုးမြင့်ထံ လွှဲအပ်သည်။

ထို့နောက် သင်တန်းသားများကိုယ်စား ပြည်မြို့နယ်မှ ဒေါ်သီတာစန်းက သင်တန်းအတွေ့အကြုံနှင့် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်ညိုက ဂုဏ်ပြုစကားပြောကြားကာ သင်တန်းဆင်းပွဲကို သင်တန်းသား သင်တန်းသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းသည်။

အလားတူ ဇုန်နယ်သင်တန်းဆင်းပွဲများကို မွန်းလွဲပိုင်းတွင် မန္တလေးမြို့နှင့် မော်လမြိုင်မြို့များတွင် ကျင်းပခဲ့ပြီး ဇုန်နယ်သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၂၄၉ ဦး တက်ရောက်ကာ ကျောင်းပြင်ပ မူလတန်းပညာရေး အောင်မြင်ခဲ့ပြီးနောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ကြားတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြသည်ကို တွေ့မြင်ရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအား အလေးထားဂုဏ်ပြုဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် အမျိုးသမီးတစ်ဦးအနေဖြင့် များစွာကျေနပ်ဂုဏ်ယူရပါသည်။ နိုင်ငံတော်နှင့် အရပ်ဘက်အဖွဲ့အစည်းများစွာ၊ အစိုးရအဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်းများစွာတို့မှ အမျိုးသမီးများအရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်တိုင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများအား အမြစ်ဖြတ် ဖြေရှင်းနိုင်ရေး လိုအပ်ချက်များစွာ ကျန်ရှိနေသေးသည့်အတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်လည်း ဖြစ်ပါသည်။ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရာတွင်လည်း ဟန်ချက်ညီအတူတကွ အားလုံးကြိုးပမ်းဆောင်ရွက်ပါမှ အင်အားတစ်ခုဖြစ်လာမည် ဖြစ်ပြီး အောင်မြင်မှုရနိုင်မည်လည်း ဖြစ်ပါသည်။

**ကူညီစောင့်ရှောက်ကြပါစို့**

အမျိုးသမီးများ နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမခံရစေရေး အားလုံးတွင် တာဝန်ရှိ၍ အားလုံးနှင့်ဆိုင်သော ပြဿနာဖြစ်ပါသည်။ အားလုံးကူညီစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ ကိုင်တွယ်ဖြေရှင်း၍ရသည့် ပြဿနာမဟုတ် အားလုံးပူးပေါင်းပါဝင် ဖြေရှင်းရမည့် ပြဿနာဖြစ်ပါသည်။

သို့အတွက် အမျိုးသမီးများ အကြမ်းဖက်မှုမခံရစေရေး လူမှုအဖွဲ့အစည်းများမှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်းနှင့် အမျိုးသမီးများအတွက် ၎င်းတို့၏အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့်ကာကွယ်စောင့်ရှောက်မှုခံစားပိုင် ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုရပိုင်ခွင့်များအတွက် နိုင်ငံတော်အပါအဝင် အားလုံးတွင်တာဝန်ရှိ၍ စောင့်ရှောက်ပေးကြရမည်ဖြစ်ပါသည်။ အမျိုးသမီးများလုံခြုံမှုရှိစေရန်၊ အကြမ်းဖက်မခံရစေရန် ကျွန်မတို့၏ ခွန်အား၊ ကြိုးစားမှုများကို ယနေ့ကြိုးစားဆောင်ရွက်နေသည်ထက် နှစ်ဆတိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်နေပါသည်။ အမျိုးသမီးများကိုယ်၊ စိတ်ကျန်းမာလုံခြုံပါမှ ၎င်းတို့ နှင့်ဆက်စပ်နေသည့် မိသားစုမှသည် လူမှုအဖွဲ့အစည်း၊ လူမှုအဖွဲ့စည်းမှသည် နိုင်ငံတော်အထိ သာယာဝပြော ပျော်ရွှင်နေမည်ဖြစ်ပါသည်။

ကလေးများအတွက်၊ မိသားစုအတွက်၊ နိုင်ငံအတွက် အမျိုးသမီးများသည် အကြမ်းဖက်ခံရခြင်းမှကင်းဝေးရန်နှင့် တန်းတူညီမျှ အခွင့်အရေးအပြည့်အဝရရှိရန် လိုအပ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် ဘဝစာမျက်နှာ နယ်ပယ် အသီးသီးတွင် အမျိုးသမီးများသည် လိင်ကွဲပြားမှု အခြေပြု၍ ခွဲခြားဆက်ဆံခံရခြင်း၊ အကြမ်းဖက်ခံရခြင်းများမှ ကင်းဝေးကြရန်နှင့် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကိုလည်း အမျိုးသားများနည်းတူ ခံစားရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သည့် **"မြန်မာနိုင်ငံ အမျိုးသမီးများနေ့"** ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

---

# နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။ နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၅ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ယွန်းအိုးကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ယွန်းအိုးကျေးရွာနေ သန်းအောင်(၆၇)နှစ်၊ (ဘ)ဦးဖိုးဆင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ)၃၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်နေ အီတိုး(ခ)ဇော်ဝင်းထွဋ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်နေ အီတိုး(ခ)ဇော်ဝင်းထွဋ်(၂၇)နှစ်၊ (ဘ)ဦးရဲဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ဇီးကုန်းမြို့ အောင်သိဒ္ဓိရပ်ကွက်နေ ပြည့်ဖြိုးပိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့ အောင်သိဒ္ဓိရပ်ကွက်နေ ပြည့်ဖြိုးပိုင်(ခ)ပြည့်ဖြိုးကျော်(ခ) ပြည့်ကြီး(၂၆)နှစ်၊ (ဘ) ဦးကျော်မျိုးလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း)မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်အရှေ့ရွာကြီးနေ မောင်ဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်အရှေ့ရွာကြီးနေ မောင်ဌေး(ခ)ညိုဌေး(၅၂)နှစ်၊ (ဘ) ဦးအောင်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သပြေရေကျေးရွာနေ ငြိမ်းချမ်းအောင်(၃၁) နှစ်၊ (ဘ)ဦးအောင်မြင့်စိန်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပိတ်ချင်းမြောင်) မယ(ပ) ၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်၊ မင်းခေါင်လမ်းနေ ညီညီအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၁၉ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်၊ မင်းခေါင်လမ်းနေ ညီညီအောင်(၄၁)နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ)၅၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း အနီးပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၃-၆-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုမှ ကွင်းဆက်သတင်းအရ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ ဗမာသင်္ချိုင်းကုန်း (အဟောင်း)အတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ အမှတ်(၁)ရပ်ကွက်၊ ပြိန်းနင်းရပ်နေ စိုးမင်းထက်(ခ)သီဟ(၂၁)နှစ်၊ (ဘ) ဦးသိန်းစိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ) ၃၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၉-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၆၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၈၂)ဦး၊ မ(၁၆၆)ဦး၊ ပေါင်း(၁၀၄၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၃၉၈.၆၉၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၂၆.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၁၈၉)ပြား၊ ဆေးခြောက်(၈၃၀၉.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၈.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၀၂)ဂရမ်၊ ပျဉ်းမနားမြို့ ပန်းခင်း(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀)ပြား၊ သရက်ကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၁)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ သံတံတားကျေးရွာ အထွက်ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာတရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာအနီး ဒီးမော့ဆို-တောင်ငူသွား ကားလမ်းပေါ်၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တောင်ကြားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၉)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၌ တရားခံအမျိုးသား (၅)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်းစာရွက်(၁၀၀၀)ဂရမ်၊ Air Wave ယာဉ်(၁)စီး၊ Grandis ယာဉ်(၁)စီး၊ မြို့မ(၄)ရပ်ကွက်ရှိ ရော်ဘာခြံအတွင်း၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေးမြို့နယ်၊ မွေးမြူရေးဇုန်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၆)ပြား၊ အာယုတောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၅)ပြား၊ ICE (၄၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဦးရှည်ကျချောင်းဝအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ လှော်ခတ်သွားနေသည့် လက်ခတ်လှေ(၁)စင်းအား တွေ့ရှိသဖြင့် သတိပေးအချက်ပြခေါ်ယူသော်လည်း ဆက်လက်လှော်ခတ်ထွက်ပြေး၍ ဦးရှည်ကျချောင်းဝ တောင်ဘက် မြန်မာဘက်ကမ်းသို့ ကပ်၍ လူ(၂)ဦး ခုန်ဆင်းထွက်ပြေးသွားပြီး ကျန်ရှိခဲ့သည့် လှေပေါ်မှ စိတ်ကြွဆေးပြား(၁၁၇၂၀၀)ပြား၊ လက်ခတ်လှေ(၁)စင်း၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၁၄၄/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွိုင်လင်မြို့အထွက် လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ KIA Bongo-III ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ် ချက်အရ နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် Wish ယာဉ်(၁)စီး၊ ကွန်ဟိန်းမြို့ ကွန်ဟိန်းတံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဝမ်ပန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၆၃၉)ပြား၊ ကာလိမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၆၇)ပြား၊ မိုင်းရှူးမြို့ လွိုင်ဆောင်ထောက်ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၆၁)ပြား၊ ဘိန်းဖြူ(၁၀၁)ဂရမ်၊ ကုန်းမြင့်သာရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၃၀)ပြား၊ ဘိန်းဖြူ(၂၀၅)ဂရမ်၊ လားရှိုးမြို့နယ်၊ နောင်မွန်ဂေါ်ရခါးကျေးရွာအနီး၌ ဆိုင်ကယ်(၁)စီးအား စိစစ်ရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သည့် ပလတ်စတစ်ဘူးအတွင်းမှ စိတ်ကြွဆေးပြား(၁၇၀၀)ပြား၊ သိန္နီမြို့နယ်၊ ပန်လော့ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၅)ပြား၊ Mark-II ယာဉ်(၁)စီး၊ မန်ချက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၄၀)ပြား၊ ဘိန်းဖြူ(၁၄)ဂရမ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ Hino(၁၂)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးနှင့် အတူ Sulphuric Acid (၆၇၆၈)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ တာကော်အက် တံတားစစ်ဆေးရေးဂိတ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်း(၁၄၅၀၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ဝိန်းနားကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၈၇၅)ပြား၊ နမ့်ခမ်းမြို့ မန့်နားကုန်း(၁၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ ဘိန်းဖြူ(၁၄၅၂)ဂရမ်၊ နောင်ချိုမြို့နယ်၊ ဈေးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဟိုခိုကျေးရွာအနီး ဟိုခို-မိုးကုတ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စိမ်းလဲ့ကန်သာစိုက်ခြံအနီး လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ဘိန်းဖြူ(၃၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ မိုးမိတ်-မိုးကုတ်သွားကားလမ်း မိုင်တိုင် (၂၅/၃) ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၀၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၈၀)ပြား၊ ဘိန်းဖြူ(၁.၈)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ ပှေမီးကျေးရွာအနီးဝန်းကျင် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် မြေကြီးအတွင်းကျင်းတူး၍ မြှုပ်ဝှက်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၂၀၀၀)ပြား၊ ကဖင်း (၂၀၀၀၀၀)ဂရမ်၊ Ethyl Ether (၁၂၈)လီတာ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ အားဆော်ပေါ်မိုးကျေးရွာအနီးဝန်းကျင် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် လျှိုအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၄၀၀၀၀)ပြား၊ ကဖင်း(၆၈၀၀၀၀)ဂရမ်၊ ပူနားကို-အားဆော်ပေါ်မိုးကျေးရွာသွားလမ်း ဘေး တောင်စောင်း ချုံပုတ်အတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၇၁၄၀၀)ပြား၊ ကဖင်း (၆၆၅၀၀၀)ဂရမ်၊ ဘိုယားကျေးရွာ အနောက်ဘက် တောင်စောင်း၌ ဝှက်သိမ်းထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ မိုင်းတုံမြို့နယ်၊ အောင်လောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၇၅) ပြား၊ ဘိန်း(၃၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ချောင်းစောက်ကျေးရွာ၌ တရားခံ အမျိုးသား(၂)ဦး ထံမှ ဘိန်း(၁၇၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၇.၅)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရေရှင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၂၁၅)ပြား၊ အင်းတော်မြို့နယ်၊ ကွေ့ကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား (၁၁၀၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ နန့်ခင့်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ ဘိန်းဖြူ(၂၅.၅၁)ဂရမ်၊ နားမကျိုင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၄.၅)ဂရမ်၊ ခန္တီးမြို့နယ်၊ ချင်းတွင်းတံတားအနီး၌ သတင်းအရ တောင်ယာတဲအား ဝင်ရောက်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၁.၅)ဂရမ်၊ ဘိန်း(၄)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၃၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြစ်မရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၈)ပြား၊ ICE(၄)ဂရမ်၊ ကျွန်းစုမြို့နယ်၊ ရှော်တောမော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၂၉၀၀)ဂရမ်၊ ကံမော်ကျေးရွာအနီး ရေပြင်၌ သတင်းအရ စက်လှေ(၂)စင်းအား စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၇)ဦးထံမှ ဘိန်းစာမှုန့်(၆၆၀)ဂရမ်၊ လှေ(၂)စင်း၊ တဲသုံးဆောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂) ပြား၊ ICE(၈၂)ဂရမ်၊ ပုလောမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၁၀) ပြား၊ ICE (၀.၀၀၀၅)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ အလယ်မန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၈၁၆၅)ဂရမ်၊ ယခင် သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများသို့ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း သရက်ချောင်းမြို့နယ်၊ သရက်တောင်ကြီးကျေးရွာ အနောက်ဘက်ပင်လယ်ကမ်းစပ်သို့ မျောပါလာသည့် ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်အထုပ် (၁၇)ထုပ်အတွင်းမှ ICE(၁၀၆၀၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၉၁/၂)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ စမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆေးခြောက် (၁၁.၂၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်(မြောက်)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၃)ပြား၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌

*စာမျက်နှာ ၉ သို့*

# ကျွမ်းကျင်ပြီးစွမ်းရည်ပြည့်ဝသည့် သတင်းမီဒီယာသမားကောင်းများဖြစ်ပေါ်လာရေး သတင်းရေးသားခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဇူလိုင် ၁**

သတင်းရေးသားပေးပို့ခြင်းဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်ပြီး စွမ်းရည်ပြည့်ဝသော သတင်းမီဒီယာသမားကောင်းများ ပေါ်ထွန်းရေး ရည်ရွယ်လျက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်၏ ကြီးကြပ်မှုနှင့်အတူ ချင်းပြည်နယ်ရုံးက ကျင်းပသည့် သတင်းရေးသားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါး ခရိုင်ရုံး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာန၌ ကျင်းပရာ ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**မီဒီယာကျင့်ဝတ်နားလည်ဖို့**

"ဒီနေ့ မျက်မှောက်ခေတ်မှာ သတင်းအချက်အလက်နှင့် နည်းပညာများ အရှိန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နည်းပညာများလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး လူကြီး လူငယ် လူရွယ်အားလုံးတို့က မီဒီယာနှင့် အကျွမ်းတဝင် ရှိလာကြတာကို တွေ့ရပါမယ်။ သို့သော် လက်တွေ့အသုံးချတဲ့ အခါမှာ အမှန်တကယ် ကျွမ်းကျင်မှုရှိဖို့ မီဒီယာနဲ့ပတ်သက်တဲ့ အချက်အလက်ဆိုင်ရာတွေကို သိနားလည်ဖို့ မီဒီယာကျင့်ဝတ် အပါအဝင် လူမှုမီဒီယာကျင့်ဝတ်တွေကို နားလည်တတ်ကျွမ်းဖို့ အမှန်တကယ်လိုအပ်မှာဖြစ်ပါတယ်။ အခုလို သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော သတင်းမီဒီယာသမားကောင်းများ ဖြစ်လာမယ်၊ ပြည်သူ့အကျိုးပြုသတင်းတွေကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့စွမ်းဆောင်နိုင်မယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားသည်။



ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန် သတင်းရေးသားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ချင်းပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်ဆုမ်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ဆွေးနွေးပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်မှ ၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန(ရုံးချုပ်)မှ နည်းပြများနှင့် မြန်မာ့အလင်း သတင်းစာတိုက်မှ စာတည်း ဒေါ်ခင်ရတနာတို့က သတင်း ရေးသားခြင်း၊ သတင်းမှတ်တမ်းရိုက်ကူးခြင်းနှင့် လက်တွေ့ ဆောင်ရွက်ခြင်းတို့ကို ခြောက်ရက်ကြာ ဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

---

*စာမျက်နှာ ၈ မှ*

တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ Grandis ယာဉ်(၁)စီး၊ ကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ မိုးကုတ်မြို့ ပန်းမရဲကင်းရှေ့၌ စိစစ်နေစဉ် ဆိုင်ကယ်(၁)စီးသည် စိစစ်ရေးအဖွဲ့အနီးမရောက်မီ နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကင်းချောင်းရေတံခွန်အနီး၌ လူတိမ်းရှောင်သွားပြီး ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၆၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင်သစ်ဆိပ်အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း (၈၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ (၁၀/၃၃)ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၀)ပြား၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၈)ပြား၊ ဘိန်းဖြူ (၀.၂)ဂရမ်၊ ဆေးခြောက်(၀.၁)ဂရမ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဆေးခြောက်(၅၇)ဂရမ်၊ တာမွေမြို့နယ်၊ တာမွေကြီးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၃၀)ပြား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ ပုသိမ်-ရန်ကုန်သွားကားလမ်းမိုင်တိုင်(၇၂/၃-၄)ကြား၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၂၅၅)ဂရမ်၊ မြောင်းမြ အကျဉ်းထောင်သို့ ထောင်ဝင်စာလာရောက်တွေ့သူ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃၅)ဂရမ်၊ ICE(၆)ဂရမ်၊ လပွတ္တာမြို့ အမှတ်(၉) ရပ်ကွက်အနီး၌ သတင်းအရ စက်ဘီးစီးလာသူအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ စက်ဘီး(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၇) ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံ အမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၈) ပြား၊ Civic ယာဉ်(၁)စီး၊ Swift ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဟောင်ကောင်သို့ထွက်ခွာမည့် ခရီးစဉ်နှင့်လိုက်ပါမည့် ခရီးသည် တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၀၀၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇေကမ္ဘာအိမ်ရာဝန်း၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၁၀၀၀)ဂရမ်၊ Sunny ယာဉ်(၁)စီး၊ ထပ်မံကွင်းဆက်ဖော်ထုတ်ချက်အရ ဗဟန်းမြို့နယ်ရှိ Royal Platinum ဟိုတယ်ရှိအခန်းအား စိစစ်ရှာဖွေရာ တရားခံအမျိုးသမီး(၂)ဦးထံမှ ICE (၀.၄)ဂရမ်၊ Ketamine(၅)ဂရမ်၊ ကွင်းဆက်သတင်းအရ Platinum Square ဟိုတယ်ရှိ အခန်းအား ဝင်ရောက်စိစစ်ရှာဖွေရာ နီပေါနိုင်ငံသားတရားခံအမျိုးသား(၁)ဦးနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုနှင့် ပါဝင်ပတ်သက်သူ တရားခံအမျိုးသား(၁)ဦးတို့အားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၅)ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ဖားအောက်ကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၈)ပြား၊ ဆေးခြောက်(၃၂)ဂရမ်၊ HondaFit ယာဉ်(၁)စီး၊ ပွိုင့် ၂၂ သေနတ်(၁)လက်၊ တစ်လုံးထိုးလုပ်သေနတ်(၁)လက်၊ လေသေနတ်(၂)လက်၊ ၇.၆၂ ကျည်(၁၀) တောင့်၊ ၉ မမကျည်(၆)တောင့်၊ ပွိုင့် ၂၂ ကျည်(၉)တောင့်၊ ပွိုင့် ၄၅ ကျည်(၁၃)တောင့်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံ အမျိုးသား(၁)ဦးထံမှ ၁၂ ဗို့ ကျည်(၁၂၂)တောင့်၊ ပွိုင့် ၃၈ ကျည်(၁၅၉)တောင့်၊ ၉ မမ ကျည်(၅၀)တောင့်၊ ပွိုင့် ၂၂ ကျည်(၂၀၉) တောင့်၊ ပွိုင့် ၄၅ ကျည်(၂၃)တောင့်၊ ၇.၆၂ကျည်(၁၃၀)တောင့်၊ ၅.၅၆ ကျည်(၁၀)တောင့်၊ ၉ မမ ကျည်အိမ်(၂)ခု၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဆေခမ်းရပ်ကွက်၌ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ ICE(၂၇၅)ဂရမ်၊ ကဖင်း(၄၇၃)ဂရမ်၊ ၉ မမ ပစ္စတို(၇)လက်၊ ပွိုင့် ၃၈ ပစ္စတို(၁)လက်၊ ပွိုင့် ၄၅ သေနတ် (၁)လက်၊ M-22(Scope ပါ) သေနတ်(၂)လက်၊ ပွိုင့်၂၂ (Scope ပါ) သေနတ်(၂)လက်၊ HK-33 သေနတ်(၁)လက်၊ ၁၂ ဗို့ သေနတ်အတို(၁)လက်၊ ပွိုင့် ၄၅ ကျည်(၆၁)တောင့်၊ ပွိုင့် ၂၂ ကျည်(၄၇၂)တောင့်၊ ပွိုင့် ၃၈ ကျည်(၅၅)တောင့်၊ ၁၂ ဗို့ကျည် (၂၅)တောင့်၊ ၉ မမကျည်(၂၂၁)တောင့်၊ ၅.၅၆ ကျည်(၃၁)တောင့်၊ ၇.၆၂ ကျည်(၅၄၁)တောင့်၊ ကျည်အိမ် (၃၄)ခု၊ GPS (၁)လုံး၊ အသံဖမ်းစက်(၁)လုံး၊ လက်ကိုင်စကားပြောစက်(၃)လုံး၊ I-Com အထိုင်စက်(၂)လုံး၊ Hummer ယာဉ်(၁)စီး၊ Crown ယာဉ်(၁)စီး၊ ဆိုင်ကယ်(၂)စီး၊ ဆက်လက်ဖော်ထုတ်ချက်အရ မိုင်းလင်းကျေးရွာ၌ RPG (၁)လက်၊ ပွိုင့် ၂၂ သေနတ်(၁)လက်၊ ပွိုင့် ၂၂ ကျည်(၃၀)တောင့်၊ ၇.၆၂ကျည်(၁၀၀)တောင့်၊ ကျည်အိမ်(၁)ခု၊ M-16 ကျည်အိမ်(၁)ခု၊ ဘတ်ဟိုးယာဉ်(၄)စီး၊ ဆိုင်ကယ်(၁)စီး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ကွင်းဆက်သတင်းအရ ဝေ့လေလန်ကျေးရွာရှိ နေအိမ်အားဝင်ရောက်စိစစ်ရာ ပွိုင့် ၂၂ (Scope ပါ) သေနတ်(၁) လက်၊ ပွိုင့်၂၂ ကျည်(၅၄)တောင့်၊ ကျည်အိမ်(၁)ခု၊ အသံထိန်း ပြောင်းပါ Gas သေနတ်(၁)လက်၊ ငှင်းကျည်အိမ် (၁)ခု၊ မိုင်းဆတ်မြို့နယ်၊ အားဆော်ပေါ်မိုးကျေးရွာအနီး ဝန်းကျင်နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် လျှိုအနီး ချုံအတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၄၁၉၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃၁၆၀)ဂရမ်၊ ကဖင်း(၆၀၀၀၀) ဂရမ်၊ ၁၂ ဗို့ကျည်(၂၂)တောင့်၊ ၇.၆၂ကျည်(၈၅)တောင့်၊ M-22 ကျည်အိမ်(၃)ခု၊ နှစ်လုံးပြူးသေနတ်(၁)လက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀) ပြား၊ ဘိန်းဖြူ(၁၈)ဂရမ်၊ ဘိန်းစာမှုန့် (၉၉၀)ဂရမ်၊ ပစ္စတိုလုပ်သေနတ်(၁)လက်၊ ငှင်းကျည်အိမ်(၁)ခု၊ ပွိုင့် ၃၈ ကျည်(၁၃)တောင့်၊ မောတောင်မြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၉)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၀) ပြား၊ ICE(၅)ဂရမ်၊ ဘိန်းစာမှုန့်(၈၀၀)ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ခဲသီး(၁၅)လုံးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြား ဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၃-၆-၂၀၁၉ ရက်နေ့မှ ၂၉-၆-၂၀၁၉ ရက်နေ့အထိ)အတွင်း အမှုပေါင်း (၂၄၄)မှု၊ တရားခံကျား(၃၀၄)ဦး၊ မ(၅၁)ဦး၊ပေါင်း(၃၅၅)ဦး၊ စိတ်ကြွဆေးပြား(၉၅၁၈၃၄)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃၁၉၉.၇၅၅)ဂရမ်၊ ဘိန်းဖြူ(၅၅၀၅.၄၆၅)ဂရမ်၊ ICE (၁၂၈၂၄.၂၄)ဂရမ်၊ Ketamine(၅)ဂရမ်၊ ကဖင်း(၁၆၀၅၄၇၃)ဂရမ်၊ ဘိန်း(၂၃၉၃၃.၄၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၄၆.၄)ဂရမ်၊ ဘိန်းစာမှုန့်(၁၃၆၃၅)ဂရမ်၊ ဘိန်းစာရွက်(၁၀၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ ဆေးခြောက်(၁၂၈.၇၄) ဂရမ်၊ Sulphuric Acid(၆၇၆၈)လီတာ၊ Ethyl Ether (၁၂၈)လီတာ၊ သေနတ်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ (၂၄၅၁)တောင့်၊ ခဲသီး(၁၅)တောင့်၊ ကျည်အိမ်မျိုးစုံ(၄၄)ခု၊ မှန်ပြောင်း(၅)ခု၊ အသံထိန်းပြောင်း(၁)ခု၊ GPS (၁)ခု၊ အသံဖမ်းစက်(၁)ခု၊ လက်ကိုင်စကားပြော စက်(၃)လုံး၊ I-Com အထိုင်စက်(၂)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ် လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

---

## မှူခင်းကျဆင်းရေး အသိပညာပေး မြို့နယ်များ၌ ဆောင်ရွက်

**ဝမ်းတွင်း**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းမဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောခြင်းကို ဇွန် ၂၉ ရက်က ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာရှိ ရွာလယ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ရာ ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဝင်းက မှုခင်းမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ကြပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မှုခင်းအသိပညာပေးဟောပြောပွဲသို့ တမာကုန်းကျေးရွာသူ ကျေးရွာသား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ညောင်လှူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၃၀ ရက်က ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးမြသောင်းက ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။

ကျော်လှိုင်သင်း(နေပြည်တော်)

**ယင်းမာပင်**

သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ဗုဒ္ဓါရုံဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၂၉ ရက်က မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခြင်းကို ယင်းမာပင်နယ်မြေရဲစခန်းမှူး ရဲအုပ်လှလေးမောင်က ကျေးရွာသူ ကျေးရွာသားများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးများအန္တရာယ်အကြောင်းနှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၀၄၄**

## ရာသီတုပ်ကွေး H1N1 အသိပညာပေးဟောပြော

**ပုသိမ် ဇူလိုင် ၁**

ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရှော်ပြာကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများသည် ဇွန်လနောက်ဆုံးပတ်က ပုသိမ်မြို့နယ် ဥယျာဉ်ချောင်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ ဆရာမကြီး ဒေါ်ကေသီခိုင်နှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးဆောင် များနှင့် ကျောင်းသူကျောင်းသားများအား ရာသီတုပ်ကွေး H1N1 အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ မူလတန်းကျောင်းသည် နွေရာသီတွင် ရေခန်း၊ မိုးရာသီတွင် ခြင်ပေါများခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် မိဘ၊ ဆရာတို့က ရာသီတုပ်ကွေးကင်းဝေးစေရန် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ချစ်ခြင်းတရား၏ သင်္ကေတ

**သန်းမြင့်အောင်**

ကံ့ကော်ဝတ်ရည်စာအုပ်အိမ်၊ သည်နေရာကို လာချင်နေတာကြာပေါ့...

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏သား ကိုကျော်ဇင် (စာရေးဆရာ ဘုန်းတင့်ကျော်)နှင့် ဇနီးဝိုင်းဝိုင်းတို့၏ ရေကျော်လမ်းမပေါ်ရှိ ကံ့ကော်ဝတ်ရည်စာအုပ်တိုက်သည် ယခင်ကပန်းချီ မမွှေး၊ ရာသက်ပန်(တောင်ငူဆောင်)၊ မပွင့် (ကာတွန်းဆရာကြီးဦးဖေသိန်း၏သမီး)နှင့် ကျွန်မတို့၏ စားအိမ်သောက်အိမ်တင်မက တစ်ခါတစ်ရံညီအစ်မများအတူတကွ အိပ်စက်နေထိုင်ရာရိပ်မြုံကလေးတစ်ခုဖြစ်ခဲ့သည်။ စာပေညီအစ်မတွေတင်မက စာပေမောင်နှမများ၊ စာပေမိသားစုများဖြစ်ကြသော ဆရာကြီးမောင်လင်းယုန် (ရှမ်းပြည်)၊ ဆရာကြီးလင်းယုန်မောင်မောင်၊ ဒေါက်တာ ဇော်သန်း၊ ဆရာမောင်ညိုပြာ၊ ဆရာဇူးကျော် အပါအဝင် စာရေးဆရာ၊ ကဗျာဆရာများလည်း တရင်းတနှီးဝင်ထွက်နေကြသော နေရာဖြစ်သည်။ ကျွန်မအတွက်လည်း ကိုကျော်ဇင်နှင့် ဝိုင်းသည် မောင်နှမရင်းချာသဖွယ် ဖြစ်သည်။ ကိုကျော်ဇင်သည် အလွန်အေးဆေးသောအတွေးအခေါ်သမားဖြစ်၍ ဝိုင်းကတော့ အလွန်တရာ သွက်လက်ချက်ချာသော ကံ့ကော်ဝတ်ရည်စာပေ၏ပဲ့ကိုင်ရှင်လည်း ဖြစ်သည်။

ကာလတစ်ခုတွင် ထိုနှစ်ထပ်အိမ် အဟောင်းလေးအားတိုက်သစ်ကြီးဆောက်ရန် စီစဉ်ကြသည့်အတွက်ကြောင့် တစ်ကြောင်း၊ ကျွန်မတို့စာပေညီအစ်မတွေ တာဝန်ကိုယ်စီနှင့် နယ်ပယ်အသီးသီးကို ရောက်သွားကြရသည်ကြောင့် တစ်ကြောင်း အတွေ့အဆုံနည်းပြီး ဝေးကွာခဲ့ကြရပါသည်။ ယခုတော့ ၎င်းနေရာသည် ဆေးရောင်စုံတိုက်သစ်ကြီးဖြစ်လာရုံမက ကြီးပွားတိုးတက်ကာ စာရေးဆရာပေါင်းစုံတို့၏ စာအုပ်ပေါင်းများစွာကို ထုတ်ဝေဖြန့်ချိနေသော စာပေတိုက်ကြီးဖြစ်လာသည်နှင့်အညီ ကိုကျော်ဇင်နှင့် ဝိုင်းတို့မိသားစုက စာပေဝါသနာရှင်ကြီးငယ်များ စာအုပ်အစုံကို လာရောက်ဖတ်ရှုနိုင်ရန်နှင့် စာပေနှင့်ပတ်သက်သော ဝန်ဆောင်မှုတွေကိုဆောင်ရွက်နိုင်ရန်အတွက် မိသားစုနေထိုင်ရန် မစီစဉ်တော့ဘဲ "ကံ့ကော်ဝတ်ရည်စာအုပ်အိမ်" အဖြစ် ဖန်တီးလိုက်ကြသည်။

ပထမဦးဆုံး "ကံ့ကော်ဝတ်ရည်စာအုပ်အိမ်"ကို ဖွင့်ပွဲနေ့ထဲက စိတ်ကရောက်ပါလျက်နှင့် ကျွန်မလူကိုယ်တိုင်မလာဖြစ်ခဲ့ပါ။ နောင်တစ်ရက်ရက်တော့ ပြေးတက်လိုက်ဦးမည်ဟု အားခဲထားပေမယ့်လည်း တကယ်တမ်းမှာတော့ မရောက်ဖြစ်ခဲ့။ သည်လိုနှင့် နှစ်ပေါက်လာသည်အချိန် ယနေ့တော့ ဝိုင်းဝိုင်းက ဖုန်းဆက်၍ သုံးရက်တိုင်တိုင် အထူးအစီအစဉ်အဖြစ် အစားအသောက်ညှော်ခံမှုရော၊ စာပေအနုပညာလှုပ်ရှားမှုပါ ပြုလုပ်မည့်အကြောင်း Facebook messenger ကနေ ဖိတ်စာကလေးလှမ်းပို့သည်။ ဖိတ်စာကိုတွေ့ပြီး ကျွန်မဘယ်လိုမှ မနေနိုင်တော့ပါ။ ကံ့ကော်ဝတ်ရည်စာပေမှ ထုတ်ဝေဖြန့်ချိသော ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ်ကြီးနှင့် မဂ္ဂဇင်းဝတ္ထုရှည်စုစည်းမှုများကို ကျွန်မထံမှတစ်ဆင့် မှာယူထားသော နယ်မှစာပေသမားများအတွက်လည်း သွားရောက်သယ်ဆောင်ပေးရဦးမည်ဖြစ်၍ အချိန်ကိုမရရအောင်ဖယ်ကာ ကံ့ကော်ဝတ်ရည်စာအုပ်အိမ်သို့ ရောက်အောင်အပြေးအလွှားလာခဲ့ရသည်။

"ဟယ်...အစ်မကြီးလာတယ်တော့"

ကျွန်မကိုမြင်တော့ ဝိုင်းဝိုင်းက ဝမ်းသာအားရလှမ်းအော်လိုက်သည်။

ကျွန်မရောက်သည့်အချိန် ကံ့ကော်ဝတ်ရည်စာအုပ်အိမ်မှာ စာအုပ်ဝယ်သူများ၊ စာအုပ်လာဖတ်ကြသူများနှင့် လူတွေကျိတ်ကျိတ်တိုးစည်ကားနေသည်။

"အမလေးတွေ့ရခဲတဲ့ အစ်မကြီး တကယ်ရောက်လာတယ်တော့"

အစားအသောက် မြန်မာမုန့်တွေ၊ ကော်ဖီတွေ၊ ဘူဖေးစနစ်ဖြင့်ယူစားရန် တည်ခင်းထားသည်များကို လှည့်မကြည့်အားသေးဘဲ အောက်ထပ်မှလှမ်းမြင်နေရသော ဝိုင်းဝိုင်းတို့ လူစုတွေရှိရာ အပေါ်ထပ်ခိုးကလေးဆီသို့ ကျွန်မကျော်လွှား၍ တက်လာခဲ့သည်။

"အစ်မကြီးက ပုံပြောပေါင်းများနေလို့ ဝိုင်းကဒီတစ်ခါလည်း တကယ်မလာလောက်ဘူးထင်နေတာ"

"တကယ်လာရတာပေါ့အေ၊ ဝတ္တုရားကပျက်နေတာကြာပြီလေ၊ ပြီးတော့နယ်ကမှာထားတဲ့ ကျုပ်စာအုပ်တွေလည်း ဝယ်ပေးရဦးမယ်၊ နောက်ပြီး ကံ့ကော်ဝတ်ရည်တိုက်ထွက်စာအုပ်တွေလည်း ဖတ်ချင်တာယူရဦးမှာ။ ငါ့နှယ်စာအုပ်အိမ်ကိုလာမယ်လာမယ်နဲ့ ရေကျော်လမ်းက ဖြတ်သွားတိုင်း မော့မော့ကြည့်ရတာ တစ်နှစ်လောက်ကြာမှပဲ ရောက်တော့တယ်"

"ဘယ်ကလာ တစ်နှစ်ဟုတ်ရမှာလဲ၊ အစ်မကြီးရဲ့စာအုပ်အိမ်ဖွင့်တာ နှစ်နှစ်ရှိပြီ"

"ဟောတော့ စိတ်ထဲမှာ ခဏလေးလိုပဲ၊ ကိုယ်ကပဲ မအားလို့လားမသိ၊ ဒါဆိုရင်တော့ ငါလိုချင်တဲ့စာအုပ်တွေ များကုန်တော့မှာပဲ"



စာရေးဆရာမကြီး ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

"အမလေး...ယူစမ်းပါ အစ်မကြီး ဖတ်ချင်တာ၊ ကြိုက်တာတွေ၊ ကြိုက်သလောက်ယူသွား"

တစ်ခါတလေမှ လာတာမို့ကြိုက်တာတွေ ကြိုက်သလောက်အလကား အခမဲ့ယူရတာအားနာလှပါသည်။ ထို့ကြောင့် ကိုယ့်လောဘ ကိုယ်သတ်၍.....

တက္ကသိုလ်ဘုန်းနိုင်၊ ခင်မျိုးချစ်၊ ခင်နှင်းယု၊ မောင်ခင်မင် (ဓနုဖြူ)၊ မင်းလူ၊ သရဝဏ် (ပြည်)၊ သော်တာအေးလွဲ၊ ဒေါက်တာထွန်းဝင်း၊ ကြည်အေး၊ ဇဝန၊ အရှင်ပဏ္ဍိတတို့အပါအဝင် ကောင်းနိုးရာရာ စာအုပ်လေးများကိုသာ အားနာပါးနာနှင့် မေတ္တာလက်ဆောင် အားပေးလာခဲ့ပါသည်။ စာအုပ်တွေအားရပါးရရွေးပြီးတော့မှ ဝိုင်းဝိုင်းတို့စားပွဲတွင် သွားထိုင်လိုက်ပါသည်။

"အစ်မကြီး ဘာစားမလဲ၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်၊ ဗမာထမင်းဟင်းပြီးရင် အချိုတည်းဖို့ မြန်မာမုန့်မျိုးစုံနဲ့ ကော်ဖီရှိတယ် ဘာစားချင်သလဲ"

သူပြောမှ ကိုယ့်ဗိုက်ကိုယ်အတော်ဆာနေမှန်း သတိပြုမိလာသည်။

"ထမင်းပဲစားမယ်၊ ဗမာထမင်းဟင်းနော်၊ ငါးပိရော ရှိရဲ့လား"

"အမလေး သိတယ်၊ အစ်မကြီးစားရင် ငါးပိမပါလို့ ဘယ်ဖြစ်မလဲ၊ ငါးပိရည်ဖျော်ကလည်း ကောင်းမှကောင်း၊ ငွေသီးငါးပိချက်လည်းရှိတယ်၊ ငါးပိထောင်းလည်း ရှိတယ်၊ တို့စရာအစုံနဲ့ ဘာစားမလဲပြော"

"အားလုံးစားမယ် အားလုံးယူခဲ့"

"ဟေ့ အစ်မကြီးဖို့ ထမင်းယူခဲ့ပါဟေ့၊ ဟင်းတွေအစုံနည်းနည်းစီထည့်ခဲ့။ ငါးပိရည်၊ ငါးပိချက်၊ ငါးပိထောင်း အကုန်ယူခဲ့။ မုန့်လာဥပိုးတီသုတ်နဲ့တို့စရာအစုံလည်းယူခဲ့..."

"ကြားရတာနဲ့တင် သွားရေယိုလာပြီ၊ တကယ်စားတော့လည်း ကောင်းမှကောင်း၊ မုန့်လာဥပိုးတီသုပ်ကလေးကလည်း ထုတ်ထုတ် ... ထုတ်ထုတ်နဲ့ အရသာရှိပါဘိ"

စားလို့အရှိန်လေးမှရစပြုနေတုန်း

"အစ်မကြီး"

ဘေးကခေါ်သည့်ဝိုင်းကို လှည့်အားလှည့်မထူးအား။

"အစ်မကြီး"

"ဒီမှာ အစ်မကြီး"

ပါးစပ်က မထူးအား၊ မျက်လုံးနဲ့ပဲစောင်းကြည့်ပြီး မျက်ခုံးပင့်ပြလိုက်သည်။

"ဘာလဲ" ဆိုသည့်အဓိပ္ပာယ်။

"ဝိုင်းပြောစရာရှိလို့ ဟိုတစ်ခါလိုတော့ မလုပ်နဲ့နော်"

ဝိုင်းမ ဘာဂျီ ကျဦးမည်မသိ။

"အစ်မကြီးကို ပြောချင်တာကတော့ ညီအစ်မတွေ အားလုံးပဲ၊ ဒါပေမယ့်မတွေ့ကြတာရော ခဏလေးတွေ့တဲ့အချိန် မပြောရဲကြတာရောပဲ"

"ဝိုင်းကတော့ ပြောစရာရှိတာပြောရမှာပဲ၊ အထူးသဖြင့် အခုလို အချိန်မှာမှမပြောရင် အစ်မကြီးကို ပြောရမယ့်အချိန်မရှိတော့ဘူး"

ဆရာကြီးလေသံနဲ့ စပြီဆိုကတည်းက ဘာတွေဆက်လာဦးမလဲ နားစွင့်ရင်း ထမင်းတောင်နင်တင်တင်ဖြစ်လာမိသည်။

"အစ်မကြီးအလုပ်များတာလည်း များတာပေါ့"

"စာမရေးဖြစ်တာ ဘယ်လောက်တောင်ကြာနေပြီလဲ"

"စာတော့ရေးပေါ၊ ကိုယ့်ကိုယ်ကိုယ်စာရေးဆရာမဆိုတာလည်း မမေ့ပါနဲ့"

အံမယ်သူကများ....

"တစ်နေ့ကို တစ်မျက်နှာရရ နှစ်မျက်နှာရရပေါ့"

"သန်းမြင့်အောင်ဝတ္ထုတွေကို အားပေးနေတဲ့ အစ်မကြီးစာဖတ်ပရိသတ်ရှိတယ်လေ"

"ဝိုင်းတို့လည်း အဟောင်းတွေပြန်ပြန်ထုတ်နေရတာမျက်နှာပူလှပြီ"

သူတို့ကို ဘယ်သူက ရိုက်ပြီးထုတ်ခိုင်းနေတာကျလို့...

"ဝတ္ထုရှည်မရေးဖြစ်တောင် ဝတ္ထုတိုလေးတွေတော့ရေးပါ"

"အစ်မကြီး ရေးမယ်ဆို ရေးစရာတွေမှ အများကြီး"

"တစ်နေ့တစ်မျက်နှာ နှစ်မျက်နှာလောက်ပဲရေး"

"ဝိုင်းပြောသလို အေးအေးဆေးဆေးပဲ ရေးစမ်းပါဦးတစ်လကို ဝတ္ထုတိုနှစ်ပုဒ်လောက်တော့ ရမှာသေချာတယ်"

"ရေးရင်းနဲ့ စိတ်ပါလာရင် မဂ္ဂဇင်းဝတ္ထုရှည်တောင် ဖြစ်သွားဦးမယ်"

"သည့်ထက်စိတ်ပါလာရင် လုံးချင်းဝတ္ထုတောင်ဖြစ်ချင်ဖြစ်သွားဦးမယ်"

"ဟာ...သိပြီ သိပြီ ဒီလိုလုပ်ပါလားအစ်မကြီး"

"ရုံးက ပြန်လာတိုင်း ဒီစာအုပ်အိမ်ကို တက်လာခဲ့ပါလားလမ်းလည်း သင့်နေတာပဲ"

"အနည်းဆုံး ဒီမှာ ၂ နာရီလောက် နားနားနေနေ နေပြီး ဘယ်နှစ်မျက်နှာလောက်လေးရရ ရေးပြီးမှ ပြန်လေ"

"ရေးရင်းနဲ့ အရှိန်လွန်သွားတော့လည်း မိုးချုပ်ချင်ချုပ်၊ အိပ်ချင် အိပ်လည်းအိပ်လိုက်ပေါ့"

"အဲဒီလိုဆိုရင် ဝိုင်းက အစ်မကြီးဘေးမှာ ရေပူရေချမ်းကမ်းလှမ်းဖို့ ထိုင်စောင့်နေမယ်၊ ထမင်းချိန် ထမင်း၊ ကော်ဖီချိန်ကော်ဖီ၊ နော်အစ်မကြီးလာမယ်မဟုတ်လား၊ ပြောပါဦး ဘယ်နေ့လာမှာလဲ၊ ဝိုင်းအဆင်သင့်လုပ်ထားမယ်"၊ "နော်...လို့ အစ်မကြီး"

ပါးစပ်ကတင်မဟုတ်တော့ လက်ကလည်းပါလာပြီ။ လက်မောင်းကို ကိုင်၍ကိုင်၍ လှုပ်နေတော့ ထမင်းလုတ်က ပါးစပ်နဲ့ ချော်ချော်ထွက်လာသည်မို့ ဝိုင်းဝိုင်းကို သည်းမခံနိုင်တော့သည့် ဟန်ဆောင်ပြီး ပြန်ပြောရတော့သည်။

"တော်စမ်းပါအေ၊ ငါလည်းထမင်းဝပြီး သွားတော့မယ်။ ကလေးတစ်ယောက်ကို စာအုပ်တွေအောက်လိုက်ပို့ခိုင်းပေး။ နောက်ကို ညည်းတို့ထမင်းကျွေးရင် သတိထားရတော့မယ်။ စာအုပ်တွေ လိုချင်လွန်းလို့သာ လာရတယ်၊ လူအရိပ်အကဲကို နားမလည်တဲ့ သူဆီမှလာမိရဲ့သား ဖြစ်နေတယ်၊ ငါ့မှာ ဘယ်လောက် အလုပ်တွေရှုပ်နေ၊ ဘယ်လောက်စိတ်ဖိစီးမှုတွေရှိနေမှန်းမသိဘူး၊ ပြောချင်ရာ ဇွတ်ပြောနေတော့တာပဲ၊ နောက်တစ်ခါ ပြောရဲပြောကြည့် ငါနဲ့တွေ့မယ်"

ကံ့ကော်ဝတ်ရည်စာအုပ်အိမ်မှာရောက်နေကြသူများက သူ့အာရုံနဲ့သူမို့သာ တော်တော့သည်။ ဒါတောင်ကျွန်မတို့နှင့်အတူ ထိုင်နေသည့် စာရေးဆရာကျော်စွာ(ဆေး-၁)နှင့် စာပေဝါသနာရှင် ဦးကျော်ကျော်လွင်တို့က ခုမှဆုံဖူးသည့် ကျွန်မနှင့်ဝိုင်းတို့၏ဆက်ဆံရေးကို ကြည့်ကာသဘောပဲကျနေသလား၊ အားပဲနာနေသလားမသိ၊ စာအုပ်အိမ်သို့ ခုမှရောက်လာပြီး ကျွန်မကိုဝမ်းသာအားရနှုတ်ဆက်သည့် ဆရာဖျာပုံနီလုံဦးတို့အဖွဲ့ရောက်လာသဖြင့် ကျွန်မစကားဖြတ်လိုက်ရသည်။ ဒါကိုပင်အခွင့်ကောင်းယူ၍ မရွှေဝိုင်းက

"အဲဒီလိုပြောရင် အဲဒီလိုဖြစ်မယ်လို့ထင်သားပဲ၊ အစ်မကြီးဟာလေ အငယ်တွေဆို အမြဲနိုင်တယ်။ အစ်မကြီးက အန်တီဝင်းလို လူမျိုးနဲ့မှ ကိုက်တယ်၊ အန်တီဝင်းအိမ်မှာ စာဘယ်လိုရေးခဲ့ရသလဲ သတိရပါနော်။ အန်တီဝင်းက အခုမပြောနိုင်တော့လို့ ဝိုင်းတို့က ပြောနေရတာ"

တော်သေးတာပေါ့၊ အန်တီဝင်းက မဆုံးမနိုင်တော့လို့ ဝိုင်းတို့က ဆုံးမနေရတာလို့မပြောလို့....

× × × × × × ×

"အစ်မကြီးက အန်တီဝင်းလို လူမျိုးနဲ့မှ ကိုက်တယ်"

ဆိုတဲ့ ဝိုင်းရဲ့စကားက ကျွန်မကိုအရှိုက်ထိသွားစေပါသည်။ အိမ်ပြန်ရင်းက ကားပေါ်မှာ ရောဂါဖိစီးမှုဒဏ်ကြောင့် စိတ်သွားတိုင်း ကိုယ်မပါတော့ရှာသော မမဝင်း (ဆရာမကြီးဒေါ်ကလျာ)ကို သွားသတိရလိုက်သည်။ မမဝင်းဆီမရောက်တာ ကြာပြီ။ မျှော်နေရှာပေရော့မည်။

လွန်ခဲ့သော ဆယ်စုနှစ်မတိုင်မီက ဖြစ်ပါသည်။ ကလျာမဂ္ဂဇင်းတိုက်သည် ကျွန်မတို့စာပေညီအစ်မများ၊ မောင်နှမများ၏ ဆုံရပ်ဖြစ်သည်။ အကြောင်းမရှိ အကြောင်းရှာကာ ပွဲအမျိုးမျိုးလုပ်၊ မွေးနေ့တွေအလီလီကျင်းပ၊ သီချင်းတွေဆိုကြ၊ တီးကြနှင့် ကလျာမဂ္ဂဇင်းဝိုင်းတော်သားတွေထဲမှာ အလွန်ကြောက်ရသော ကလျာ(ဝိဇ္ဇာ/သိပ္ပံ) ဖြစ်ပါသည်။

သဘောကောင်းသလောက် ဩဇာလည်းညောင်းလှပါသည်။ သူ့စိတ်နဲ့မတွေ့လျှင် မျက်နှာကြောကြီးတင်းပြီး အသံကျယ်ကျယ်နှင့်

"အောင်နိုင်...အောင်ဇော်"

လို့ ဟိန်းနေအောင် အော်လိုက်လျှင် သူ့သားနှစ်ယောက်တင်မက ကျွန်မတို့ပါ ကျောချမ်းရလေသော မမဝင်းပါ။ မိန်းမရှ၍ ကလေးတွေနှင့်ဖြစ်နေကြသော ကိုအောင်နိုင်နှင့် ကိုအောင်ဇော်တို့ ညီအစ်ကိုတို့မှာ အမေအော်လိုက်လျှင် မျက်နှာလေးတွေငယ်ပြီး ကုပ်ကုပ်ကလေးဖြစ်သွားကြသည့် သူတို့အကြောင်းတရားက ကျွန်မတို့ဆီပါ လာကူးစက်နေသလိုခံစားရသည်။

ကျွန်မတို့ စာပေညီအစ်မတွေအားလုံး မမဝင်းကိုကြောက်သလို ချစ်လည်း အလွန်ချစ်ကြပါသည်။ မမခင်သန်းဌေး (ခင်တိုင်းရင်းမေ)မှအစ ကျွန်မတို့၊ ဂျူးတို့၊ မိချမ်းဝေတို့အလယ်၊ မဦးတို့၊ ရာသက်ပန်တို့အဆုံး မမဝင်းကို ချစ်ကြောက်ရိုသေပြီး သူ့စီမံခန့်ခွဲမှုကို နာခံကြသလို မမစု(ခင်နှင်းယု)၊ မမဦး (ခင်ဆွေဦး)တို့ကိုလည်း မမဝင်းက ထိပ်ပေါ်တင်ပြီး ရိုရိုသေသေနှင့် အစ်မကြီး များ၏ဝေယျာဝစ္စ အားလုံးလိုလိုကို တာဝန်ယူစီစဉ်ပေးသည်။ စာပေညီအစ်မတွေ မောင်နှမတွေကများသမို့ ဘာအထိမ်းအမှတ်ဖြစ်ဖြစ် ကလျာတိုက်တွင် သူကသာ အကုန်အကျခံပြီး တာဝန်ယူသည်။ ခရီးတွေထွက်လျှင်လည်း စရိတ်စကမှအစ အစစအရာရာ သူသာတာဝန်ယူသည်။ နှစ်စဉ်နိုဝင်ဘာလ ၂၉ ရက်နေ့ရောက်တိုင်း အမေလူထုဒေါ်အမာပွဲသို့ မမစု၊ မမဦး၊ မမဝင်းနှင့်အတူ ကျွန်မနှင့် မိချမ်းဝေတို့လိုက်ပါနေကြမြဲဖြစ်သည်။ ထိုစဉ်က ကလျာတိုက်သည် စည်စည်ကားကားနှင့် အလွန်ပျော်စရာ ကောင်းပါသည်။

တစ်နေ့ ကျွန်မ သုဝဏ္ဏ ကျွန်းရွှေမြိုင်လမ်းရှိ ကလျာတိုက်ကိုရောက်တော့ ခါတိုင်းဝင်နေကျအိမ်ရှေ့ပေါက်ဝတွင် ကားတစ်စီးရပ်ထား၍ ဧည့်သည်ရောက်နေသည်ဟုထင်ပြီး အိမ်ဘေးပေါက်ကလျာမဂ္ဂဇင်းတိုက်ဘက်က လှည့်ဝင်လာခဲ့သည်။ ကျွန်မဖြတ်သွားသည်ကို အိမ်ရှေ့သံဆန်ခါကြားမှ လှမ်းမြင်လိုက်ဟန်တူသော အလွန်မျက်စိရှင်သည့် မမဝင်းက-

"သန်းမြင့်အောင်ရေ၊ အိမ်ရှေ့ကို ခဏလာပါဦးပြစရာရှိလို့"

ဟုလှမ်းခေါ်သဖြင့် ကျွန်မဧည့်ခန်းထဲသို့ရောက်သွားသည်။

"လာ လာ ညီမကိုပြမလို့"

ဟု လက်ဆွဲခေါ်ကာ အိမ်ရှေ့မှာရပ်ထားသော ကားဆီသို့ ခေါ်ထုတ်လာသည်။ ဧည့်သည်ရောက်နေခြင်း မဟုတ်ဘဲ ဧည့်ခန်းမှာ သူတို့သားအမိသုံးယောက် စကားပြောနေကြခြင်းဖြစ်ကြောင်း ခုမှ ကျွန်မသိလိုက်ရသည်။

"ဒီမှာ ကြည့်စမ်း၊ ဒီကားလေးမလှဘူးလား"

"လှတယ် မမဝင်း အဖြူလို့ထင်ရပေမယ့် နို့နှစ်ရောင်ကလေးနော်။ ပြီးတော့ ကြွေရောင်ကလေးကိုတောက်နေတာပဲ၊ အသစ်လေးနဲ့တူတယ်နော်"

"ဟုတ်တယ် အဲဒါ မမဝင်း ဒီမနက်ပဲဝယ်လိုက်တာ၊ မမဝင်း လုံးချင်းဝတ္ထုအသစ်တွေရေးပြီး ရတဲ့စာမူခနဲ့ ဝယ်လိုက်တာသိလား၊ ညီမလေးအားမကျဘူးလား"

သိပြီ..သိလိုက်ပါပြီ ဒါပြီးရင် ဘာလာတော့မလဲဆိုတာကို...

"စာရေးဆရာဆိုတာ စာကိုအမြဲရေးနေရတယ်၊ လူမှုရေးလုပ်တာလည်း လုပ်ပေါ့၊ အဲဒီအတွေ့အကြုံထဲကပဲဖြစ်ဖြစ်၊ တခြားစိတ်ကူးစိတ်သန်းနဲ့ ဇာတ်လမ်းဇာတ်ကွက် ဆင်ပြီးတော့ပဲဖြစ်ဖြစ် လုံးချင်းဝတ္ထုရေးစမ်းပါ ညီမလေးရယ်၊ မမဝင်းစာအုပ်တွေ ဆက်တိုက်ဆက်တိုက်ထွက်နေတာ ဘာလို့လဲသိလား၊ စာတွေအမြဲရေးနေတော့ မရေးရရင်မနေနိုင်တော့ဘူး။ ပိုက်ဆံကလည်း လုံးချင်းဝတ္ထုတွေ ဆက်တိုက်ရေးမှ များများရတာ၊ ကိုယ့်လုံးချင်းတွေကို စာဖတ်ပရိသတ်က စောင့်ဖတ်ရပြီ၊ အလုအယက်ဖတ်ကြပြီဆိုရင် အဲဒီစာရေးဆရာ လက်ဖျားငွေသီးပြီ သာမှတ်"

"အခု ဒီကားလေးကို ကြည့်လိုက်စမ်း၊ ထုတ်ဝေသူဆီကရတဲ့ပိုက်ဆံတွေနဲ့ ဝယ်လိုက်တာ၊ ညီမလေး အားမကျဘူးလား။ ဒီကားမျိုးမစီးချင်ဘူးလား"

ကားသစ်ကလေးကိုကြည့်ပြီး မမဝင်း ကျေနပ်ပီတိ ဖြစ်နေပုံက သိသာလှသည်။

"ညီမလေး အားမကျဘူးလား"

"ဟင့်အင်း အားမကျပါဘူး၊ စီးလည်း မစီးချင်ပါဘူး"

"ဟင်..ဘာဖြစ်လို့"

"တစ်နေ့ တစ်နေ့ ကျွန်မစီးနေတဲ့ကားတွေက နည်းနည်းနောနောမဟုတ်ဘူး၊ တစ်နေရာနဲ့ တစ်နေရာသွားလိုက်ပြန်လိုက်နဲ့ စီးရတဲ့ကားက မထပ်ဘူး။ ဒီလိုကားတစ်စီးတည်းနဲ့ နေ့တိုင်းစီးနေရရင် ပျင်းစရာကြီး..ပြီးတော့..."

"သန်း..မြင့်..အောင်"

ကျွန်မစကားမဆုံးခင် မမဝင်း၏ ဟိန်းနေအောင် အော်ထည့်လိုက်သော အသံကြီးကြောင့် ကျွန်မတင်မဟုတ် ကိုအောင်ဇော်နှင့် ကိုအောင်နိုင်ပါ တုန်တက်သွားသည်။

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

"နင့်ကို ငါအကောင်းပြောနေတာ၊ ထီးဖြူဖိနပ်ပါး ဘတ်စကားပေါ်မှာ ဖိုးရိုးဖားရားနဲ့လျှာထွက်အောင် ပြေးလွှားနေတာကို မကြည့်ရက်လို့ပြောနေရတာဟဲ့၊ မမစုနဲ့ရော မမဦးနဲ့ပါ တိုင်ပင်ပြီးပြီ၊ လက်ကလေး ရှိပါရက်နဲ့ စာကောင်းကောင်းမရေးလို့ မန္တလေးက ဒေါ်ဒေါ်မာ (လူထုဒေါ်အမာ)နဲ့ ဆရာပါ (ဆရာကြီး ပါရဂူ) ကပါ၊ နင့်ကိုတွေ့တိုင်းစာရေးခိုင်းနေတာ၊ နင်လူကြီးတွေကို ပမာမခန့်လုပ်နေတာလား။

အားပါးပါး အလုံးကြီးနဲ့ထုနေပါပြီ...

"ခုတော့မရတော့ဘူး။ နင့်ကို ပုံစံပေးမှရတော့မယ် တစ်ပတ်အတွင်းလုံးချင်းဝတ္ထုရေးဖို့ စဉ်းစားထား၊ လုပ်စရာရှိတာတွေ ပြတ်အောင်ဖြတ်ခဲ့၊ နောက်တစ်ပတ်ကလျာတိုက်မှာ စာရေးရမယ်၊ စာတစ်အုပ်မပြီးမချင်းမပြန်ရဘူး ဒါပဲ"

ဟင်း..သေလိုက်ပါတော့.. ဒါတစ်ချက်လွှတ်အမိန့်ပဲ့ အယူခံဝင်လို့မရမှန်း သိလိုက်၍ အပင်ပန်းခံပြီး ပြန်ပြောမနေတော့ပါ။

ဒီလိုနဲ့ နောက်တစ်ပတ်အကြာမှာ ကလျာတိုက်ကို ကျွန်မ အထုပ်ကလေးပိုက်ပြီး ရောက်လာရပါတော့သည်။ စာတစ်အုပ်ပြီးမှ ပြန်ရမည်ဆိုသဖြင့် ရေးစရာလုံးချင်းဝတ္ထုကို မှတ်စုလေးတွေ တေးပြီး အဆင်သင့်လုပ်လာရသည်။ ဒေါ်ကလျာကပြောရင် ပြောတဲ့အတိုင်း လုပ်မည့်ပုံမို့ သူ့ကိုတော့ စာပေညီမတွေ၊ တူမတွေကကြောက်လုပ်ပါသည်။

× × × × × × ×

ကျွန်မရောက်သည့်နေ့က ချက်ချင်းပြန်ထွက်ပြေးမှာစိုး၍လားမသိ၊ မမဝင်းမျက်နှာက ချိုမြနေသည်..

"ညီမလေးလာပြီ.. ဟဲ့အနှင်းတို့၊ သူဇာတို့၊ နင့်အန်တီ လက်ထဲကအထုပ်တွေယူ၊ အပေါ်မှာ သူ့အတွက်ပြင်ထားတဲ့ အခန်းမှာ သွားထားပေးလိုက်ကြ"

"ညီမလေး စာရေးဖို့ အပေါ်ထပ်မှာ စီစဉ်ထားတယ်၊ စာကို ရေးချင်တဲ့အချိန်မှာရေး၊ နေ့ပဲရေးရေး ညပဲရေးရေး၊ ညောင်းလာရင် ဒါမှမဟုတ် တွေးချင်ရင် အိပ်ရာထဲမှ ခွေပြီးကျောဆန့်ပြီး၊ ကြိုက်သလိုတွေး။ အိပ်ပျော်သွားရင်လည်း အိပ်လိုက်၊ နိုးမှထရေး၊ စာရေးဆရာဆိုတာ အဲဒီဇာတ်ထဲမှာ၊ မျှောပြီး စျာန်ဝင်စားနေလိုက်ရင် သိပ်ရေးလို့ကောင်းတာ၊ ပြီးရင်ပြန်ဖတ်၊ လိုတိုးပိုလျှော့လုပ်၊ အချောသပ်စာတစ်အုပ်လုံးပြီးမှပြန်၊ စိတ်ကြိုက်စာမူရပြီဆို ပြုံးလက်ကိုသာအပ်လိုက်၊ ပြုံးစာပေက ညီမလုံးချင်းကို ထုတ်မှာ။

"အိမ်က သန်းသန်းဌေးတို့၊ အနှင်းတို့၊ သူဇာတို့က မနက် အိပ်ရာထချိန်မှာ မနက်စာကို ဗန်းနဲ့ ညီမအခန်းကို အရောက် ပို့ပေးလိမ့်မယ်၊ နေ့လယ်နဲ့ ညစာလည်း ဒီလိုပဲအခန်းထဲအရောက် ပို့ပေးမယ်။

"သမီးတို့ကလည်း နင့်အန်တီအချိန်မရွေး စားဖို့၊ သောက်ဖို့ ကော်ဖီ၊ မုန့်၊ ရေနွေးအဖြူရော၊ ရေနွေးကြမ်းရော ဓာတ်ဘူးတွေနဲ့ထည့်ပြီး အခန်းထောင့်က စားပွဲပေါ်မှာ အဆင်သင့်တင်ထားပေး။

"ညီမလေးကလည်း လိုတာပြောနော်၊ စားချင်တာလည်း ပြော၊ အရေးကြီးတာစာရေးဖြစ်ဖို့ စာအုပ်ပြီးဖို့ပဲ။

"အောင်ဇော်နဲ့ အောင်နိုင်ကိုလည်း ငါမှာထားမယ်၊ ဒီအိမ်မှာ သူစာလာရေးနေတာ ဘယ်သူမှမသိဘူး။ သိလို့လိုက်လာရင်လည်း ဘယ်သူမှပေးမတွေ့ရဘူး၊ ဘာညှော်သည့်မှလက်ခံပြီး မတွေ့စေနဲ့၊ ဒါငါတစ်ယောက်တည်း စီစဉ်တာမဟုတ်ဘူး၊ အစ်မတွေနဲ့တိုင်ပင်ပြီးမှလုပ်တာ၊ ခင်သန်းဌေးကိုလည်း ပြောထားတယ်၊ သူဒီမှာစာရေးနေတာကို ဘယ်သူမှ မသိစေနဲ့လို့။

"အနှင်း၊ သူဇာ၊ သန်းသန်းဌေးတို့က မိုးလင်းက မိုးချုပ် စားစရာတွေအားလုံး အပေါ်ကိုအရောက်ပို့ပေးရမယ်နော်"

မမဝင်း စကားအဆုံးမှာ ကျွန်မက မရဲတရဲနှင့် မေးလိုက်မိသည်..

"ညစာက အောက်ဆင်းစားလို့မရဘူးလားဟင် မမဝင်း"

"ဘာဖြစ်လို့အောက်ဆင်းစားချင်ရတာလဲ၊ ဘယ်အချိန်စားမှာလဲ"

"ည ၇ နာရီကနေ ၈ နာရီကြား ညစာကို အောက်ဆင်းစားပါရစေ"

"၇ နာရီကနေ ၈ နာရီကြား စားတာကတော့ ဟုတ်ပါပြီ၊ ဘာဖြစ်လို့ အောက်ဆင်းစားချင်ရတာလဲ"

"ပေါင်ချိန် ကြည့်ချင်လို့၊ ပေါင်ချိန်ဇာတ်လမ်းက ကြည့်ရင်း တန်းလန်းကြီးဖြစ်နေလို့၊ အဲဒါမကြည့်ရရင်တော့ ပေါင်ချိန်ပြီးမှပဲ လာရေးတော့မလားလို့ပါ"

"အမလေးဟဲ့ ငါ့လာခြိမ်းခြောက်နေပြန်ပါပြီ။ ကဲကြည့် ကြည့်၊ ပေါင်ချိန်ကြည့်ရင်း ထမင်းစားပြီးတာနဲ့ ပြန်တက်၊ ဟုတ်ပြီလား"

"ကဲ... တစ်ခါတည်း အိမ်ကလူတွေလည်း မှာထားမယ်နော်၊ အားလုံးအခန်းရှင်းတဲ့လူ၊ အစားအသောက်ပို့တဲ့လူနဲ့ အိမ်ကလူတွေကလွဲလို့ ဘယ်သူမှ သန်းမြင့်အောင် အခန်းမဝင်ရဘူး၊ ဘယ်သူလာလာ အိမ်ပေါ်ပေးမတက်ရဘူးကြားလား၊ ညီမလေးကလည်း မမဝင်းစကားနားထောင်နော်၊ အိမ်ပေါ်ထပ်မှာ ကြိုက်တဲ့ နေရာရေး၊ အိမ်သာရော၊ ရေချိုးခန်းရော၊ အစားအသောက်ရော အပြည့်အစုံရှိတယ်၊ နောက်ဘာလိုသေးလဲ လိုတာပြော"

"ဝရန်တာလည်း ထွက်ရေးမယ်နော်"

အပေါ်ထပ်ဝရန်တာတံခါးက အမြဲတမ်းအသေပိတ်ထားသည်မို့ ကျွန်မက စျေးဆစ်လိုက်ခြင်းဖြစ်သည်။

"ဝရန်တာ..ဝရန်တာ..အေးလေရေးပေါ့၊ တစ်ခုတော့ ရှိတယ် ဝရန်တာကနေ လမ်းမပေါ်ကိုလည်း လှမ်းမြင်နေရတယ်၊ ခြံဝင်းထဲ က ကလျာတိုက်ကိုလာသမျှ လူကိုလည်းအပေါ်ကနေ စီးမြင်နေရ တယ်၊ အဲဒါတွေကိုတော့ ငေးမောနေလို့မရဘူးနော်"

"မငေးပါဘူး၊ ဝရန်တာကိုထွက်တော့ လင်းတာပေါ့၊ လေကောင်းလေသန့်လည်းရတယ်။ ပိတောက်ပင်နဲ့ နီးတော့ အရိပ်လေးလည်းရတယ်၊ စိတ်ကူးလို့ကောင်းတာပေါ့။ အမြဲလည်း မထွက်ပါဘူး၊ တစ်ခါတလေမှပါ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ဟဲ့ကလေးတွေအပေါ်တက် ဝရန်တာတံခါးဖွင့် လဲ့ကျင်းသန့်ရှင်းကြပြီးတော့ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးလည်း အဆင်သင့်ထားပေးလိုက်၊ လမ်းမဘက်ကို မျက်နှာမလှည့်နဲ့နော်၊ ဒီဘက်ဘုရားခန်းထဲကို မျက်နှာမူပြီး စားပွဲ ကုလားထိုင်ကိုချ ကြားလား"

× × × × × × ×

အမြဲလမ်းထွက်နေကျ ကျွန်မအတွက်ဒီစာအုပ်ရေးပြီးမှ အပြင်ထွက်ရတော့မှာပါလားဆိုတဲ့ အသိကြောင့်ရော၊ အကြောက်တရားကြောင့်ရော စရောက်သည့်နေ့ကစပြီး နေ့ရော ညပါ ကုန်းကြုံးရေးလိုက်ရတဲ့စာ တစ်ပတ်ကျော်ကျော်လောက်မှာ ဖလာစာအုပ် သုံးအုပ်နီးပါး ပြီးသွားသည်။ ဘောပင်ကို အစဉ်တစိုက်ကိုင်ထားရသော လက်ညှိုးနဲ့လက်ခလယ် ထိပ်ကလေးတွေလည်း ပိန်ချိုင့်နေပြီ၊ ကျွန်မဝရန်တာထွက်ရေးချိန်တိုင်းလိုလို ခြံဝင်းထဲမှာရှိနေတတ်သော မမဝင်းကြောင့် မျက်လုံး မကစားရဲပါ၊ အပေါ်ထပ်မှာက ကျွန်မအခန်းနှင့် မမဝင်းအခန်းက ခားလွယ်ခုတ်၊ မမဝင်းအခန်းနှင့် ကပ်လျက်၊ ကျွန်မအခန်းနှင့် မျက်နှာချင်းဆိုင်က ဘုရားခန်း၊ ဘုရားခန်းနှင့် ကျွန်မစာရေးသည့်အခန်း၏ အပြင်ဘက်မှာက ဝရန်တာ၊ ဝရန်တာကိုထွက်လျှင် ကလျာတိုက်သို့လာသမျှ လူတွေကို အပေါ်စီးမှ မြင်နေရသလို ခြံစည်းရိုးအပြင်ဘက်မှ လမ်းမကိုလည်း မြင်နေရပါသည်။

မမဝင်းက မနက်အိပ်ရာထ နောက်ကျလေ့ရှိသည်။ အိပ်ရာထလျှင် ရေမိုးချိုးအဝတ်အစားလဲပြီး ဘုရားခန်းဝင်သည်။ အနိမ့်ဆုံးတစ်နာရီခန့် ဘုရားခန်းထဲမှာ ကြာတတ်သည်။ ဒါကြောင့် မနက် ၁၀ နာရီလောက် အထိက မမဝင်းအပေါ်ထပ်မှာရှိနေသည်။

တစ်မနက်တော့ မမဝင်း ဘုရားခန်းထဲက ထွက်လာပြီး ဝရန်တာမှာစာရေးနေသော ကျွန်မထံရောက်လာသည်။ မမဝင်းက အပြင်ထွက်မည့်ပုံစံဖြင့် ဖြီးလိမ်းပြင်ဆင်ထား၍ လုပမွှေးပျံ့နေသည်။

"မမဝင်းဘယ်သွားမလို့လဲ၊ လှလိုက်တာ"

"ဟုတ်လား မုန့်ဝယ်ခဲ့မယ်၊ မမဝင်းအလှူနှစ်ခုသွားစရာ ရှိတယ်၊ တစ်ခုကမွေးနေ့၊ တစ်ခုကမင်္ဂလာဆောင်၊ မြို့ထဲလည်း ရောက်မယ်၊ ညီမလေး ဘာစားချင်လဲဝယ်ခဲ့မယ်"

"ဟာ..မဝယ်ခဲ့ပါနဲ့ ဒီမှာမုန့်တွေအများကြီး"

"မဝယ်လို့ဘယ်ဖြစ်မလဲ၊ ဒီလောက်လိမ္မာတဲ့ ညီမလေးကို မုန့်ဝယ်ကျွေးရမှာပေါ့၊ ကော်ပြန့်စိမ်းဖြစ်ဖြစ်၊ ဖက်ထုပ်ဖြစ်ဖြစ် ကဲ..ရေး ရေး..အချိန်ပျက်သွားဦးမယ်၊ သွားမယ်နော်"

မမဝင်း ကားကလေးခြံထဲကထွက်သွားသည်နှင့် စိတ်ထဲမှာပျော်သလိုလိုရှိသွားသည်။ ဒီအချိန် မမစုတို့၊ မမဦးတို့လာလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးကြည့်မိသည်။ ကလျာတိုက်နှင့် အနီးဆုံးမှာနေသည့် မမစုလာတာတောင် မမဝင်းက ကျွန်မတွေ့သွားမည်စိုး၍ ပေါင်ချိန်ဇာတ်လမ်းမလာခင် ပြန်ပို့သည်ဟု ကျွန်မအတွင်း သတင်းရထားပြီးဖြစ်၍ သူမရှိတုန်းသာ မမစုတို့ မမဦးတို့ရောက်လာရင်တော့ ပြေးဆင်းပြီးတွေ့လိုက်မည်ဟု မောင်းတင်ထားလိုက်မိသည်။

ဒီကနေ့ ကလျာတိုက်ထဲ ဘယ်သူတွေရှိပါလိမ့်ဟု ဝရန်တာမှ ကိုယ်တစ်ပိုင်းကုန်းပြီး အောက်ထပ်ဘေးဘက်က ကလျာတိုက်ကို လှမ်းကြည့်လိုက်တော့ ဆရာဦးစိန်ကြီးနှင့် ဆရာဇူးကျော် နှစ်ယောက်သာရှိသည်။ မကြာမီခြံဝင်းအတွင်းသို့ ဝင်လာသူ တစ်ယောက်ကို လှမ်းမြင်လိုက်၍ ကျွန်မ ဝမ်းသာသွားသည်။

စာရေးဆရာမ မဦး(ဒေါက်တာလမင်း)ဖြစ်သည်။ မဂ္ဂဇင်းတိုက်ခန်းဘက်သို့ ဦးတည်ဝင်လာသောသူ့ကို ကျွန်မ ဝရန်တာကနေ အသံခပ်အုပ်အုပ်ဖြင့်လှမ်းခေါ်လိုက်သည်။

"ရွှတ်..ရွှတ်...မဦးရေ ညီမ"

"ဟယ် အစ်မကြီးတော့၊ ဘာလုပ်နေတာလဲအပေါ်မှာ"

"ရှူး တိုးတိုး..တက်လာခဲ့အပေါ်ကို"

ဆိုပြီး လက်ယပ်ခေါ်လိုက်တော့ မဦး မကြာခင်အပေါ်ရောက်လာသည်။ သူ့မျက်နှာက တအံ့တဩ ဇဝေဇဝါဖြင့် အိမ်နေရင်းအဝတ်အစားနှင့် မျက်နှာပြောင်မည်းမည်း အဆီပြန်နေသော ကျွန်မကို ကြည့်လျက်..။

"အစ်မကြီး ဘာလုပ်နေတာလဲ"

ကျွန်မက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။

"ဟယ် ကောင်းလိုက်တာ"

"ဘာကောင်းတာလဲဟ၊ စိတ်ညစ်ဖို့လား"

"အစ်မကြီး စာရေးဖြစ်တာကောင်းတာပေါ့လို့"

"ဒါပေမယ့် ငါလမ်းထွက်ချင်နေပြီဟ၊ တစ်ခါမှ ဒီလိုငြိမ်ငြိမ်လေး မနေဖူးတော့ ပျင်းတယ်"

"ပျင်းလည်းအောင့်နေပါ အစ်မကြီးရာ၊ အကျိုးရှိပါတယ်"

"အေးပါဟာ ငါလည်းကြိုးစားရေးနေပါတယ်၊ မြန်မြန်ပြီးအောင်၊ မြန်မြန်ပြီးမှ ပြန်ရမှာဟ၊ ဘယ်လောက်ပြန်ချင်လဲဆို အိပ်မက်တောင်မက်တယ်။ အခုတောင် နင်ဝင်လာတာဘယ်သူမှ မမြင်လို့ ငါ့ဆီတက်လို့ရတာ၊ တကယ်ပါဟာ၊ ရုပ်ရှင်ထဲကမင်းသမီးကိုဖမ်းပြီး လူဆိုးတွေနဲ့အစောင့်ချထားသလိုပါပဲ"

"အစ်မကြီးကလည်း ပြောတော့မယ်၊ တစ်ရက်တလေ လောက်ခွင့်တိုင်ပြီး အပြင်ထွက်လို့မရဘူးလား၊ ခါတိုင်းလို့ပဲ ဆရာ မောင်ညိုပြာဆီမှာ ဆုံကြရအောင်လေ"

"မရပါဘူးဟာ၊ ပြီးမှထွက်ရတော့မှာပါပဲ။ လွမ်းလှပါပြီ၊ နောက်နေ့တွေလည်းလာနော် မဦး။ လူလစ်ရင်ပြေးသာ တက်ခဲ့"

"အမလေး အစ်မကြီးပြောတာနဲ့တင် အန်တီဝင်းကို ကြောက်လှပါပြီ။ ဒါပေမယ့် လက်ထောက်ချပေးမယ်နော်။ သတ္တိရှိတဲ့လူလာမှာပေါ့"

မဦး ပြန်သွားပြီး မကြာမီလမ်းမဘက်မှ ဝင်လာသော မမဝင်းကားလေးကို လှမ်းမြင်လိုက်တော့ ကျွန်မ စာထဲစိတ်ဝင်စားနေဟန်ဖြင့် ငုံ့ရေးနေတာကို မမဝင်းခြံထဲကနေမော့မကြည့်ပဲနေမှာ မဟုတ်ပါ။

"ဟယ် ကြည့်စမ်းပါဦး ညီမလေးရယ်။ အရုပ်ကလေးတစ်ရုပ် ချထားသလားမှတ်ရတယ်။ မနက်တုန်းက အတိုင်း မလှုပ်မယှက်နဲ့ ရေးနေလိုက်တာ အညောင်းတွေ ဘာတွေမိကုန်ပါ့မယ်၊ ခဏလောက်ကျောလေးဘာလေး ဆန့်လိုက်ပါဦး။ အညောင်းဖြေရင်းနဲ့ မုန့်စားလိုက်ဟုတ်လား။ မမကော်ပြန့်စိမ်းဝယ်လာတယ်။ နောက်ပြီး နှင်းနှင်းလာပို့ပေးလိမ့်မယ်"

ဩော်...မမဝင်း...မမဝင်း... အတော်ချစ်စရာကောင်းနေပါလား။

× × × × × × ×

"ညီမရေ..မမဝင်းအပြင်ခဏသွားလိုက်ဦးမယ်။ ဘာမှာဦးမလဲ၊ ဒီနေ့ ဝရန်တာထွက်မရေးဘူးလား"

"ဘာမှ မမှာတော့ဘူး မမဝင်း၊ ထမင်းစားပြီးတော့မှပဲ ဝရန်တာထွက်တော့မယ်"

"မမဝင်း တစ်ရေးနိုးတော့ ညီမအခန်းက မီးလင်းနေတာတွေ့တယ်၊ မနက် ၄ နာရီလောက်ကတည်းက စာရေးနေတာလား"

"ဟုတ်ကဲ့ မမဝင်း၊ ၃ နာရီခွဲလောက် ကတည်းက ထရေးတာ"

"ပြီးခါနီးပြီလား"

"ဟုတ်ကဲ့ ဒီတစ်ပတ်ထဲပြီးမယ်ထင်တာပဲ"

"မြန်လှချေလား၊ တော်လိုက်တာ ညီမလေးရယ်။ လုံးချင်းဝတ္ထုတစ်ပုဒ်ရေးတာ နှစ်ပတ်လောက်နဲ့ ပြီးတယ်ဆိုတော့ တော်တာပေါ့"

မမြန်ပါဘူး မမရယ် စိတ်ထဲမှာနှစ်ကမ္ဘာလောက် ကြာပါတယ်လို့ ပြန်မပြောရဲပါ..။

"သေသေချာချာတော့ ပြန်ဖတ်နော်ညီမလေး၊ ဝတ္ထုနာမည်က ဘာတဲ့လဲ၊ စဉ်းစားပြီးပြီလား"

"လိပ်ပြာခြေရာ"

"လှလိုက်တာ။ နာမည်လေးက ဆန်းလည်းဆန်းတယ်၊ ဒီဇာတ်လမ်းကို နဂိုကတည်းက ကြိုတင်စဉ်းစားထားတာလား"

"ဟုတ်တယ် မမ၊ အခန်းစဉ်အလိုက်မှတ်စုလည်း အကြမ်းခြစ်လာခဲ့တယ်"

"ဟုတ်ပါပြီ၊ ပြန်ချင်ဇောနဲ့တော့ ဖြစ်သလို မရေးနဲ့နော်၊ သေသေချာချာရေးကြားလား၊ ညီမလေးကလိမ္မာပါတယ်"

"ဟုတ်"

မမဝင်းက ကျွန်မကျောပြင်ကို လက်ကလေးနဲ့သပ်ပြီးချော့ချော့မော့မော့နှင့် ဆင်းသွားသည်။ ကျွန်မကလျာတိုက်ကို အထုပ်ပိုက်ပြီးရောက်လာတဲ့ အချိန်ကစပြီး ယခုထိ မမဝင်း မျက်နှာတင်းတာ တစ်ခါမှ မမြင်ရတော့ပါ။ အမြဲတမ်းချိုမြနေတာကိုက သူဖြစ်စေချင်သလိုဖြစ်နေသော ကျွန်မကို ကြည့်ပြီး ကျေနပ်အားရနေကြောင်း သိသာလှသည်။ စာပေအစ်မတွေအတွက် အားကိုးရသော ညီမဖြစ်သလို စာပေညီမတွေအတွက် ချစ်ကြောက်ရိုသေရသော ကျွန်မတို့ရဲ့မမဝင်းပါ။

မမဝင်းထွက်သွားပြီးနောက် စာထဲကို ဘယ်လောက်ကြာကြာစိတ်ရောက်နေမိသည်မသိ။ ခါးညောင်းလာ၍ ခနထကာ အညောင်းဖြေနေတုန်း..

"အစ်မကြီးရေ..အစ်မကြီး"

လှေခါးက တကျော်ကျော်အော်ခေါ်ပြီး ပြေးတက်လာတဲ့ ခြေသံနဲ့အတူ အခန်းဝမှာလာရပ်လိုက်သော လူကို မြင်လိုက်တော့ ကျွန်မလှိုက်ခနဲဝမ်းသာသွားသည်။

"ဟယ်..ဝိုင်းဝိုင်း"

"ဟီ ဟိ..အစ်မကြီးဒုက္ခရောက်နေတယ်ကြားလို့ အရဲစွန့်ပြီး လာကယ်တင်တာ၊ ဒီမှာအစ်မကြီးဖို့ နေကြာစေ့တွေ၊ အချဉ်ထုပ်တွေလည်း ဝယ်လာတယ်"

"ညည်းအပေါ်တက်လာတာ ဘယ်သူမှမတွေ့ဘူးလား"

"တွေ့တာပေါ့ ကိုအောင်ဇော်တွေ့လို့ ဝိုင်းကိုလိုက်တားတာ အမေသိရင်ဆူလိမ့်မယ် မတက်ပါနဲ့တဲ့။ ဝိုင်းကခဏလေးပါ၊ အချဉ် ထုပ်တွေတက်ပေးပြီးတာနဲ့ မြန်မြန်ပြန်ဆင်းလာပါမယ်လို့ ပြောပြီး အတင်းပြေးတက်ခဲ့တာ"

"အေး အတော်ပဲ၊ ငါလည်းညောင်းပြီး ဇက်ကြောတွေ တက်လာတာနဲ့ အချဉ်ထုပ်ဖောက်စားလိုက်ဦးမယ်"

"နေကြာစေ့လည်း စားကြမယ်လေ၊ အစ်မကြီး အမလေး ကိုယ့်အစ်မကြီးကို လွမ်းလိုက်ရတာ၊ တစ်နေ့ကတောင် မမွှေးနဲ့ ပြောဖြစ်သေးတယ်၊ အစ်မကြီးနဲ့မတွေ့တာကြာပြီ၊ ခါတိုင်းဆို ဆရာမောင်ညိုပြာအခန်းမှာ သုံးရက်တစ်ကြိမ်လောက်ဆုံနေကျ၊ ခုဘယ်များသွားနေပါလိမ့်လို့တွေးနေမိသေးတယ်။ လက်စသတ်တော့ အစ်မကြီးက ဒီမှာအကျဉ်းကျနေတာကိုး၊ မနေ့က မဦးနဲ့တွေ့မှသိတယ်"

မဦးကတော့ လူဘယ်နှစ်ယောက်ကို လက်ထောက်ချပြီးပြီမသိပါ။ ခုပထမဆုံး ဝိုင်းဝိုင်းကအရင်ရောက်လာတော့ ကျွန်မ ဝမ်းသာရသည်။ ညီအစ်မနှစ်ယောက် အချဉ်ထုပ်နှင့် နေကြာစေ့ကို ပြိုင်တူဖောက် နှစ်ယောက်အတူစားကာ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်နေကျတုန်း..

ဗြုန်းခနဲ အခန်းဝမှာ ပေါ်လာသူက မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံနှင့် ခါးထောက်ရပ်ကာ အသံကုန်ဟစ်လိုက်သော မမဝင်းပါ

"အောင်ဇော်...အောင်ဇော်...အောက်ကလူတွေ အကုန်လာကြစမ်း"

မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသောကြောင့် ဝိုင်းရော၊ ကျွန်မပါ လန့်ဖျပ်ပြီး မတ်တတ်ထရပ်လိုက်မိသည်။ ကြောက်ကြောက်လန့်လန့်နှင့်မို့ ဝိုင်း၏ပေါင်ပေါ်က ပွင့်နေသောနေကြာစေ့ထုပ်ကလေး ဘုတ်ခနဲပြုတ်ကျကာ အခန်းထဲမှာ နေကြာစေ့တွေ ပြန့်ကျဲသွားသည်။

"အောင်ဇော် ဟဲ့ အောင်ဇော် ငါခေါ်နေတယ်လေ။ နင်တို့ နားတွေ ပင်းနေကြသလား"

"လာပြီ အမေ..လာပါပြီ"

အောက်ထပ်က ကိုအောင်ဇော်ရော ကလေးတွေပါ ပြေးတက်လာကြသည်။

"အိမ်ပေါ်မှာ လူတစ်ယောက်လုံးရောက်နေတာကို နင်မသိဘူးလား၊ နင်ဘယ်လျှောက်သွားနေလို့လဲ၊ နင်တို့ကို ငါဘာမှာထားသလဲ။ ငါ့စကားတော်တော်နားထောင်ကြပါလား ဟင်.. နင်တို့"

"အစ်မဝိုင်းက ကျွန်တော်တားနေတဲ့ကြားက အချဉ်ထုပ်လေးတက်ပေးပြီး ချက်ချင်းပြန်ဆင်းလာမယ်ဆိုပြီး အတင်းပြေးတက်သွားတာ"

"နင်ဟာလေ အသုံးကိုမကျဘူး။ အဲဒီအချဉ်ထုပ်ကို ဆွဲယူပြီး ကိုယ့်ဟာကိုယ်တက်ပေးလိုက်ပါလား။ နားလည်မှုကို မရှိကြဘူး၊ ဟဲ့ အနှင်း ဒီမှာလာပြီးအမှိုက်တွေလာလှဲဦး၊ လူတွေဟာလေ အလိုက်ကန်းဆိုးကို မသိကြဘူး"

ရှိသမျှလူအားလုံးကို ဝါးလုံးရှည်နဲ့သိမ်းကြုံးရမ်းနေသော မမဝင်းဘေးကနေ ဝိုင်းဝိုင်းက ပခုံးကလေးတွန့် ကိုယ်ကလေး ယို့ပြီး ကုပ်ကုပ်ကလေး ဆင်းပြေးပါလေတော့သည်။

× × × × × × ×

"ကံ့ကော်ဝတ်ရည်စာအုပ်အိမ်"က အပြန်ကားပေါ်မှာ ဝိုင်းဝိုင်းပြောလိုက်သည့် "အစ်မကြီးက အန်တီဝင်းလိုလူမျိုးနဲ့မှ ကိုက်တယ်" ဆိုသည့်စကားကြောင့် ကျွန်မအတွေးစတွေ တစ်သီကြီး ရစ်ပတ်ပါလာခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းမှာပဲ ကွယ်လွန်သွားကြရှာပြီဖြစ်သော မမစု (ခင်နှင်းယု)၊ မမခင် (ခင်တိုင်းရင်းမေ)နှင့် မမဦး(ခင်ဆွေဦး)၊ ကျန်းမာရေးကြောင့် စိတ်သွားတိုင်း ကိုယ်မပါတော့သော မမဝင်း(ကလျာ ဝိဇ္ဇာ/သိပ္ပံ)တို့၏ ကျေးဇူးတရားများကို ပြန်လည်အောက်မေ့ကာ လွမ်းတမြေ့မြေ့ကြီး ဖြစ်သွားမိသည်။

"အန်တီ သိမ်ဖြူကွင်းရှေ့ရောက်ပြီလေ။ ဘယ်နားမှာ ရပ်ရမလဲ"

ကားမောင်းသည့်ကလေးက နောက်ကိုလှမ်းမေးမှ ကျွန်မ ရုတ်တရက်သတိရသွားသည်။

"အေး...သားရေ.. ဟိုနားက ကားမောင်းသင်တန်းကျောင်းရှေ့က ထရန်စဖော်မာဘက်အခြမ်းမှာ ရပ်လိုက်ပါ"

ကျွန်မကားပေါ်ကဆင်းပြီး ယခင်အခေါ် ဘိုးလိမ်းလမ်း ယခုအခေါ် ဦးအောင်မြတ်လမ်းပေါ်ရှိ အိမ်အမှတ် (၁၆) "ကနေဒီဟောက်(စ)"၏ပထမထပ်သို့ တက်ရန်ခြေလှမ်းကို ဦးတည်လိုက်သည်။ အပေါ်ထပ်တွင် ကျွန်မကို မြင်လိုက်သည်နှင့် မျက်ရည်ဝဲအောင် ဝမ်းနည်းဝမ်းသာစိတ်လှုပ်ရှားသွားမည့် ဝှီးချဲပေါ်မှာ ရောဂါဝေဒနာခံစားနေရသော မမဝင်း၏မျက်နှာကို ကြိုတင်မြင်ယောင်မိပါသည်။ ။

(၁ ဇူလိုင် ၂၀၁၉ မှာ ကွယ်လွန်သွားတဲ့ ဆရာမကြီး ဒေါ်ကလျာ အမှတ်တရ)

# မြန်မာ ယူ-၁၈ အသင်း အာဆီယံပြိုင်ပွဲအတွက် ကစားသမား ၂၈ ဦး လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၁**

မြန်မာ ယူ-၁၈ အသင်းသည် ဩဂုတ်လတွင် ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာယူ-၁၈ အသင်းသည် မေလလယ်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဇန်နဝါရီတွင် နည်းပြ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဦးစိုးမြတ်မင်းက တာဝန်ယူကာ ဆက်တိုက်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နှစ်ဆန်းပိုင်းတွင် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများဖြစ်သည့် မတ်လတွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဧပြီလတွင် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရက်ပိုင်း ရပ်နားခဲ့ပြီး မေ ၁၆ ရက်တွင် ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဇွန်လတွင် ကစားသမားသုံးဦး အားဖြည့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းသည် စောထောနေမူး၊ မိုးဆွေနှင့် ကောင်းဇင်မိုးတို့ သုံးဦးကို အားဖြည့် ရွေးချယ်ထားသည်။ မြန်မာ ယူ-၁၈ အသင်းသည် လက်ရှိတွင် MFF Youth အသင်းအမည်ဖြင့် ၂၀၁၉ ရာသီ MNL ယူ-၂၁ ပြိုင်ပွဲ ဒုတိယအကျော့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသလို ဇူလိုင်လတတိယပတ်တွင် ပြည်ပလေ့ကျင့်ရေးခရီးစဉ်သွားရောက်မည်ဖြစ်က ၁ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် ကျရောက်နေကာ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများကို တစ်ရက်ခြားငါးပွဲ ကစားရမည်ဖြစ်သောကြောင့် ကစားသမားအားလုံး ပွဲထွက်ကစားနိုင်ရန်နှင့် ခြေစွမ်းတူညီနေစေရန် ပြင်ဆင်လျက်ရှိပြီး နေရာတစ်ခုလျှင် ကစားသမားနှစ်ဦးရှိရန် ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းတွင် **နည်းပြချုပ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ညဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ **အလယ်တန်း**-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ ဩဘာခ၊ မိုးဆွေ၊ အောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော် (၂)နှင့်ကောင်းဇင်မိုးတို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

သက်ထားသူဇာသည် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မောရစ်သျှနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင်ဗိုလ်စွဲပြီး ရက်ပိုင်းအကြာမှာပင် ယခုပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ယခု ပြိုင်ပွဲတွင် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး အိမ်ရှင်ဘီနင်ကစားသမား ကပ်ပို ချီချီကို ၂၁-၁ မှတ်၊ ၂၁-၄ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ဒုတိယအဆင့်တွင် ဘီနင်ကစားသမား ဗီတိုအူမှာ ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ကွာတားဖိုင်နယ်သို့ အလိုအလျောက်တက်ရောက်ခွင့်ရခဲ့သည်။ ကွာတားဖိုင်နယ်တွင် ယခုပြိုင်ပွဲ၏ ဆီဒင်(၂) ရ နိုင်ဂျီးရီးယားကစားသမား အဒီဆိုကန်ကို ၂၁-၄ မှတ်၊ ၂၁-၁၉ မှတ် ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ဆီဒင် (၄) ရ အီဂျစ်ကစားသမား ဟိုဆနီကို ၂၁-၈ မှတ်၊ ၂၁-၁၀ မှတ်ဖြင့် နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ဆီဒင် (၃) ရ ပီရူးကစားသမား မာစီယာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် ၁၇-၂၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ၂၁-၁၈ မှတ်၊ နောက်ဆုံးပွဲငယ်တွင် ၂၁-၁၄ မှတ်ဖြင့် ပွဲငယ်နှစ်ပွဲဆက်အနိုင်ရကာ ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ဆီဒင် (၅) သာ ရသော်လည်းပြိုင်ဘက်များကို လက်စွမ်းပြကျော်ဖြတ်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ဇူလိုင် ၄ ရက် မှ ၇ ရက်အထိ အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပမည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘီနင်နိုင်ငံမှ အိုင်ဗရီကို့စ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ ဇွန်လအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများ၌ ချန်ပီယံဆု ငါးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲများတွင်မူ လေးကြိမ်မြောက် ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ချန်ပီယံဆုများကို ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် အီဂျစ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် ယူဂန္ဓာနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ကင်ညာနိုင်ငံ၌ ကျင်းပသည့် Furture Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဇွန်လတွင် မောရစ်သျှနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ယခု ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ချန်ပီယံဖြစ်ခဲ့တဲ့ စပိန်ယူ-၂၁ အသင်း**

အီတလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ဗိုလ်လုပွဲကို ဇူလိုင် ၁ ရက်နံနက်ပိုင်းက စပိန် ယူ-၂၁ နှင့် ဂျာမနီ ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန် ယူ-၂၁ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ငါးကြိမ်မြောက်အဖြစ် ချန်ပီယံရှစ်ဆုဖလားအား ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့သည်။ ဂိုးများကို ဖေဘီယန်ရူးစ်နှင့် အိုလ်မိုတို့က ပွဲကစားချိန် ခုနစ်မိနစ်နှင့် ၆၉မိနစ်တို့တွင် စပိန်အသင်းအတွက် သွင်းယူပေးနိုင်ခဲ့ပြီး ဂျာမနီအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင်မှ အေမီရီက ပြန်လည်ချေပနိုင်ခဲ့ခြင်းဖြစ်သည်။ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဂျာမနီယူ-၂၁ အသင်းမှ လူကာ ဝေါလ်ရှ်မစ်က ခုနစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အကောင်းဆုံး ကစားသမားဆုကို စပိန်ယူ-၂၁ အသင်းမှ ဖေဘီယန် ရူးစ်ကရရှိခဲ့သည်။

**မက်တွီဒီနှင့် ခီဒီယာတို့ကို ဂျူဗင်တပ်စ် ရောင်းထုတ်သွားဖွယ်ရှိ**

ဂျူဗင်တပ်စ်အသင်းသည် အသင်းမှ ပြင်သစ်ကစားသမား မက်တွီဒီနှင့် အသင်းဖော် ဂျာမနီကွင်းလယ်ကစားသမား ဆာမီ ခီဒီယာတို့ကို ရောင်းထုတ်သွားရန် ပြင်ဆင်နေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

**ဘင်ယက်ဒါနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိပြီဖြစ်သည့် မန်ယူ**

မန်ယူအသင်းသည် ဆီဗီလာတိုက်စစ်ကစားသမား ဝစ်ဆမ် ဘင်ယက်ဒါ (၂၈နှစ်) အား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒွိုက်မက်နေးလ်ကို ကမ်းလှမ်းမှုပြုလုပ်ရန် စဉ်းစားနေသည့် ဂျူဗင်တပ်စ်**

ဂျူဗင်တပ်စ်အသင်းသည် ဘန်လေအသင်းမှ အင်္ဂလန်ယူ-၂၀ တောင်ပံ ကစားသမား ဒွိုက် မက်နေးလ် (၁၉နှစ်)အား ကမ်းလှမ်းမှုပြုလုပ်ရန် စဉ်းစားနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

ရပ်တည်မှုပွဲများ ဆက်လက်ကစားရမည် ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် မြန်မာ၊ တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အုပ်စု (ခ)တွင် ဝူဟာန်၊ မြောက်ကိုရီးယား၊ ဂျပန်ကလပ် အိုဆာကာနှင့် မလေးရှား ယူ-၁၄အသင်း တို့ ပါဝင်နေသည်။

ယင်းပြိုင်ပွဲဝင် မြန်မာ ယူ-၁၄ အသင်းကို နည်းပြချုပ်အဖြစ် ဦးဘိုဘိုအောင်က ကိုင်တွယ်နေပြီး ယူ-၁၅ အသင်းနည်းပြချုပ်သစ်ဖြစ်လာမည့် နယ်သာလန်နိုင်ငံသား ဟန်ဒရီကတ်မာရီနတ်စ်က အသင်းခြေစွမ်းကို လိုက်ပါကြည့်ရှုလေ့လာလျက်ရှိသည်။

**ရဲရင့်ရှိုင်း**



# နတ်ကြီးကုန်းရပ်ကွက်၌ လျှပ်စစ်မီးပလတ်ခုံ ဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ် နှစ်လုံးမီးလောင်

**မိုးကောင်း ဇူလိုင် ၁**

မိုးကောင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက် ရုံးဟောင်း အပိုင်း ၂ ၌ ယနေ့နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

အဆိုပါရပ်ကွက်ရှိ အိမ်ပိုင်ရှင် ဒေါ်ထုဆမ်၏ နေအိမ်တွင် လျှပ်စစ်မီးပလတ်ခုံ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပြီး နောက်ဘက်ခြေရင်းမှ အိမ်ပိုင်ရှင် ဦးအက်စ်ဂွန်အောင်၏ နေအိမ်သို့ မီးကူးစက်ခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်မီးသတ်ဌာနမှ ဦးစီးအရာရှိ ဦးဆောင်၍ အရန်နှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**



မီးလောင်မှုဖြစ်သည့် နေအိမ်အား ဝိုင်းဝန်းမီးငြှိမ်းသတ်ကြစဉ်။

# ဇမ္ဗူသီရိမြို့နယ်၌ နိုင်ငံခြားသားများကို ငါးမန်းဂိမ်း လောင်းကစားစက်များနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇွန် ၃၀ ရက် ညနေပိုင်းက သတင်းအရ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ မဇာဇာ(စိစစ်ဆဲ)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသား Mr.He Wan Xin (၃၅နှစ်) နှင့် Mr.Liao Feng (၂၆နှစ်) ပါသုံး ဦးအား တရားမဝင်တင်သွင်းလာသော ငါးမန်းဂိမ်း လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ မတ် ၂၉ ရက်တွင် Mr.He Wan Xin သည် စားသောက်ဆိုင်ဖွင့်ရန် တရုတ်နိုင်ငံမှ မန္တလေးလေဆိပ်သို့ရောက်ရှိပြီး ဆိုင်ဖွင့်ရန်အဆင်မပြေသဖြင့် ဇွန် ၂၀ ရက်တွင် နေပြည်တော်သို့ရောက်ရှိကာ သူငယ်ချင်းဖြစ်သူ Mr.Liao Feng ပါနှစ်ဦး ငှားရမ်းနေထိုင်သည့် သပြေကုန်းရပ်ကွက်နေအိမ်တွင် လိုက်ပါနေထိုင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းသိရ၍ မဇာဇာ (ဖမ်းမမိ)နှင့် Mr.He Wan Xin ပါသုံးဦးတို့ကို အမှတ်(၁) ဇမ္ဗူသီရိမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂-၇-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၈း၃၅ - "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ"
- ၁၀း၃၅ - ဥပဒေရေးရာအဖြာဖြာ "အရေးပေါ်"
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ချောင်းဟန့်သံ"
- ၁၂း၃၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (တတိယပိုင်း)
- ၁၄း၁၅ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၂၅ - ခရီးသွားပြည်သူများ ရထားအန္တရာယ်ကင်းရှင်းရေး နှိုးဆော်ချက်
- ၁၆း၃၅ - ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (ကချင်၊ ကယား၊ ကရင်၊ ချင်း(လိုင်ဇိုး))
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "မျက်ရည်သွန်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး"
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ
- ၁၈း၅၅ - မူးယစ်အန္တရာယ်ရှောင်ကြဉ်ဖွယ်
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ" "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (စတုတ္ထပိုင်း)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)

# ညောင်တုန်းနှင့်မြစ်ကြီးနားမြို့နယ်တို့၌ ဓာတ်လိုက်၍ နှစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ခတ္တိယကျေးရွာ ဝါဝါဝင်းငါးကန်၌ ဇွန် ၃၀ ရက် နံနက် ၃ နာရီခွဲက မအူပင်မြို့နယ် စစ်ကိုင်းကျေးရွာနေ မင်းမင်းစိုး(၄၀နှစ်)နှင့် သာပေါင်းမြို့နယ် ဇီးကုန်းကျေးရွာနေ အောင်အောင်(၃၅နှစ်) တို့ နှစ်ဦးသည် ဝရိန်ဆော်ရန် သွယ်တန်းထားသော မီးကြိုးအား နင်းမိကာ ဓာတ်လိုက်၍ မင်းမင်းစိုးမှာ သေဆုံးခဲ့ပြီး အောင်အောင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မဲဇလီနယ်မြေရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၆ နာရီ မိနစ် ၄၀ က မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ ဦးစိုးရွှေ မောင်းနှင်ပြီး ကိုမြင့်မိုး လိုက်ပါလာသော YGN-9D/--- ၁၂ ဘီးယာဉ်သည် ဘတ်ဟိုးယာဉ်အား တင်ဆောင်၍ မနောလမ်းအတိုင်း ဆွမ်ပရာဘွမ်လမ်းမကြီးဘက်သို့ ထွက်လာစဉ် ဓာတ်ကြိုးမှာ ယာဉ်ဖြင့် မလွတ်သဖြင့် စီတာပူရပ်ကွက်နေ ကိုမြင့်မိုး(၃၁နှစ်)က ယာဉ်အောက်သို့ ဖိနပ်မစီးဘဲ ဆင်းသွားပြီး ဝါးလုံးစိမ်းအစိုအား ယူဆောင်ကာ ဓာတ်ကြိုးကို ဖယ်ရှားစဉ် ဓာတ်လိုက်သေဆုံးသွားကြောင်း သိရှိရသဖြင့် မြစ်ကြီးနားမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း၌ တရားမဝင် သစ် ၈ ဒသမ ၈၁၈၈ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်းအနီး မော်တော်ယာဉ်တစ်စီးပေါ်မှ ပိတောက်စကွဲယား ၁၀ တုံး (၆ ဒသမ ၅၃၀၈)တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မန္တလေး-လားရှိုးကားလမ်း X-Ray ဂိတ်အတွင်း ခရောင်းမော်တော်ယာဉ်ပေါ်မှ တမလန်းစကွဲယား ၂၃ တုံး (၀ ဒသမ ၅၆၈၈)တန်၊ ကျောက်စိမ်းတုံး ၁၅၀ (၁၂၄ ဒသမ ၂၅)ပိဿာတို့ကို ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်(အတက်လမ်း) မော်တော်ယာဉ်တစ်စီးပေါ်မှ သစ်ပိတောက်ခွဲသား ၆၁ ချောင်း (၁ ဒသမ ၇၁၉၂) တန် ဖမ်းဆီးရမိခဲ့ရာ ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မိုးကောင်းမြို့နယ် နမ္မတီးဘူတာ၌ ကျွန်းတံခါးချပ်များ သိမ်းဆည်းရမိ

**နမ္မတီး ဇူလိုင် ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဘူတာ၌ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက မိုင်းရှင်းရထားဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျွန်းတံခါးချပ်နှင့် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇွန် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက နမ္မတီးမြို့နယ်တာဝန်ခံ တောအုပ်ကျော်နိုင်ဝင်း၊ နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင်နှင့် တာဝန်ရှိသူများသည် နမ္မတီးဘူတာသို့ ဆိုက်ရောက်လာသည့် မိုင်းရှင်းရထားအား သတင်းအရ စစ်ဆေးရှာဖွေရာ သံချပ်ကာတွဲပေါ်တွင် နန့်စီးအောင်မှ မြစ်ကြီးနားသို့ ပို့ဆောင်မည့် လေးပေကျွန်းတံခါးချပ် ၁၁၇ ချပ်၊ ခြောက်ပေတံခါးချပ် ၁၃ ချပ်၊ ပေပျဉ်ဆိုဒ်စုံ ၈၀ တို့အား တရားမဝင်တင်ဆောင်လာသည်ကို ရှာဖွေသိမ်းဆည်း ရမိခဲ့သဖြင့် နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြိတ်နှင့် ဆဒုံးမြို့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်၊ ဓာတ်တိုင်များ ပြိုလဲပြီး အဆောက်အအုံအချို့ပျက်စီး

**မြိတ် ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်များ၊ ဓာတ်တိုင်များ ပြိုလဲပြီး မြေပြိုကျမှုကြောင့် နေအိမ်တစ်လုံးပျက်စီးခဲ့ကာ ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှုမရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုလဲဒီပါရပ်ကွက် အေးရိပ်ချောင်လမ်းနှင့် စပါးရွှေဝါလမ်းထောင့်တွင် အမြင့်ပေ ၂၀ ခန့် ဓာတ်တိုင်လေးတိုင်ပြိုလဲခဲ့ပြီး ပန်စရာရပ်ကွက်နှင့် သန်းဖိုရပ်ကွက်ကြားရှိ အေးရိပ်သာလမ်းတွင် အမြင့် ၁၅ ပေ၊ အကျယ် ပေ ၃၀ မြေထိန်းနံရံပြိုကျမှုကြောင့် သက်တမ်း ၄၀ နှစ်ခန့်ရှိ အုန်းပင်တစ်ပင်နှင့် ဓာတ်တိုင်တစ်တိုင် ပြိုလဲပျက်စီးခဲ့သည်။ ထို့အတူ မြိတ်တောင်ကျေးရွာကုန်းဖောက်ရပ် ငါးလေလံဈေးလမ်း ဦးအောင်သန်းခြံဝင်းအတွင်းရှိ သက်တမ်း ၆၀ ခန့် လုံးပတ် ၅ ပေခန့် အမြင့်ပေ ၃၀ ရှိ သရက်ပင်နှစ်ပင်၊ သက်တမ်း ၂၀ ခန့် အမြင့်ပေ ၂၀ ရှိ ခရေပင်တစ်ပင်၊ ဦးခင်မောင်မြင့် ခြံဝင်းအတွင်းရှိ သက်တမ်း ၃၀ နှစ်ခန့် အမြင့်ပေ ၄၀ ခန့်ရှိ ခရေပင်တစ်ပင်တို့ ပြိုလဲခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အလားတူ မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ တောင်ငယ်တောင်မှ မြေ ၁၂ ပေခန့် ပြိုကျမှုကြောင့် တောင်ခြေရှိ ဦးခင်မြင့် နေအိမ်ပျက်စီးခဲ့သည်။ သဘာဝဘေးကြောင့် ပျက်စီးခဲ့သော သစ်ပင်များ၊ ဓာတ်တိုင်များ ပြိုလဲခြင်းနှင့် နေအိမ်ပျက်စီးမှုတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။



မြိတ်မြို့နယ်၌ မြေပြိုလဲမှုကြောင့် ပျက်စီးသွားသော နေအိမ်အား ဝိုင်းဝန်းရွှေ့ပြောင်းပေးကြစဉ်။ ဓာတ်ပုံ - ခိုင်ထူး(မြိတ်)

**ဆဒုံးမြို့**

အလားတူ ကချင်ပြည်နယ် ဆဒုံးမြို့၌ ဇွန် ၂၇ ရက်နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်တုံးများ အမှိုက်သရိုက်များ၊ တောင်ကျရေနှင့် အတူမျောပါလာပြီး ကွန်ကရစ်တံတားခြေရင်းတွင်စုပုံလာသဖြင့် တံတားအက်ကွဲပျက်စီးခဲ့သည်။ မြို့ထဲသို့ ရေများဝင်ရောက်ကာ နုန်းမြေများ တင်ကျန်ခဲ့ပြီး၊ လယ်မြေဘက်သို့ ရေစီးလမ်းပြောင်းသွားသဖြင့် လယ်မြေ ၁၀ ဧကခန့် ပျက်စီးခဲ့သည်။

ထို့ပြင် အမကစာသင်ကျောင်းရှိ အိမ်သာများ နုန်းမြေဖုံးပျက်စီးသွားပြီး ဒေသခံပြည်သူများ မွေးမြူထားသည့် ဝက်များ ရေထဲမျောပါ ဆုံးရှုံးသွားကြောင်း သိရသည်။

**(ပြန်/ဆက်)**

# ဆူဒန်၌ အရပ်သားအုပ်ချုပ်ရေးကို တောင်းဆိုသည့် ချီတက်ဆန္ဒပြမှုအတွင်း ခုနစ်ဦးသေဆုံး

**ခါတွန် ဇူလိုင် ၁**

ဆူဒန်နိုင်ငံအတွင်း ဆန္ဒပြပြည်သူများကို အင်အားသုံးနှိမ်နင်းမှုကြောင့် အသက်ဆုံးရှုံးရမှုများဖြစ်ပွားခဲ့ပြီးနောက် အရပ်သားအုပ်ချုပ်ခွင့်ကို တောင်းဆိုသည့် ပထမဆုံးအကြိမ် လူအမြောက်အမြား ချီတက်စုဝေးမှုကြီး ပြုလုပ်သည့်အနေဖြင့် ပြည်သူထောင်ပေါင်းများစွာတို့သည် ဇွန် ၃၀ ရက်က လမ်းများပေါ်သို့ချီတက်ခဲ့ကြရာ အဆိုပါနေ့၌ပင် လူခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

နိုင်ငံကို လက်ရှိထိန်းချုပ်နေသည့် စစ်ဘက်အကြီးအကဲများက ဆန္ဒပြမှုများကို ထိန်းသိမ်းရန် တပ်ဖွဲ့ဝင်အမြောက်အမြား ချထားသော်လည်း ပြည်သူများက လမ်းမပေါ်ချီတက်စုဝေးကာ အင်အားပြခဲ့ကြသည်။

လူထုဆန္ဒပြပွဲစီစဉ်သူများက လက်ရှိအုပ်ချုပ်နေသည့် စစ်ဘက်ကောင်စီရုံးများရှိရာ အဆောက်အအုံတို့တွင် ချီတက်စုဝေးရန် တိုက်တွန်းခဲ့ပြီးနောက်တွင် ဆန္ဒပြပြည်သူများသည် သမ္မတနန်းတော်အနီးဆီသို့ ချဉ်းကပ်လာကြရာ ရဲများက မျက်ရည်ယိုဓာတ်ငွေ့များဖြင့် လူစုခွဲခဲ့ကြသည်။

အရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရန်နှင့် တရားမျှတမှုရရှိရေးအတွက် လူထုကို ရီပတ်ဘလစ်ကန်နန်းတော်ဆီသို့သွားရန် မြို့တော်၌ တိုက်တွန်းဆော်ဩခဲ့ကြောင်း ယခင်စစ်အာဏာသိမ်းခေါင်းဆောင် အိုမာအယ်လ်ဘာရှာကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများကိုစီစဉ်ခဲ့သည့် ဆူဒန်ပရော်ဖက်ရှင်နယ်အသင်းက တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ခါတွန်မြောက်ပိုင်း ဘာရီဒေသနှင့် ခါတွန်မြို့အရှေ့ပိုင်းရှိ မန်မူရာနှင့် အာကွိတ် ဒေသတို့တွင် ရဲများက ဆန္ဒပြပြည်သူများကို မျက်ရည်ယိုဓာတ်ငွေ့များဖြင့် လူစုခွဲခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။

နိုင်ငံအတွင်း ဆယ်စုနှစ်များစွာ ကြာအောင် အုပ်စိုးခဲ့သည့် စစ်ဘက်အစိုးရသည် နိုင်ငံအတွက် အလုပ်လုပ်ခဲ့ခြင်းမရှိကြောင်းနှင့် နောက်လည်းလုပ်မည် မဟုတ်ကြောင်း ဆန္ဒပြပြည်သူ နာဒါအဒယ်လ်က ပြောခဲ့သည်။

တရားဝင် ဆူနာသတင်းအေဂျင်စီက လူထုစုဝေးဆန္ဒပြမှုအတွင်း လူခုနစ်ဦးသေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များ၏ ပြောကြားချက်ကို ဇွန်၃၀ ရက်နှောင်းပိုင်းတွင်ဖော်ပြခဲ့သည်။

သို့ရာတွင် သေဆုံးသူများနှင့် သေဆုံးရသည့် အကြောင်းရင်းကို အသေးစိတ်ဖော်ပြခြင်းမပြုခဲ့ပေ။ ထို့အပြင် လူ ၁၈၁ ဦးဒဏ်ရာရရှိပြီး ၎င်းတို့အနက် ၂၇ ဦးမှာ သေနတ်ထိမှန်ခြင်းဖြစ်ကြောင်း သိရသည်။



အာဏာလွှဲပြောင်းရေး တောင်းဆိုနေကြသည့် ဆူဒန်ဆန္ဒပြပြည်သူများကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ကဘူးလ်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၃၄ ဦးသေဆုံးပြီး ၆၈ ဦး ဒဏ်ရာရ

**ကဘူးလ် ဇူလိုင် ၁**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဇူလိုင် ၁ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၃၄ သေဆုံးခဲ့ပြီး လူ ၆၈ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုမှာ တာလီဘန်များ၏ လက်ချက်ဟု ယူဆရသည်။

ကားဗုံး ဖောက်ခွဲခဲ့ပြီးနောက် သေနတ်သမားများသည် အစိုးရအဆောက်အအုံများရှိရာ နေရာတွင် လုံခြုံရေးအထူးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်ခဲ့သည်။ ဒဏ်ရာရရှိသူများတွင်ကလေးများလည်း ပါဝင်ကြောင်း ဆေးရုံ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကားဗုံးခွဲမှုကို ဦးစွာပြုလုပ်ခဲ့ပြီးနောက် သေနတ်သမားအချို့သည် အဆောက်အအုံများတွင် နေရာယူခဲ့သည်။ အဆိုပါနေရာမှာ အထူးတပ်ဖွဲ့ဝင်များ ပိတ်ဆို့ဝန်းရံထားရာနေရာဖြစ်ပြီး တပ်ဖွဲ့ဝင်များနှင့် သေနတ်သမားတို့ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ နက်စ်ရက်ရာဟီမီက ပြောသည်။

သေနတ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း နက်စ်ရက်ရာဟီမီက ပြောသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာမေရာက လူ ၆၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများတွင်ကလေးကိုးဦးပါဝင်ပြီး ပျက်စီးဆုံးရှုံးမှုများမှာ ယခုထက် ပိုများလာနိုင်သေးကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဆေးရုံပေါ်ရောက်ရှိနေသည့်ဒဏ်ရာရရှိသူများ၏ဓာတ်ပုံများကို လူမှုကွန်ရက်မီဒီယာများတွင် တွေ့ရှိရသည်။ ယခုလုပ်ရပ်မှာ တာလီဘန်များ၏ လက်ချက်ဟု ဝန်ခံခဲ့ပြီး ကာတာနိုင်ငံတွင် အမေရိကန်နှင့် တာလီဘန်တို့ ခုနစ်ကြိမ်မြောက်အဖြစ် ဆွေးနွေးခဲ့ပြီး နှစ်ရက်အကြာ ယခုလိုတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

တာလီဘန်တို့ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်အူလာမူဂျာဟစ်က တာလီဘန်တို့ ပစ်မှတ်ထားတိုက်ခိုက်လိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာနအဆောက်အအုံပင်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မည်သည့်နေရာကို ပစ်မှတ်ထား တိုက်ခိုက်ခံရခြင်း ဖြစ်သည်ကိုမူ အာဏာပိုင်များက အတည်ပြုပြောကြားခဲ့ခြင်းမရှိပေ။



ကဘူးလ်မြို့၌ ကားဗုံးပေါက်ကွဲမှုကို တွေ့ရစဉ်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# ဂျပန်နိုင်ငံမှ တောင်ကိုရီးယားသို့တင်ပို့မည့်ပစ္စည်းများ တင်းကျပ်

**တိုကျို ဇူလိုင် ၁**

တောင်ကိုရီးယားသို့တင်ပို့မည့် နည်းပညာမြင့်ကုန်ပစ္စည်းများကိုတင်းကျပ်မှုများ ပြုလုပ်သွားမည်ဟု ဂျပန်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလ အလုပ်သမားပြဿနာများနှင့် ပတ်သက်ပြီး တောင်ကိုရီးယားနှင့် ဂျပန်တို့ကြားဆက်ဆံရေးမှာ လွန်ခဲ့သည့်လမှာစတင်ကာ ဆိုးရွားလာခဲ့သည်။

သို့သော် တင်ပို့ကုန်များ ကန့်သတ်လိုက်ခြင်းကို လက်တုံ့ပြန်မှုဟု မထင်မှတ်သင့်ကြောင်း အရာရှိများက ပြောသည်။ အဆင့်မြင့်နည်းပညာအသုံးပြုထားသည့် ပစ္စည်းသုံးမျိုးအပေါ် ကုန်သွယ်မှုတင်းကျပ်လိုက်ခြင်းဖြစ်ကြောင်း စီးပွားရေးကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက ပြောသည်။

တင်းကျပ်လိုက်သည့် ပစ္စည်းစာရင်းတွင် စမတ်ဖုန်းပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း တို့ပါသည်။ ဇူလိုင် ၄ ရက်မှစတင်ကာ ဂျပန်ပို့ကုန်တင်ပို့သူများသည် တောင်ကိုရီးယားသို့တင်ပို့မည့် ပစ္စည်းများအတွက် ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ ဂျပန်နိုင်ငံမှ ကုမ္ပဏီများသည် အဆိုပါပစ္စည်းများအတွက် ဈေးကွက်ကြီးရရှိထားသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး တောင်ကိုရီးယားဘက်မှ ပြတ်ပြတ်သားသား တုံ့ပြန်ခဲ့သည်။ ယခုလိုပြုလုပ်ခြင်းမှာ တရားမျှတမှုမရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ကုမ္ပဏီများတွင် အတင်းခိုင်းစေခြင်းခံရသည့် တောင်ကိုရီးယားမှ အလုပ်သမားများအတွက် လျော်ကြေးပေးရန် တောင်ကိုရီးယားတရားရုံးမှ အမိန့်ချခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားဒုံးကျည် ဆိုက်ပရပ်စ်မြောက်ပိုင်းကို ထိမှန်ခဲ့သည်ဟု သံသယရှိ

**မော်စကို ဇူလိုင် ၁**

ဆီးရီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း သံသယဖြစ်ဖွယ် ရုရှားဒုံးကျည်တစ်စင်းသည် ဆိုက်ပရပ်စ်မြောက်ပိုင်းကျွန်းပေါ်သို့ ညသန်းခေါင်ကျော်အချိန်တွင် သံသယဖြစ်ဖွယ် ရုရှားဒုံးကျည်တစ်စင်း ကျရောက်ထိမှန်ပေါက်ကွဲခဲ့ကြောင်း ဆိုက်ပရပ်စ်မြောက်ပိုင်းရှိ အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ကနဦး စစ်ဆေးတွေ့ရှိချက်များအရ ဇွန် ၃၀ ရက် ညနေပိုင်းက ဆီးရီးယားကို လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း လေကြောင်းကာကွယ်ရေးအဖွဲ့အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရုရှားဒုံးကျည်တစ်စင်း ဆိုက်ပရပ်စ်သို့ ကျရောက်ခဲ့သည်ဟု အဆိုပါနယ်နိမိတ်မှ နိုင်ငံခြားရေးဝန်ကြီး ကူဒရက် အိုဇာစေက တွစ်တာပေါ်တွင်ရေးသားဖော်ပြခဲ့သည်။

အပျက်အစီးများပေါ်တွင် တွေ့ရသည့် အမှတ်အသားများမှာ ပြီးခဲ့သည့်နှစ်က တူရကီသို့ကျရောက်ခဲ့သည့် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ပေါ်တွင် တွေ့ရသည့်အမှတ်အသားများနှင့် တစ်ထေရာတည်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ဒုံးကျည်သည် မြေပြင်ပေါ်သို့ မကျရောက်မီပေါက်ကွဲခဲ့သည်ဟု ယူဆရကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသည့် ရှစ်နှစ်ကြာပြည်တွင်းစစ်အတွင်း ရုရှားက ဆီးရီးယားအစိုးရကို ကူညီပေးလျက်ရှိပြီး ဒုံးကျည်ကာကွယ်ရေးစနစ်များကိုလည်း ထောက်ပံ့ပေးခဲ့သည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း တစ်သန်းကျော်ကို နေရာရွှေ့ပြောင်းရန် အကြံပြုထား

**တိုကျို ဇူလိုင် ၁**

ဂျပန်မိုးလေဝသဌာန အာဏာပိုင်များက ကျူးရှူးကျွန်းရှိ လူပေါင်း ၁ ဒသမ ၂ သန်းခန့်ဝန်းကျင်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရန် တနင်္လာနေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနိမ့်ပိုင်းနေရာများတွင် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားနိုင်သည့်အတွက် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကာဂိုရှီးမားစီရင်စုတွင် အိမ်ထောင်စုပေါင်း ၂၈၅၉ စု လူပေါင်း ၆၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန်လိုအပ်ကြောင်း ညွှန်ကြားချက်ထုတ်ထားသည်။

ထိုဒေသတွင်အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးကို ရွှံ့နွံများကြားနစ်မြုပ်သွားမည့်ဘေးမှ ကယ်တင်ခဲ့ရသည်။ ကာဂိုရှီးမား၊ မီရာဇာကီ၊ ကူမာမိုတိုစီရင်စုတို့တွင် နေထိုင်ကြသော ပြည်သူများကို နေရာရွှေ့ပြောင်းရန် အကြံပြုထားပြီး ဒေသခံများလုံခြုံစိတ်ချရရေးအတွက် ခိုလှုံရာနေရာများတွင် ပြောင်းရွှေ့နေထိုင်ကြရန် ဒေသခံများကို တိုက်တွန်းထားသည်။ ကျူးရှူးကျွန်းတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သယ်ယူပို့ဆောင်ရေးစနစ်များတွင် ထိခိုက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



ကာဂိုရှီးမားစီရင်စုတွင် မိုးရွာသွန်းမှုကြောင့် ကမ်းပါးပြိုမှုအခြေအနေကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားနှင့် အမေရိကန်တို့ ဆွေးနွေးပွဲပြန်စမည့် ကြေညာချက်ကို ကုလအကြီးအကဲ ကြိုဆို

**ဂျီနီဗာ ဇူလိုင် ၁**
မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ အလုပ်သဘော ဆွေးနွေးပွဲများ ပြန်လည်စတင်မည်ဟု ကြေညာခဲ့မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကြိုဆိုကြောင်း ဇွန် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် အမေရိကန်တို့မှ ခေါင်းဆောင်များ ပန်မွန်ဂျုံကျေးရွာတွင် တွေ့ဆုံခဲ့မှုကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း၊ အထူးသဖြင့် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆွေးနွေးမှုများ ပြန်လည်စတင်မည်ဟူသော ကြေညာချက်ကို ကြိုဆိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် နျူကလီးယားလက်နက်ကင်းစင်ရေးတို့ကို ဦးတည်သည့် ဆက်ဆံရေးအသစ်တစ်ခု စတင်ရန် ကြိုးပမ်းအားထုတ်မှုကိုလည်း ကုလသမဂ္ဂက အပြည့်အဝထောက်ခံကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

လာမည့်သီတင်းနှစ်ပတ် သို့မဟုတ် သုံးပတ်အတွင်း အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏ ဆွေးနွေးပွဲပြန်လည်စတင်မည်ဟု အမေရိကန်သမ္မတက ဇွန် ၃၀ ရက်တွင် ပြောကြားခဲ့သည်။ စေ့စပ်ညှိနှိုင်းသူများက လုပ်ငန်းစဉ်များကို ပြန်လည်စတင်မည်ဖြစ်ပြီး မည်သို့ဆက်ဖြစ်မည်ကို တွေ့မြင်ရမည်ဟု သမ္မတထရမ့်က ပြောသည်။

**ဆင်ဟွာ**

### တက္ကဆတ်ပြည်နယ်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျပြီး လိုက်ပါလာသူအားလုံး သေဆုံး

**တက္ကဆတ် ဇူလိုင် ၁**
အမေရိကန်ပြည်ထောင်စု တက္ကဆတ်ပြည်နယ် ဒါးလက်စ်မြို့အနီးတွင် ဇွန် ၃၀ ရက်နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးသွားကြောင်း သိရသည်။

လေယာဉ်ငယ်သည် နံနက် ၉နာရီ ၁၀ မိနစ်တွင် ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လေယာဉ်ပေါ်လိုက်ပါလာသူ အားလုံး သေဆုံးသွားခဲ့ကြောင်း အက်ဒီဆန်မြို့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးမယ်ရီရှိဆန်ဘလစ်က ပြောကြားခဲ့သည်။

လေယာဉ်ငယ်သည် ဒါးလက်စ်မြို့လယ်ကောင်မှ ၂၅ ကီလိုမီတာအကွာတွင် တည်ရှိသည့် အက်ဒီဆန်လေဆိပ်တွင် ပျက်ကျကာ မီးလောင်ကျွမ်းသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်မြေပေါ်မှာ တာလီဘန်တို့ အလိုရှိသည့်အရာ

**ခြူးစန္ဒီနွေး**

**အာဖဂန်နစ္စတန်မှာ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးသဘောတူညီချက်ရအောင် အမေရိကန်သံတမန်တွေနဲ့ တာလီဘန်တို့အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ ဇွန်လနောက်ဆုံးအပတ်မှာ ပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာလည်း အမေရိကန်သံတမန်တွေရော တာလီဘန်တွေပါ မျှော်လင့်ချက်ကြီးကြီး ထားခဲ့ကြပါတယ်။ အာဖဂန်အစိုးရနဲ့ အမေရိကန်သံတမန်တွေကတော့ တာလီဘန်တွေဘက်ကသာ အာဖဂန်အစိုးရနဲ့ စားပွဲဝိုင်းမှာ အတူထိုင်ပြီး ဆွေးနွေးဖို့ သဘောတူလာရင် အာဖဂန်မြေပေါ်မှာ တာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်တပ်တွေကို ရုပ်သိမ်းဖို့ အချိန်သတ်မှတ်ချက်ကို ဖော်ပြပေးဖို့ အသင့်ပါပဲ။**



၁၉၉၆ ခုနှစ် အောက်တိုဘာလအတွင်းက အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိဈေးမြင်ကွင်းတစ်ခု။

**တာလီဘန်တို့ အလိုရှိသည့်အရာ**

နှစ်ဖက်စလုံးကစေ့စပ်ညှိနှိုင်းသူတွေဟာ ကိုးလတာ ကာလအတွင်း ခုနစ်ကြိမ်တိုင်တိုင် ကာတာနိုင်ငံ ဒိုဟာမြို့မှာ ဆွေးနွေးခဲ့ကြပေမယ့် သဘောတူညီချက်ရရှိဖို့ ဆိုတာကတော့ ဝေဝါးနေဆဲပါပဲ။ အာဖဂန်အစိုးရနဲ့ တာလီဘန်တို့ နိုင်ငံရေးအရ ဘယ်လိုရှေ့ဆက်သွားမလဲဆိုတာကို ဆွေးနွေးကြမယ့်အချိန်မှာတော့ အခက်ခဲဆုံးအပိုင်းရောက်လာတော့မှာပါ။

တာလီဘန်တွေဟာ ဘယ်လိုမျိုး အစိုးရကို လိုချင်သလဲဆိုတာလည်း မသဲကွဲသေးပါဘူး။ ဒါပေမယ့် တာလီဘန်တွေဟာ ဘယ်လိုမျိုး အုပ်ချုပ်မှုနဲ့ အာဏာကို လိုချင်သလဲဆိုတာကတော့ တာလီဘန်တို့ အာဖဂန်နစ္စတန်ကို အုပ်စိုးစဉ်ကာလက အကြမ်းရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်မယ်ဆိုရင် သဲလွန်စအနည်းငယ်ရနိုင်ပါတယ်။

၂၀၀၁ ခုနှစ် တာလီဘန်အစိုးရကို အမေရိကန်တို့ ဖြုတ်ချပြီးတဲ့ နောက်ပိုင်းမှာတော့ ဒီမူကြမ်းကို အကောင်အထည်မဖော်နိုင်ခဲ့တော့ပါဘူး။ စာမျက်နှာ ၁၄ မျက်နှာပါတဲ့ မူကြမ်းမိတ္တူကို တာလီဘန်တွေနဲ့ နီးစပ်သူများမှ တစ်ဆင့် နယူးယောက်တိုင်းမ်က ရရှိခဲ့ပါတယ်။

**စိုးရိမ်နေကြရ**

အဲဒီမူကြမ်းမှာ ရှုပ်ထွေးမှုတွေရှိနေပြီး အမျိုးသမီးတွေ ပညာသင်ကြားခွင့်၊ တရားဥပဒေနဲ့ လူနည်းစုတွေရဲ့ အခွင့်အရေးအတွက် ပြဿနာတွေရှိနေပါတယ်။ တာလီဘန်တွေဟာ အာဖဂန်နိုင်ငံရဲ့နေရာအတော်များများကို လွှမ်းမိုးထားနိုင်ပြီး ဖွဲ့စည်းပုံမူကြမ်းမှာ အခြေခံကျတဲ့မေးခွန်းတွေထဲမှာ အမျိုးသမီးတွေ ပညာသင်ကြားခွင့်ရရေးလည်း ပါဝင်ပါတယ်။

ယခုလက်ရှိ စေ့စပ်ညှိနှိုင်းမှုတွေမှာ အတားအဆီးဖြစ်နေတာကတော့ အမျိုးသမီးတွေနဲ့ လူနည်းစုတွေရဲ့ အခွင့်အရေးပါပဲ။ အမျိုးသမီးတွေနဲ့ လူနည်းစုတွေဟာ တာလီဘန်တွေ အုပ်ချုပ်စဉ်က စည်းမျဉ်းဥပဒေတွေအောက် တစ်ဖန်ပြန်လည်ရောက်ရှိသွားမှာကို စိုးရိမ်ကြပါတယ်။ တာလီဘန်တွေဟာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ တင်းကျပ်တဲ့ ဥပဒေတွေနဲ့ အုပ်ချုပ်ခဲ့ပါတယ်။

**ရွေးကောက်ပွဲကို လက်ခံမှာမဟုတ်**

တာလီဘန်တွေ လက်ထက်တုန်းက တရားရေး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဂျလာလုဒင်ရှင် ဝါရီကတော့ တာလီဘန်တွေက ရွေးကောက်ပွဲကို လက်ခံမှာမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ ယခင် သူတို့အုပ်ချုပ်စဉ်က စည်းမျဉ်းဥပဒေတွေကို လက်ခံပေးဖို့ အမေရိကန်ကို တောင်းဆိုလိမ့်မယ်လို့ ပြောပါတယ်။

တကယ်လို့ ညှိနှိုင်းမှုတွေဟာ ကွဲလွဲချက်တွေနဲ့ပဲ အဆုံးသတ်ခဲ့ရရင် အခြေအနေတွေဟာ အရင်ကထက်ပိုပြီး ကြောက်စရာကောင်းလာလိမ့်မယ်လို့ သူက ဆက်ပြောပါတယ်။ အာဖဂန်အစိုးရ အရာရှိတွေကလည်း တာလီဘန်တွေအုပ်စိုးစဉ်က ကျင့်သုံးခဲ့တဲ့တင်းကျပ်တဲ့ ဥပဒေတွေကို ပြန်ပြီး လက်ခံပေးဖို့ဆိုတာ အာဖဂန်နိုင်ငံသားတွေအတွက် မဖြစ်နိုင်ဘူးလို့ ပြောခဲ့ကြပါတယ်။

**ငြိမ်းချမ်းရေးအစစ်မဟုတ်**

ယခင်စည်းမျဉ်းတွေရဲ့လွှမ်းမိုးမှုမကင်းဘဲ ရရှိတဲ့ ငြိမ်းချမ်းရေးဟာငြိမ်းချမ်းရေးအစစ်မဟုတ်ဘူး၊ ဒါဟာ အဖွဲ့အစည်းတစ်ခုထံ အခြားအဖွဲ့အစည်းတစ်ခုက လက်နက်ချလိုက်ရတာနဲ့ မခြားပါဘူးလို့ အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ မိုဟာမက် ကာရင်ခါလီလီက ပြောပါတယ်။

တာလီဘန်တွေကလည်း လက်နက်ချမှာမဟုတ်သလို၊ အာဖဂန်ပြည်သူတွေကလည်း တာလီဘန်တို့ အုပ်စိုးစဉ်က စည်းမျဉ်းတွေကို လက်ခံပေးနိုင်မှာ မဟုတ်ဘူးလို့ သူကဆက်ပြောပါတယ်။ တာလီဘန်တွေ လက်အောက်က လွတ်လာတာနှစ်ပေါင်း ၂၀ ကျော်ကြာလာပြီး ခေါင်းဆောင်နှစ်ဆက်ပြောင်းတာတောင် တာလီဘန်တွေဟာ အားကောင်းဆဲပါပဲ။

**ခက်ခဲတဲ့လမ်းပေါ် လျှောက်လှမ်းနေရ**

ဒိုဟာမြို့က ဆွေးနွေးပွဲမှာတက်ရောက်လာကြတဲ့ တာလီဘန်ဘက်က ညှိနှိုင်းသူတွေ အများစုကတော့ ရှေ့တန်းမှာ တိုက်ခိုက်ခဲ့ဖူးသူတွေမဟုတ်သလို၊ တချို့တွေ ကျပြန်တော့လည်း ဆယ်စုနှစ်တစ်ခုကြာ အဝေးမှာ ထွက်ပြေးနေရသူတွေလည်း ဖြစ်ပါတယ်။ လက်ရှိမှာခက်ခဲတဲ့ လမ်းပေါ်မှာ လျှောက်လှမ်းနေရတယ်ဆိုတာကို သူတို့လည်း သိပါတယ်။

၁၉၉၈ ခုနှစ်တုန်းက တာလီဘန်ခေါင်းဆောင် မူလာအိုမာဟာ ဘာသာရေးပညာရှင် ၅၀၀ ခန့်ကို ဖိတ်ကြားခဲ့ပါတယ်။ သူ့အစိုးရအဖွဲ့အတွက် ဖွဲ့စည်းပုံမူကြမ်းကိုရေးဆွဲဖို့ ဖိတ်ခေါ်ခဲ့တာပါ။ တိုင်းပြည်နေရာအနှံ့အပြားက ရောက်ရှိလာတဲ့ ဘာသာရေးပညာရှင်တွေဟာ ဥပဒေကြမ်းရေးဆွဲဖို့ သမ္မတနန်းတော်မှာ စုဝေးခဲ့ကြပါတယ်။

**အမျိုးသမီးအခွင့်အရေးအတွက် စိတ်ချရပါ့မလား**

အစ္စလာမ့်စ် တရားဥပဒေဘောင်အတွင်းက အမျိုးသမီးတွေ ပညာသင်ကြားရေးကို အထူးဥပဒေအဖြစ် ပြောင်းလဲမယ်လို့ ပြောခဲ့ပေမယ့် လက်တွေ့မှာတော့ တာလီဘန်တွေ အုပ်စိုးစဉ်အခါက အမျိုးသမီးကျောင်းတွေဟာ ပျောက်ကွယ်လုနီးနီးပါပဲ။ တစ်ကိုယ်လုံးကို ဖုံးအုပ်နိုင်တဲ့အဝတ်ဝတ်ဆင်မထားဘဲ အပြင်ထွက်မိတဲ့ အမျိုးသမီးတွေကို ကြိမ်ဒဏ်ပေးတာတွေဟာလည်း ထင်ရှားလှပါတယ်။

တာလီဘန်တွေ တစ်နိုင်ငံလုံးကို ဘယ်လိုပုံစံနဲ့အုပ်ချုပ်ချင်သလဲဆိုတာကတော့ ယခင်သူတို့ကျင့်သုံးခဲ့တဲ့ အစ္စလာမ့်စ်ဥပဒေတွေအတိုင်း ပြန်အုပ်ချုပ်ဖို့ပါပဲ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ အစ္စလာမ့်စ်အစိုးရဖြစ်ဖို့ပါပဲလို့ တာလီဘန်အဖွဲ့က ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပြောပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ အုပ်ချုပ်သွားမလဲဆိုတာကတော့ အခုအချိန်မှာဆုံးဖြတ်လို့ မရသေးပါဘူး။ ဘာသာရေးခေါင်းဆောင်တွေ၊ သုတေသီတွေ၊ အာဖဂန်အာဏာပိုင်တွေဟာ မှန်ကန်တဲ့အချိန်မှာ ဆုံးဖြတ်ချက်ချရမှာပဲဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။

**တိုက်ပွဲများဆက်လက်ဖြစ်ပွား**

ဇွန် ၂၉ ရက်မှာတော့ အမေရိကန်နဲ့ တာလီဘန်အရာရှိတွေဟာ ခုနစ်ကြိမ်မြောက်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အာဖဂန်နိုင်ငံအတွင်းမှာ တိုက်ပွဲတွေဟာလည်း ပြင်းပြင်းထန်ထန် ဆက်လက် ဖြစ်ပွားနေတုန်းပါပဲ။

ဇွန် ၂၈ ရက်က ဖြစ်ပွားခဲ့တဲ့တိုက်ပွဲကြောင့် တာလီဘန်အုပ်စုနှင့် အာဖဂန်အစိုးရဘက်က တိုက်ခိုက်ရေးသမားစုစုပေါင်း ၃၀၀ ခန့် သေဆုံးခဲ့ရတယ်လို့ နှစ်ဖက်စလုံးက ပြောပါတယ်။ နှစ်ဖက်စလုံးက တိုက်ပွဲအရှိန်မြင့်နေချိန်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် နှစ်ဖက်စလုံးက ညှိနှိုင်းနိုင်ဖို့ လိုအပ်လာပါတယ်။ မကြာသေးမီက ထွက်ပေါ်လာတဲ့ကုလသမဂ္ဂရဲ့အစီရင်ခံစာအရ တာလီဘန်တွေဆီမှာ တိုက်ခိုက်ရေးသမား ၆၀၀၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

**ငြင်းဆန်နေဆဲ**

အာဖဂန်အစိုးရက ငြိမ်းချမ်းရေးအတွက် တာလီဘန်တွေကို သူတို့နဲ့ တိုက်ရိုက်ဆွေးနွေးစေလိုပေမယ့် တာလီဘန်တွေကတော့ ငြင်းဆန်နေဆဲပါပဲ။ အမေရိကန်တပ်ဖွဲ့ဝင်တွေ မရုပ်သိမ်းသရွေ့ အာဖဂန်အစိုးရနဲ့ ဆွေးနွေးဖို့ မဖြစ်နိုင်ဘူးလို့ အကြောင်းပြချက်ပေးနေဆဲပါပဲ။

**မျှော်လင့်ချက်ထား**

တကယ်လို့များ အကြမ်းဖက်တန်ပြန် နှိမ်နင်းရေးအတွက် သဘောတူညီချက်ရော၊ အမေရိကန်တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းဖို့ အကြောင်းရော တာလီဘန်နဲ့ အမေရိကန်တို့ နောက်ဆုံးသဘောတူညီမှုရရှိသွားပြီဆိုရင် ဇူလိုင်လ အစောပိုင်းမှာပဲ အာဖဂန် ၆၀ ခန့်ဟာ တာလီဘန်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံသွားနိုင်လိမ့်မယ်လို့ အနောက်အုပ်စုမှ အရာရှိတွေက ပြောပါတယ်။

တာလီဘန်တွေနဲ့ အာဖဂန်အစိုးရတို့ကြား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရင် ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ လမ်းစဖြစ်လာနိုင်တာကြောင့် နှစ်ဖက်စလုံး ငြိမ်းချမ်းစွာ တွေ့ဆုံနိုင်ဖို့ မျှော်လင့်ချက်ထားနေကြပါတယ်။ ဒါပေမယ့် တာလီဘန်တွေရဲ့ တောင်းဆိုမှုကို အာဖဂန်အစိုးရလက်ခံနိုင်ပါ့မလားဆိုတာကလည်း စိုးရိမ်ဖွယ်မေးခွန်းတစ်ခုပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

**ယခုလက်ရှိ စေ့စပ်ညှိနှိုင်းမှုတွေမှာ အတားအဆီးဖြစ်နေတာကတော့ အမျိုးသမီးတွေနဲ့ လူနည်းစုတွေရဲ့ အခွင့်အရေးပါပဲ။ အမျိုးသမီးတွေနဲ့ လူနည်းစုတွေဟာ တာလီဘန်တွေ အုပ်ချုပ်စဉ်က စည်းမျဉ်းဥပဒေတွေအောက် တစ်ဖန်ပြန်လည်ရောက်ရှိသွားမှာကို စိုးရိမ်ကြပါတယ်။ တာလီဘန်တွေဟာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ တင်းကျပ်တဲ့ ဥပဒေတွေနဲ့ အုပ်ချုပ်ခဲ့။**

# တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ပုသိမ်၌ဖွင့်

**ပုသိမ် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးခန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှမိုးအောင်က အဖွဲ့ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားကို စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ၂၀၁၆ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းဖြစ်ကြောင်းကို လေ့လာသိရကြောင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးသည်ဆိုရာတွင် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်တို့ပေးခြင်းဖြစ်ကြောင်း၊ အထောက်အကူပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ ဥပဒေ ဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာအထောက်အကူရရှိစေရန်၊ ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဆိုသည့် အလွန်မွန်မြတ်သောရည်ရွယ်ချက်များ ချမှတ်ပေးသည့်ဥပဒေဖြစ်ကြောင်း၊ တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို အများပြည်သူအတွက် ခံစားခွင့်ရရှိနိုင်စေရန် ပြဋ္ဌာန်းထားသော နိုင်ငံတော်ကဦးတည်ဆောင်ရွက်မည့် အလွန်မွန်မြတ်ကောင်းမွန်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဥပဒေအထောက်အကူပေးရေးအဖွဲ့များအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ကြပါစေရန် ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဥပဒေ အထောက်အကူပေးရေးအဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း အပြေးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပေးစဉ်။

# မကွေးမြို့ အထက (၄) ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မကွေး ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ဦးဆောင်ကာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ယနေ့နံနက်က မကွေးမြို့ အမှတ်(၄) အထကကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ် (၄) အထကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကျွန်း၊ ပိတောက်၊ တမာ၊ မည်စည်၊ ယင်းမာ၊ သရက် စသည့်ပျိုးပင်ပေါင်း ၂၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မကွေးတက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ကမ်းလင့်ရောင်ခြည်တို့ ပူးပေါင်း၍ ဇွန် ၂၉ ရက်က မကွေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ ပြဇာတ်များ၊ တေးသရုပ်ဖော်များဖြင့် အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် မကွေးမြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်ဖြစ်ကာ အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်း ထူးချွန်အမျိုးသမီးများအား ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ပျိုးပင်များ ဖြန့်ဝေပေးစဉ်။

# ကွန်ဟိန်းမြို့၌ ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကွန်ဟိန်း ဇူလိုင် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အပြေးပြိုင်ပွဲတွင် ဆုရရှိသူများအား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် တာဝန် ရှိသူများက ဆုများပေးအပ်ခဲ့သည်။

အဆိုပါအပြေးပြိုင်ပွဲတွင် အမျိုးသားပန်းဝင်အဆင့် ၃၀၊ အမျိုးသမီးပန်းဝင်အဆင့် ၃၀ တို့ကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြပြီး မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သစ်သီးဝလံနှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဆင်း

**မြောက်ဦး ဇူလိုင် ၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သစ်သီးဝလံနှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို ဇွန် ၂၈ ရက်က အဆိုပါဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းရန်နိုင်သူက သင်တန်းသား၊ သင်တန်းသူများအား သင်ယူခဲ့သော ပညာရပ်များဖြင့် မိသားစု ဝင်ငွေတိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးအဖြစ် အကျိုးရှိစွာ အသုံးချစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ဖွင့်လှစ်ခဲ့သော သင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာနှင့် ကယ်ဆယ်ရေးစခန်းနေ ပြည်သူ သင်တန်းသား သုံးဦးနှင့် သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကာ သစ်သီးဝလံဆိုင်ရာထုတ်ကုန်နှင့် လူသုံးကုန်များ ထုတ်လုပ်နည်းများကို သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရက်ကန်းပညာ အဆင့်မြှင့်တင်ပေးခြင်းသင်တန်းဖွင့်

**စစ်တွေ ဇူလိုင် ၁**

ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက်ကန်းပညာ အဆင့်မြှင့်တင်ပေးခြင်းသင်တန်းနှင့် ရက်ကန်းစင် ၃၀ ထောက်ပံ့ပေးခြင်းအခမ်းအနားကို ယနေ့နံနက်က စစ်တွေမြို့နယ် ကျောက်တန်းချေကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဖြိုးက ရက်ကန်းပညာအဆင့်မြှင့်တင်ခြင်းသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ပြည်နယ်ဝန်ကြီးက ရက်ကန်းစင် ၃၀ ကို လွှဲပြောင်းပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။ အဆိုပါသင်တန်းကို စစ်တွေမြို့နယ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြကာ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများက တစ်လကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မိရိုးဖလာရက်ကန်းလုပ်ငန်းများမှ စနစ်ကျသည့် ရက်ကန်းလုပ်ငန်းများ ဖြစ်လာစေရန်၊ အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးကွက်ထိုးဖောက်လာနိုင်စေရန်၊ လူကြိုက်များပြီး ဈေးကွက်ကျယ်ပြန့်လာသည့်အခါ ဒေသတွင်းရှိ ရက်ကန်းလုပ်ငန်း လုပ်ကိုင်နေသူများ စီးပွားရေးပြေလည်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ရခိုင်လုံချည်များကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါ သိရှိပြီး စိတ်ဝင်စားမှုများလာစေရန် ရည်ရွယ်ပြီးဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဖလမ်းမြို့၌ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် သတိပေးဆိုင်းဘုတ်စိုက်ထူပြီး ပညာပေးဟောပြော

**ဖလမ်း ဇူလိုင် ၁**

ဖလမ်းမြို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်မှုကင်းဝေးစေရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် သတိပေးဆိုင်းဘုတ်ကို ဖလမ်းမြို့ လမ်းဆုံထီးရိပ်၌ ဇူလိုင် ၁ ရက်က စိုက်ထူခဲ့ပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကိုလည်း ပြုလုပ်ခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ကယ်စီးရင်း မတော်တဆဖြစ်ပွားပါက အသက်အန္တရာယ်ထိခိုက်နိုင်မှု လျော့နည်းစေရန် ရည်ရွယ်၍ သတိပေးဆိုင်းဘုတ်ကို ဖလမ်းမြို့၏ လူစည်ကားရာနေရာဖြစ်သော လမ်းဆုံ ထီးရိပ်၌ စိုက်ထူခြင်းဖြစ်ကာ ဟောပြောပွဲတွင် အမှတ်(၁၆) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဘန်နီဖိုင်းက ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ အသိပညာပေးဟောပြောပြီး အမှတ်(၁၀၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ် သန်းမြင့်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဂျွန်**



# ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး တောင်သူပညာပေး ဟောပြော

**ထီးလင်း ဇူလိုင် ၁**

တောင်သူများ မိမိတို့ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်ပြီး အသိပညာဗဟုသုတ ရရှိကာ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများ၌ ထိရောက်စွာ အသုံးပြုတတ်စေရေးတို့အတွက် ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး တောင်သူပညာပေး ဟောပြောပွဲကို ယမန်နေ့က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် စို့ပြားကျေးရွာ မြတ်တော်ဝင်စုရပ်ဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြေမှန်မျိုးမှန်၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပြောင်းစိုက်ခင်းများတွင် ကျရောက်တတ်သော ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းနည်းများ၊ စပါးစိုက်ပျိုးနည်းစနစ်နှင့် သွင်းအားစုဓာတ်မြေဩဇာ အချိန်ကိုက်အချိုးညီ အသုံးပြုတတ်စေရေး စသည့်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် စိုက်ပျိုးနည်းစနစ်အကြောင်းတို့ကို ပညာပေးရှင်းလင်းဟောပြောခဲ့ကြရာ ကျေးရွာရှိ တောင်သူ ၁၀၇ ဦး တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# လဟယ်မြို့နယ်၌ ပထမဆုံး နွေစပါးစမ်းသပ်စိုက်ပျိုးမှု အောင်မြင်

**လဟယ် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်မြို့နယ်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် အုံ့ပေါ်ကျေးရွာမှ တောင်သူတစ်ဦး၏ လယ်မြေ၌ နွေစပါး ရက် ၉၀ စပါးမျိုး တစ်ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး အဆိုပါ စိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၉ ရက်က ပြုလုပ်ခဲ့ရာ စိုက်ပျိုးမှု အောင်မြင်ခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် နာဂဒေသ ဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးလော်ယုံက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်ကျော်စိုးက စိုက်ပျိုးနည်းပညာများကို ရှင်းလင်းပြောကြားကာ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ကြဲပက်ခြင်း၊ စပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချမှု သရုပ်ပြခြင်းနှင့် မျိုးစပါးဆားရည်စိမ်နည်း လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် နွေစပါးစမ်းသပ်စိုက်ခင်းစံကွက်ကို ရိတ်သိမ်းခဲ့ရာ စပါးအစို ၁၀၅ ဒသမ ၄၃ တင်းနှုန်း ထွက်ရှိခဲ့ပြီး နာဂဒေသ၏ ထူးထူးခြားခြား အောင်မြင်သော နွေစပါးစိုက်ပျိုးမှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။



နွေစပါး စမ်းသပ်စိုက်ခင်းအတွင်း စံကွက်ရိတ်သိမ်းနေစဉ်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညီညီနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဆည်၊ တမံများသို့ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော် မျိုးစိုက်ထည့်မည်

**မုံရွာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆည်၊ တမံများအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော်ကို ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ငါးသယံဇာတတွေ မပြုန်းတီးစေဖို့အတွက် ဆည်မြောင်းနဲ့ တမံတွေအထဲကို ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်တွေ နှစ်စဉ် မျိုးစိုက်ထည့်ပေးနေပါတယ်။ အခုဘဏ္ဍာနှစ်မှာလည်း မြို့နယ် ၁၀ မြို့နယ်မှာရှိတဲ့ ဆည်တမံ အခု ၂၀ ထဲကို ငါးသားပေါက်တွေ မျိုးစိုက်ထည့်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆည်တမံများအတွင်းသို့ ငါးသားပေါက်စိုက်ထည့်မည့်အစီအစဉ်တွင် မြို့နယ်အလိုက် လျာထားမှုမှာ တန့်ဆည်မြို့နယ် မဟာသီရိကန်နှင့် ကာဘိုးဆည်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ မုံရွာမြို့နယ် ထန်းဇလုပ်ဆည်၊ သာစည်ဆည်နှင့် ဇောဓိတထောင်ဆည်များအတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသိန်း၊ ဘုတလင်မြို့နယ် မြို့သစ်တမံအတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ကန့်ဘလူမြို့နယ် သိန်ရင်ဆည်၊ ကင်းတပ်ဆည်နှင့် လင်ပန်းဆည်များအတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ၊ ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသိန်း၊ စစ်ကိုင်းမြို့နယ် အုန်းတောဆည်၊ နုံးတွင်း (၃) ဆည်၊ ထန်းဖူးတောဆည်၊ ဆားတောင်ဆည်နှင့် ကျောက်ဖုရားလေးတမံများအတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ၊ ဆားလင်းကြီးမြို့နယ် ဆားလင်းကြီးဆည်နှင့် ငွေသာဆည်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ ဟုမ္မလင်းမြို့နယ် နမ့်တစ်လုံးဆည်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသောင်း၊ အင်းတော်မြို့နယ် အင်းတော်လေးအင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲနှင့် ဗန်းမောက်မြို့နယ် နားယကာဆည် အတွင်းသို့ ငါးသားပေါက် ကောင်ရေ ငါးသောင်း မျိုးစိုက်ထည့်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဒိုက်ဦးမြို့နယ် ညောင်ထောက်ပင်ကျေးရွာရှိ ဘုန်းတော်ကြီးသင် ပရဟိတကျောင်းသို့ အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ညောင်ထောက်ပင်ကျေးရွာရှိ ဓမ္မပီတိပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် နေပြည်တော်မှ စေတနာရှင်၊ အလှူရှင်များ စုပေါင်းထည့်ဝင်သည့် နဝကမ္မ အလှူငွေကျပ် ၅ သိန်းကို အလှူရှင်များကိုယ်စား နေပြည်တော်နေ ဦးမင်းမင်းလတ် (သတင်းထောက်) နှင့် အကျိုးတော်ဆောင် ဦးလွင်ဦးတို့က ဇွန် ၂၈ ရက်က ဓမ္မပီတိဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဦးတေဇနိယ ထံသို့ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# ဇူလိုင်လအတွင်း မန္တလေးမြို့၌ ကျင်းပမည့်ပွဲများ

### မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေနှင့် လူသုံးကုန်ပစ္စည်းအရောင်းပြပွဲကြီး ကျင်းပမည်

မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေနှင့် လူသုံးကုန်ပစ္စည်းအရောင်းပြပွဲကြီးကို မန္တလေးမြို့၂၆လမ်းနှင့် ၇၁လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Franchising Launching Event ဆွေးနွေးပွဲ ကျင်းပမည်

Franchising Launching Event ဆွေးနွေးပွဲကို မန္တလေးမြို့ သိပ္ပံလမ်းပေါ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည် ဖြစ်ရာ ဟောပြောဆွေးနွေးမည့် ဆရာကြီးများမှာ ဒေါက်တာ အောင်ထွန်းသက်၊ ဦးတင်ဇံကျော်၊ ဦးအောင်နိုင်ဦး၊ ဦးမြင့်ဇော်နှင့် ဦးသူရိန်ငြိမ်းတို့က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကလေးရယူခြင်းဟောပြောပွဲ ကျင်းပမည်

ထိုင်းနိုင်ငံ ဗန်ကောက် ဆေးရုံမှ မျိုးပွားမှုဆိုင်ရာ အထူးကုဆရာဝန်မကြီး ဒေါက်တာ ဆာဆာဝီမော၏ ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကလေးရယူခြင်း ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့ရှိ မြတ်နန်းယုံဟိုတယ်၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့အခြေစိုက် ခရီးသွားလုပ်ငန်းများ ပထမအကြိမ်တွေ့ဆုံပွဲ ကျင်းပမည်

မန္တလေးမြို့အခြေစိုက် ခရီးသွားလုပ်ငန်းများ ပထမအကြိမ်တွေ့ဆုံပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၅၃လမ်းထောင့်ရှိ Serene Restaurant ၌ ဇူလိုင် ၆ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အထက်မြန်မာပြည်တက္ကသိုလ်၊ဒီဂရီကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်

အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ဇူလိုင် ၁၆ ရက် မှ ၂၁ ရက် အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

### Mandalay Dental Conference ၂၀၁၉ ကျင်းပမည်

Mandalay Dental Conference ၂၀၁၉ ကို မန္တလေးမြို့ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၌ ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၂၀ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၀ ကျပ် | ၈၄၀/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၄ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၂ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၈ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၉ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၁ ・ ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ ・ ၁၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ ・ ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၄၆၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်ပြည်တစ်လွှား နှီးဘုရားများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရှေးအစဉ်အဆက်ကပင် ထေရဝါဒ ဗုဒ္ဓဘာသာကို ပြည်သူအများစု ကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဆင်းတုတော်များကို ဗုဒ္ဓဘာသာဝင် မိသားစုများ၏ နေအိမ်တစ်ခုချင်းမှသည် စေတီ၊ ပုထိုး၊ ကျောင်းကန်များအထိ ထားရှိပူဇော်ကြသည်။ ဗုဒ္ဓဆင်းတုတော်များကို ကျောက်၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သစ်၊ အုတ်၊ အင်္ဂတေ စသည်တို့ဖြင့် ပြုလုပ်ခဲ့ကြရာ ယနေ့တိုင် ဘုရားဆင်းတုတော် ကြေးသွန်းလုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်းများကို မြင်တွေ့နေကြရပေသည်။

မျက်မှောက်ခေတ်တွင် ရွှေ၊ ငွေ၊ ကြေး၊ ကျောက်နှင့် ကျောက်စိမ်း၊ မြ၊ ပယင်း စသည့် ကျောက်မျက်ရတနာ ဆင်းတုတော်များအပြင် နှီးဖြင့်ပြုလုပ်သည့် ရုပ်ပွားတော်များကိုလည်း ဖူးတွေ့လာကြရပေသည်။

### ဆင်းတုတော်ထုလုပ်မှု နောက်ခံသမိုင်း

ဗုဒ္ဓဆင်းတုတော်များကို ထုလုပ်၊ သွန်းလုပ်ကြရာတွင် သက်ရှိလူသားများ၏ ကိုယ်ဟန်လေးပါး (ဣရိယာပထ)ဖြစ်သည့် လျောင်း၊ ထိုင်၊ ရပ်၊ သွား တစ်မျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ အိမ်များ၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများရှိ ဘုရားခန်းဆောင်များတွင် ကိုးကွယ်သည့် ဆင်းတုတော်များသည် ထိုင်တော်မူ ရုပ်ပွားတော်များက အများစုဖြစ်ကာ ပုဂံရှိ အာနန္ဒာစေတီအပါအဝင် စေတီပုထိုးအချို့တွင် ရပ်တော်မူဟန် ရုပ်ပွားတော်များကို ဖူးတွေ့ကြရသည်။ ထို့အတူ လျောင်းတော်မူ ရုပ်ပွားများကို ပဲခူးမြို့ရှိ ရွှေသာလျောင်း၊ စိန်သာလျောင်းနှင့် မြသာလျောင်းဟူသည့် လျောင်းတော်မူစေတီတော် သုံးဆူအပြင် ထင်ရှားသော စေတီတော်အချို့၌လည်း မြင်တွေ့နိုင်ကြကာ သွားတော်မူဟန်များကိုမူ အချို့သော စေတီပုထိုးများ၏ ပရိဝုဏ်အဝန်းအဝိုင်းများအတွင်း၌ ဖူးတွေ့ကြရပေသည်။

ဗုဒ္ဓဘုရားရှင်သည် ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ် ဧပြီ ၃၀ ရက် (မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့)တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၌ ပွင့်ထွန်းတော်မူခဲ့ပြီးနောက် ဗုဒ္ဓဘာသာသည် ယနေ့တိုင် ကမ္ဘာပေါ်၌ ကိုးကွယ်ယုံကြည်သူ များပြားသည့် အဓိက ဘာသာကြီးများထဲတွင် ပါဝင်ခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယနဗုဒ္ဓဘာသာဟု ဂိုဏ်းနှစ်ခု ကွဲပြားခဲ့သော်လည်း ဂိုဏ်းနှစ်ခုလုံးသည် ဂေါတမဗုဒ္ဓဘုရားရှင်ကိုသာ ကိုးကွယ်ကြသဖြင့် ဗုဒ္ဓဆင်းတုတော်များကို ဂိုဏ်းနှစ်ခုလုံးက ထုလုပ်ကိုးကွယ်ခဲ့ကြသည်။

ခရစ်တော်မပေါ်မီ ၅၄၄ ခုနှစ် မေလ ၁၃ ရက်(မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့)တွင် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့ပြီးနောက် နှစ်ပေါင်း ၂၃၆ နှစ် ကြာမြင့်ခဲ့သည့် တတိယသင်္ဂါယနာတင်ချိန် (ဘီစီ ၃၀၈ ခုနှစ်)အထိ ဘုရားရှင်၏ပုံကို ရုပ်တုများထုလုပ် ကိုးကွယ်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရချေ။ ပညာရှင်များက ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ကိုးကွယ်မှုသည် ခရစ်တော်ပေါ်ပြီး ၇၅ ခုနှစ်(အေဒီ ၁ ရာစု)တွင်မှ စတင်ခဲ့ကြောင်း ယူဆကြသည်။

ဗုဒ္ဓပွင့်ထွန်းခဲ့သည့် အိန္ဒိယနိုင်ငံတွင် အစောဆုံးတည်ထားခဲ့သည့် စေတီတော်များဖြစ်သော ဘာဟွတ်၊ ဆန်ချီနှင့် အမရဝတီ စေတီများတွင် ဗုဒ္ဓရုပ်ပွားတော်များ မရှိဘဲ ဗုဒ္ဓ၏ သင်္ကေတအမှတ်အသားများအဖြစ် ဆန်ချီစေတီ၌ ကြာပန်း၊ ဗောဓိပင်၊ ခြေတော်ရာ၊ ထူပါ စသည့် အမှတ်လက္ခဏာများကိုသာ ထည့်သွင်းပြုလုပ်ခဲ့သည်။

သင်္ဂါယနာတင်ကျမ်းမဟုတ်သည့် အချို့သော ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းများတွင်မူ ဘုရားရှင်လက်ထက်က ဆင်းတုတော်များရှိခဲ့ကြောင်း ရေးသားခဲ့ကြသော်လည်း ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရ ခရစ်တော်ပေါ်ပြီး ၁ ရာစု ရောက်မှသာ ဗုဒ္ဓဆင်းတုတော်များကို ထုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ဂရိဘုရင် အလက်ဇန္ဒြားသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂန္ဓာရတိုင်းကို သိမ်းပိုက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၌ ဂရိကျောက်ဆစ်အနုပညာတစ်ရပ် ထွန်းကားလာခဲ့သည်။ ထိုအချိန်တွင် ဂန္ဓာရကျောက်ဆစ်ပညာရှင်များက ဗုဒ္ဓရုပ်ပွားတော်များကို ဂရိနှင့် ရောမ ဟန်များကိုမှီး၍ ထုလုပ်ခဲ့ကြခြင်းသည် အစောဆုံး ဗုဒ္ဓဆင်းတုတော်များ ဖြစ်လာခဲ့ကြသည်။

### ဗုဒ္ဓရုပ်ပွားတော်များနှင့် မြန်မာနိုင်ငံ

ဗုဒ္ဓပွင့်ထွန်းကာ ဗုဒ္ဓယဉ်ကျေးမှု စတင်အခြေတည်ခဲ့သည့် အိန္ဒိယတိုက်တွင်လည်း အန္ဓရမင်းဆက်စိုးစံခဲ့သည့် အန္ဓရခေတ်(ခရစ်တော်မပေါ်မီ ၇၂ ခုနှစ်မှ ၂၅ ခုနှစ်)အထိ ရုပ်ပွားဆင်းတု ထုလုပ်ကိုးကွယ်မှု မရှိခဲ့ချေ။ သို့သော် ကုသျှန်ခေတ်(ခရစ်နှစ် ၄၀ ခုနှစ်မှ ၃၂၀ ခုနှစ်)တွင် အိန္ဒိယနိုင်ငံ ယမုံနာမြစ်ကမ်းပါးရှိ မထုရာဒေသ၌ ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

ယင်းအချိန်မှစ၍ အိန္ဒိယနိုင်ငံတွင် ခေတ်အလိုက် ဗုဒ္ဓဆင်းတုများကို ထုလုပ်ခဲ့ကြသည်။ မထုရာနှင့်ခေတ်ပြိုင် အမရဝတီခေတ်(အေဒီ ၂ ရာစု)တွင် အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကစ္စနမြစ်ဝအနီးမှ အမရဝတီမြို့အနီးတစ်ဝိုက်တွင် ဗုဒ္ဓဆင်းတုများကို စတင်ထုလုပ်ခဲ့သည်။ အမရဝတီခေတ်ဟန် ရုပ်ပွားဆင်းတုတော်ကို မြန်မာနိုင်ငံ ပျူဒေသများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ မိုင်းမောစသည့် နေရာများမှ တူးဖော်ရရှိခဲ့သဖြင့် ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ကိုးကွယ်သည့် ယဉ်ကျေးမှုသည် အမရဝတီမြို့မှတစ်ဆင့် သရေခေတ္တရာသို့ ရေလမ်းခရီးမှ ရောက်ရှိလာခဲ့ကြောင်း ယူဆချက်များ ရှိခဲ့သည်။

ခရစ်တော်ပေါ်ပြီး ၂ ရာစုမှ ၅ ရာစုအတွင်း ဂန္ဓာရတိုင်း၌ ဗုဒ္ဓကျောက်ဆင်းတု ထုလုပ်မှုများ ထွန်းကားခဲ့ကာ ဂုပ္ပတခေတ်(ခရစ်နှစ် ၃၂၀ ပြည့်နှစ်မှ ၆၅၀ ပြည့်နှစ်)တွင် ဗုဒ္ဓဆင်းတုတော်များကို သဲကျောက်များ၊ ကြေးဝါများဖြင့် ထုလုပ်ခဲ့ကြသည်။

ပါလခေတ်(ခရစ်နှစ် ၇၅၀ ခုနှစ်မှ ၁၁၇၄ ခုနှစ်)တွင် ကျောက်ဆစ်၊ ကြေးသွန်းနှင့် မြေမီးဖုတ်အုတ်ခွက်များကို အနုစိတ် ထုလုပ်ခဲ့သည်။ ပုဂံခေတ်လက်ရာ ဆင်းတုအချို့သည် ပါလခေတ် လက်ရာဟန်များ လွှမ်းမိုးနေခဲ့သည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်ဆံမှုများရှိခဲ့သဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်မှုသည် ပျူခေတ်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ပျူမြို့ဟောင်း ဗိဿနိုးမှ ဉာဏ်တော် ငါးစင်တီမီတာရှိသည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ၁၉၉၆ ခုနှစ်ကလည်းကောင်း၊ ဉာဏ်တော် ၁၄ စင်တီမီတာရှိသည့် ဆင်းတုတော်ကို ၂၀၀၃ ခုနှစ်ကလည်းကောင်း တူးဖော်ရရှိခဲ့သည်။

၁၉၂၈ ခုနှစ်တွင် ပျူမြို့ဟောင်း သရေခေတ္တရာမှ မဏိတော်ကျိုးနေသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပလ္လင်နှင့်တကွ တူးဖော်ရရှိခဲ့သည်။ ယင်းနှစ်မှာပင် သရေခေတ္တရာ ပျိုးခင်းကြီးကုန်းမှ အုတ်ခွက်ဆင်းတုများ ရရှိခဲ့သည်။ ဟန်လင်းမြို့ဟောင်း ကျောက်ဘီလူးထန်းတောမှ ဗောဓိသတ္တဘုရားလောင်းဟု ယူဆရသည့် ရုပ်တုထုလုပ်ထားသော ကျောက်ရုပ်ကြွတစ်ချပ်ကို ၁၉၂၉-၁၉၃၀ ခုနှစ်က ရရှိခဲ့သဖြင့် ဟန်လင်းကျောက်စာရုံ၌ ပြသထားရာ ယနေ့တိုင် သွားရောက်လေ့လာနိုင်ကြပေသည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဆင်းတုတော်များကို ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ် လက်ရာများဟု ပိုင်းခြားကြသည်။ ထို့အတူ ရခိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်များကိုလည်း လေ့လာနိုင်ကြသည်။

### နိုင်ငံတစ်လွှား နှီးဘုရားများ

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်တွင် မရေတွက်နိုင်အောင် များပြားသည်ဟု တင်စားနိုင်အောင်ပင် ဗုဒ္ဓဆင်းတုတော်များကို ပစ္စည်းမျိုးစုံဖြင့် အရွယ်မျိုးစုံ၊ ဟန်မျိုးစုံဖြင့် ထုလုပ်ခဲ့ကြရာ ဝါးကိုဖြာထားသည့် နှီးဖြင့် ရက်လုပ်သည့် ပထမဆုံး ရုပ်ပွားတော်ကို လွန်ခဲ့သည့် နှစ် ၇၀၀ ဝန်းကျင်က ပြုလုပ်ခဲ့သည်ဟု ယူဆကြသည်။ အဆိုပါ နှီးဘုရားကို ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းခတ်မြို့မှ အနောက်မြောက်ဘက် ခုနစ်မိုင်အကွာတွင် တည်ရှိသည့် မိုင်းနှုန်းကျေးရွာ၌ ဖူးမြော်နိုင်ကြသည်။ ရှမ်းဘာသာစကားဖြင့် 'ဖရားအင်းဆံ'ဟု ဘွဲ့မည်ရှိသည့် ဆုတောင်းပြည့် နှီးဘုရားကို 'ခူးဝါးလုံဖော့ မဟာဂုရုနန္ဒ'က တည်လုပ်ခဲ့ကာ ဘုရားကြီး၏ နောက်ခံသမိုင်းသည် နှုတ်ပြောရာဇဝင်များနှင့် ရောယှက်နေခဲ့သည်။ ဂုံရှမ်းဘာသာစကားဖြင့် 'ဇကျောက်အင်းဆန်'ဟု ခေါ်ဆိုသည့် မိုင်းနှုန်းနှီးဘုရားကြီးသည် 'သိကြားမင်းရက်လုပ်သောဘုရား'ဟု အဓိပ္ပာယ်ရှိကာ ဉာဏ်တော် ကိုးတောင်မြင့်သည်။

ယခုအခါတွင် နှီးဘုရားများကို ပြင်ဦးလွင်၊ ကလော၊ စလေ၊ ကော့သောင်း၊ အင်းတော်ကြီး စသည့် ဒေသများအပါအဝင် မြန်မာနိုင်ငံအတွင်း မြို့နယ်များစွာတွင် ဖူးတွေ့ကြရသည်။

ယင်းတို့အနက် ကလောမြို့ရှိ နှီးဘုရား၏ ဘွဲ့တော်မှာ မဟာမုနိ နှီးဘုရားဖြစ်၍ သစ်စေးသုတ်ထားသည့် နှီးရုပ်ပွားတော်ကြီးကို လွန်ခဲ့သည့် နှစ် ၅၀၀ ဝန်းကျင်က ကလောမြို့ ပင်မာကုန်းကျေးရွာ၌ အမိုးအကာမဲ့ တွေ့ရှိခဲ့သည်ဟု ဆိုကြသည်။ နှီးဘုရားနှင့်အတူ ရှေးဟောင်း သစ်သားရုပ်ပွားတော်များ အများအပြား ရှိခဲ့သော်လည်း ယခုအခါတွင်တော့ နှီးဘုရားတစ်ဆူသာ ကျန်ရှိသည်။ ကလောနှီးဘုရားကို ပင်မာကုန်းကျေးရွာမှ ကလောမြို့သို့ ပင့်ဆောင်ခဲ့ကာ ရွှေသင်္ကန်းကပ်လှူခဲ့သည်။

ထို့အတူ ပြင်ဦးလွင်နှီးဘုရားကို ဆင်ခေါင်းကြီးကျောင်းဝင်း၌ ၂၀၀၅ ခုနှစ် မေလ ၂၂ ရက်က ရက်လုပ်ခဲ့သည်။ ဝါးအလုံးရေ ၈၄၀၀၀ ကျော် အသုံးပြု၍ ရက်လုပ်ခဲ့သည့် ဉာဏ်တော် ၁၄ ပေမြင့်သော နှီးဘုရား ရုပ်ပွားတော်ကြီးကို ဖောင်းတောရွာ ပတ္တမြားတောင် ဣစ္ဆာသရစေတီတော် ရင်ပြင်ရှိ ဂန္ဓကုဋီစံကျောင်းသို့ ပင့်ဆောင်ခဲ့ကာ မဟာဆုတောင်းပြည့် နှီးဘုရားဟု ဘွဲ့မည်တင်၍ ယနေ့တိုင် အပူဇော်ခံ ထားရှိသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ ဆုတောင်းပြည့် ယွန်းဘုရားကြီးခေါ် နှီးဘုရားသည် ဉာဏ်တော် ၁၉ တောင် ရှိသဖြင့် မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံး နှီးဘုရားကြီးဟု ဆိုကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ ဇွန်းလီကျိုးပန် သကျမုနိဘုရားရှိ အင်းဆံနှီးဘုရားသည် ဉာဏ်တော် ၁၂ ပေရှိ၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံတောင်ရိုး တောင်ပေါက်ကျောင်းတိုက်ရှိ နှီးဘုရားသည် ဉာဏ်တော် ၁၇ ပေ ၁၀ လက်မ ရှိသည်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကိုးမိုင် ရှမ်းကျောင်းတိုက်တွင် ပူဇော်ထားရှိသည့် နှီးဘုရားသည် ဉာဏ်တော် ၁၈ ပေ ၁၀ လက်မ မြင့်သည်။

### နှီးဘုရားနှင့် မံဘုရား

နှီးဘုရားများကဲ့သို့ပင် နှီးကိုရက်လုပ်သည့် မံဘုရားများလည်းရှိရာ နှီးဘုရားများသည် ဆင်းတုတော်တစ်ခုလုံးကို နှီးဖြင့်သာ ရက်လုပ်သည်။ မံဘုရားများမှာမူ ဝါးနှီးဖြင့် ရက်လုပ်ထားသည့် ကိုယ်လုံးတော်ကို ဖျင်ကြမ်း သို့မဟုတ် သင်္ကန်းစများဖြင့် ရစ်ပတ်၍ ရှမ်းစက္ကူများ၊ မိုင်းကိုင်စက္ကူများကို ကော်ကပ်၊ သစ်စေးသုတ်ကာ သရိုးထူထူကိုင်ပြီး အချောပြုလုပ်ကြသည်။ ထို့ကြောင့် မြန်မာအဘိဓာန်တွင် မံဘုရားကို 'ဆင်းတုထုလုပ်ရာမှထွက်သော လွှစာ သစ်စတို့ဖြင့် သင်္ကန်း စသည်ကို သစ်စေး သရိုးနယ်၍ ပြုလုပ်ထားသော ရုပ်ပွားတော်'ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

မံဘုရားများကို ယွန်းကိုင် ဗုဒ္ဓဆင်းတုတော်များဟုလည်း ခေါ်ဆိုသည်။ မံဘုရားများကို မြို့ရွာများအတွင်းသို့ လှည့်လည်ရာတွင် အလေးချိန်ပေါ့ပါး၍ လူတန်းရှေ့မှ ပင့်ဆောင်နိုင်ရန်ပြုလုပ်သည်ဟု ယူဆကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။ မံဘုရားများကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌လည်း ပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံ၌ ရွှေဘိုနှင့် ရေဦးမြို့နယ် ဝန်းကျင်ရှိ ကျေးရွာများတွင် ပြုလုပ်ခဲ့ကြသည်။



အင်းတော်ကြီး၊ နန့်မီးလောင်ကျေးရွာမှ နှီးဘုရား

မံဘုရားများကို ကောင်းစွာနယ်ထားသည့်ရွှံ့ဖြင့် ဆင်းတုတော်အဖြစ် ပြုလုပ်ခြင်းလည်းရှိသည်။ ယင်းမံဘုရားများကို ရွှံ့မခြောက်မီ ကောက်ရိုးပြာကို ရေနှင့်သမအောင်ဖျော်၍ ရုပ်လုံးအနှံ့ သုတ်လိမ်းသည်။ ထို့နောက် သစ်စေးနှင့် ကျွန်းသားလွှစာမှုန့်ကို နယ်၍ ရုပ်ပုံတော်ကိုမံကာ အသေးစိတ်ပုံဖော်ပြီး အတွင်းသား ရွှံ့တုံးကို ဖယ်ထုတ်လိုက်လျှင် မံဘုရားကို ရရှိသည်။ ထို့နောက် သစ်စေးဖြင့် အရောင်တင်လိုက်လျှင် ရွှေသင်္ကန်းကပ်နိုင်ပြီဖြစ်သည်။

ရှေးအခါက မံဘုရားများကို ရေဦးမြို့အနီးဝန်းကျင်၌ ပြုလုပ်၍ ရှမ်းပြည်နယ်သို့ သွားရောက်ရောင်းချခဲ့ကြကာ ဉာဏ်တော် ၁၈ လက်မဝန်းကျင် မံဘုရားများကို အများဆုံး ပြုလုပ်ပူဇော်ခဲ့ကြသည်။ မံဘုရားများတွင် ရက်စွဲများနှင့် အလှူရှင်၏ အမည်များကို မြန်မာဘာသာဖြင့် ရေးထိုးလေ့ရှိခဲ့ကြသည်။ (မံဘုရား ပြုလုပ်ပုံ အသေးစိတ်ကို ဒေါက်တာသန်းထွန်း ရေးသားခဲ့သော 'မံဘုရား'စာတမ်းတွင် ဖတ်ရှုနိုင်ကြသည်။)

ဗုဒ္ဓဆင်းတုတော်များကို သမရိုးကျပစ္စည်းများဖြင့် ထုလုပ်ခဲ့ကြရာမှ သတ္တုများပေါင်းစပ်ထားသည့် ပဉ္စလောဟာ ဘုရားများကိုလည်းကောင်း၊ ဘုရားပန်းများကို အခြောက်လှမ်းကာ ပြာချပြီး သစ်စေးသရိုးကိုင်ထားသည့် ပန်းပေါင်းဘုရားများကိုလည်းကောင်း၊ ပေစာအကျိုးအပျက်များကို ပြာချ၍ သရိုးကိုင်ထားသည့် ပိဋကတ်ပေါင်း ဘုရားများကိုလည်းကောင်း၊ ဆရာတော်ကြီးများ၊ မိဘများ၏ အရိုးပြာကို သရိုးကိုင်ထားသည့် အထိမ်းအမှတ်ဘုရားများကိုလည်းကောင်း ပြုလုပ်ကိုးကွယ်ခဲ့ကြသည်။

နှီးဘုရားများနှင့် မံဘုရားများကို ပြုလုပ်ပုံသည် ကွဲပြားမှုများရှိသော်လည်း မံဘုရားများကို နှီးမံဘုရားဟု ခေါ်ဆိုမှုများ ရှိခဲ့သည်။ ယင်းဘုရားများကို သစ်စေးသုတ်၍ သရိုးကိုင်ထားသဖြင့် ပိုးမထိုးနိုင်ခြင်း၊ မိုးဒဏ် ရေဒဏ်ကို ခံနိုင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူနိုင်ခြင်းဟူသည့် အကျိုးကျေးဇူးများကို ရရှိသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းနှုန်းကျေးရွာရှိ နှီးဘုရားကို သက်တမ်း နှစ် ၇၀၀ ကြာသည့်တိုင် ပျက်စီးမှုမရှိဘဲ ဖူးမြော်နေရခြင်းဖြစ်သည်။

ရွှေသင်္ကန်းမကပ်ဘဲ အရောင်တင်ဆီများသာ သုတ်လိမ်းထားသည့် နှီးဘုရားများလည်းရှိရာ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မီးလောင်ကျေးရွာ၌ ဖူးမြင်ကြရသည်။

မြန်မာနိုင်ငံတွင် မံဘုရားများပြုလုပ်မှုသည် ခရစ်နှစ် ၁၇၅၀ ပြည့်နှစ်မှ ၁၉၂၉ ခုနှစ်အထိ ထွန်းကားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အရှေ့မြောက်ဘက်ရှိ စည်သာမြေရွာသည် မံဘုရားများပြုလုပ်သည့် အချက်အချာနေရာ ဖြစ်ခဲ့ပြီး မံဘုရားများကို ရှမ်းပြည်နယ်က အများဆုံး ဝယ်ယူခဲ့ကြကြောင်းနှင့် ၁၉၂၉ ခုနှစ်ခန့်တွင် စကျင်ကျောက်ဖြင့် ထုလုပ်သည့် ဆင်းတုငယ်များ၊ စက္ကူပုံတော် ကားချပ်နှင့် မှန်ပုံတော်ကားချပ်များ ပေါ်ထွက်လာခဲ့သဖြင့် မံဘုရားလုပ်ငန်းများသည် စီးပွားရေးအရ အရှုံးနှင့်ရင်ဆိုင်ကြရပြီး တိမ်ကောပျောက်ပျက်ခဲ့သည်ဟု ယူဆရကြောင်း ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

ရှမ်းပြည်သို့ သွားရောက်ရောင်းချသည့် မံဘုရားများကို ဉာဏ်တော် ၁၈ လက်မ၊ ၁၄ လက်မ၊ ၉ လက်မနှင့် ၆ လက်မ ဟူ၍ အရွယ်လေးမျိုး ပြုလုပ်ခဲ့ကြသည်။ ယင်းဘုရားများကို ထိုင်တော်မူဟန်၊ လက်တော်ကို ဘူမိဖဿမုဒြာ သို့မဟုတ် ဈာနာသနမုဒြာဟန်ဖြင့် ပြုလုပ်ခဲ့ကြကာ အချို့သော ဘုရားများကို မကိုဋ်၊ စလွယ်၊ ဘယက်များ ထည့်သွင်းပြုလုပ်ပြီး မင်းဝတ်ဘုရားဟု ခေါ်ခဲ့ကြသည်။ မံဘုရားများကို မှာယူသူ စိတ်ကြိုက် အရွယ်အစားနှင့် ဟန်အတိုင်း ပြုလုပ်ပေးခြင်းများလည်း ရှိခဲ့သည်။

မြန်မာနိုင်ငံ၌ ခရစ်နှစ် ၁၉၂၉ ခုနှစ် နောက်ပိုင်းတွင် မံဘုရားပြုလုပ်သူများ မရှိတော့သော်လည်း နှီးဘုရားများကိုမူ ယခုတိုင် ရက်လုပ်ပူဇော်နေကြဆဲဖြစ်သည်။ ရန်ကုန်၊ မော်လမြိုင်၊ ပြင်ဦးလွင်နှင့် ပင်လုံမြို့တို့ရှိ နှီးဘုရားများ အပါအဝင် နှီးဘုရားပေါင်း ၁၂ ဆူကို ရက်လုပ်ခဲ့သည့် ရှမ်းပြည်နယ်မှ ပညာရှင် 'လုံးအွန်းဆိုင်'နှင့်တကွ နှီးဘုရားရက်လုပ်နိုင်သည့် ပညာရှင်များသည် မျိုးဆက်သစ်များအား ပညာအမွေလက်ဆင့်ကမ်းပေးနိုင်သည်နှင့်အမျှ မြန်မာတို့၏ ရိုးရာလက်မှုပညာ နှီးဘုရားများကို ခေတ်အဆက်ဆက် ပူဇော်နိုင်ကြမည်ဖြစ်ပေသည်။ ။

**ကိုးကား**
**(၁) နယ်လှည့်ရာဇဝင်(ဒေါက်တာသန်းထွန်း)**
**(၂) နှီးဘုရားမှတ်တမ်းများ(ဦးအောင်မြင့်၊ သုဝဏ္ဏဘူမိ)**
**(၃) ဥဒ္ဒိဿ ရုပ်ပွားဆင်းတုတော်များကို လေ့လာခြင်း(မောင်မောင်သီရိ)**

**"ဗုဒ္ဓဆင်းတုတော်များကို ပစ္စည်းမျိုးစုံဖြင့် အရွယ်မျိုးစုံ၊ ဟန်မျိုးစုံ ထုလုပ်ခဲ့ကြရာ ဝါးကိုဖြာထားသည့် နှီးဖြင့် ရက်လုပ်သော ပထမဆုံး ဗုဒ္ဓရုပ်ပွားတော်ကို လွန်ခဲ့သည့် နှစ် ၇၀၀ ဝန်းကျင်က ပြုလုပ်ခဲ့သည်ဟု ယူဆကြသည်။ အဆိုပါ နှီးဘုရားကို ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် မိုင်းခတ်မြို့မှ အနောက်မြောက်ဘက် ခုနစ်မိုင်အကွာတွင် တည်ရှိသည့် မိုင်းနှုန်းကျေးရွာ၌ ဖူးမြော်နိုင်ကြသည်"**

# ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်းအကောင်အထည်ဖော်မည်

**မုံရွာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော မြို့နယ်ငါးမြို့နယ်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းကို ခုနစ်နှစ်ကြာ အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းလှိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များတစ်လျှောက် အရေးကြီးအဆောက်အအုံများ ပိုမိုကောင်းမွန်စေရန်၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စမ်းသပ်စစ်ဆေးသည့် စွမ်းဆောင်ရည် တိုးမြှင့်စေရန်၊ တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်များနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များပိုမိုတိုးတက်လာစေရန်၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မူဝါဒဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေကောင်းများ ပေါ်ထွန်းလာရေးကို တိုးမြှင့်ဆောင်ရွက်ရန် ယင်းစီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်တို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း အကုန်အကျခံ လုပ်ဆောင်ပေးခြင်းဖြစ်သည်။ **ဝင်းဦး(ဇေယျာတိုင်း)**



စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# ကျောင်းစိမ်းလန်းစိုပြည်ရေး အရိပ်ရပင်နှင့်အလှပန်းပင်များ စုပေါင်းစိုက်ပျိုး



ကျောင်းစိမ်းလန်းစိုပြည်ရေး အရိပ်ရပင်နှင့်အလှပန်းပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

**မတ္တရာ ဇူလိုင် ၁**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့ အ-ထ-က (မတ္တရာ) ကျောင်းဝင်းအတွင်း၌ စိမ်းလမ်းစိုပြည်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူရှင်များစုပေါင်းလှူဒါန်းသည့် အရိပ်ရပင်နှင့် ပန်းပင် စုစုပေါင်း အပင် ၂၀၆ ပင်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်၊ တာဝန်ခံမြို့နယ် ပညာရေးမှူး ဦးမျိုးဝေနှင့် တာဝန်ရှိသူများ၊ အလှူရှင် ကျောင်းသား ကျောင်းသူဟောင်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးကေသီကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မန္တလေး၌ ငလျင်ဘေးဆိုင်ရာ အသိပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြ

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ငလျင်ဘေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်းနှင့် လေ့ကျင့်ခြင်းများ ပြုလုပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၄၄)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၅၉လမ်းနှင့် ၆၀လမ်းကြားရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သြစတြေးလျ-မြန်မာချစ်ကြည်ရေးကျောင်းဆောင်၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းသူက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရန် ရှောင်ရန်များ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး အကြောင်းတို့ကို ဟောပြောပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့မန္တလေးပရဟိတမင်းခေါင် (အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့)၊ မန္တလေးမြို့ပေါ်ရှိ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက ငလျင်ဘေးဆိုင်ရာ အန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်လူနာကယ်ဆယ်ရေးလုပ်ငန်းများ၊ ဘေးလွတ်ရာနေရာနှင့် အရေးပေါ်ထွက်ပေါက်ရှာဖွေခြင်းလုပ်ငန်းများ၊ စာသင်ခန်းများအတွင်းရှိ ကျောင်းသား ကျောင်းသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ စာသင်ခန်းများအတွင်း ပိတ်မိနေသည့် ကျောင်းသား ကျောင်းသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်လာသူများကို ရှေးဦးပြုစုခြင်း၊ အရေးပေါ်ကုသရေးနေရာသို့ ပို့ဆောင်ပေးခြင်း၊ ကျောင်းသားကျောင်းသူများအား ပျောက်ဆုံးမှု ရှိ မရှိ စစ်ဆေးခြင်းများကို လက်တွေ့သရုပ်ပြသခြင်းနှင့် လေ့ကျင့်ခြင်းများကို ဆောင်ရွက်ပြသကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ အုပ်ချုပ်ရေးအရာရှိ ဦးကျော်ကျော်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းထွန်းမြင့်နှင့် အဖွဲ့ဝင်များ မန္တလေးပရဟိတမင်းခေါင် (အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့) ဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ ဒုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့ပေါ် ရှိ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်လင်းဦး(အောင်စံ)**

# သီတဂူ စက္ခုဒါနဆေးရုံ၌ မျက်စိ၊ သွားနှင့် အထွေထွေရောဂါများ အခမဲ့စမ်းသပ်ကုသပေး

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ သီတဂူစက္ခုဒါနဆေးရုံ၌ အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ မျက်စိ၊ သွားနှင့် အထွေထွေရောဂါများအား အခမဲ့စမ်းသပ်ကုသပေးလျက်ရှိပြီး သွားနှင့် ပတ်သက်သည့် ရောဂါများကို တနင်္ဂနွေနေ့၌ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ကုသပေးလျက်ရှိသည်။

ခွဲစိတ်ကုသရန် လိုအပ်သော မျက်စိဝေဒနာရှင်များအား သုံးလလျှင် တစ်ကြိမ် မန္တလေး မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ရီရီအောင်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသမှုများပြုလုပ်ပေးပြီး အထွေထွေရောဂါ အခမဲ့ကုသပေးမှုများအပြင် သွေးချို၊ ဆီးချိုစစ်ဆေးမှုများ၊ HIVရောဂါ စစ်ဆေးမှုများနှင့် အဆီကျိတ်ခွဲစိတ်မှုများလည်း အခမဲ့ကုသပေးလျက်ရှိကြောင်း၊ သွားနှင့်ပတ်သက်သည့် ရောဂါကုသမှုများအပြင် သွားညှိခြင်းများလည်း ပြုလုပ်ပေးကြောင်း အုန်းချောသီတဂူဆေးရုံ၏ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရ၏ မိန့်ကြားချက်များအရ သိရသည်။ **တင်ဇာလှိုင် (ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**ဒီးမော့ဆို**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်များကို ဖော်ညွှန်းထားသော ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁ ရက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ဒီးမော့ဆို Women Club နှင့် ဒီးမော့ဆို Care Myanmar တို့ ပူးပေါင်းပြီး ထူးချွန်အမျိုးသမီးများအား ကြိုဆိုဂုဏ်ပြုရန်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို ဖော်ညွှန်းနိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ၏ လူမှုအသိုက်အဝန်းတွင် အမျိုးသမီးခွဲခြားမှု လျော့နည်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများကို ဇူလိုင် ၃ ရက်တွင် ဆုများ ပေးအပ် ချီးမြှင့်သွားမည်ဖြစ်သည်။ **ရီရယ် (ဒီးမော့ဆို)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈ ဦးတို့က "အမျိုးသမီးကောင်းတို့၏ ဂုဏ်သိက္ခာ"ခေါင်းစဉ်ဖြင့် စာစီစာကုံး ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **စိုးဝေအောင် (ခင်ဦး)**

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အမျိုးသမီးကော်မတီမှ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အကြို အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ခွဲခြားဆက်ဆံခံရမှုများအကြောင်းကို မြို့နယ်အမျိုးသမီးကော်မတီဝင် ဒေါ်သင်းသင်းဆွေက လည်းကောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချဆောင်ရွက်ရေးနှင့် တစ်ကိုယ်ရေမိခင်များအကြောင်းကို မြို့နယ်ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာက လည်းကောင်း အသိပညာပေး ဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်နုက အမျိုးသမီးများစွမ်းဆောင်ရည် မြင့်မားလာစေရန် အကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။

**မင်းဇော်ဦး (ပြန်/ဆက်)**




**ကျိုက်ဒုံ**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇူလိုင် ၁ ရက်က ပြည်သူ့စာကြည့်တိုက်တွင် ပုံပြင်ပြောပြိုင်ပွဲကျင်းပသည်။ ကျောင်းသား ကျောင်းသူများ နှုတ်၏စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြုလုပ်ခဲ့သော အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ က မိမိတို့ ကြိုက်နှစ်သက်ရာ ပုံပြင်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပွင့်ဖြူ**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁ ရက်က ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်မော်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မျှင်ဝါး ၉၀၊ ဝါးဘိုးဝါး ၁၀ ပင်၊ ကျွန်း ငါးပင် စုစုပေါင်း အရိပ်ရပျိုးပင် ၁၀၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မှိုစားသုံးလျှင် သတိယှဉ်

## စံလွင် (ငါးဦးစီး)

**အခုလို မိုးကျစအချိန် နေတစ်ပြိုက် မိုးတစ်ပြိုက်ဖြစ်ပြီး ပူအိုက်စွတ်စိုချိန်တွေဟာ မှိုတွေပွင့်လို့ အကောင်းဆုံးရာသီပါ။ ရန်ကုန်မှာ အထင်ကရတွေ့ရတတ်တဲ့ မှိုဈေးတန်းကြီးတစ်ခုက ရန်ကုန် ပြည်လမ်းမကြီးနံဘေး လှော်ကားရေလှောင်ကန်ရှိတဲ့ တောအုပ်ကြီးရှေ့က ဈေးတန်းပါ။ အလားတူပါပဲ နေရာဒေသအသီးသီးမှာ မှိုရာသီရောက်ရင် ကားလမ်းနံဘေးတွေမှာ မှိုတွေကိုတွဲပြီး ရောင်းချနေတဲ့ မှိုဈေးတန်းတွေကို အနှံ့အပြားမှာ တွေ့ရလေ့ရှိပါတယ်။**



**သံသေဒ**

မှိုနဲ့ပတ်သက်ပြီး ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင် ပြုစုတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဖော်ပြထားတာက မြေဥ၊ အင်ဥ၊ မှိုဥအစရှိသော မှိုမျိုးတို့ကို သံသေဒဇဟူ၍လည်းကောင်း၊ ဘူမိဆန္ဒဟူ၍လည်းကောင်း၊ သီလိန္ဒကဟူ၍လည်းကောင်း ခေါ်ကုန်၏။ ထိုမှိုမျိုးတို့သည် ကျိုချွဲကုန်၏။ ကြေခကုန်၏။ ချိုဆိမ့်ကုန်၏။ အော့အန်ခြင်း၊ ဝမ်းသွန်၊ ဝမ်းပျက်၊ အဖျား၊ သလိပ်နာတို့ကို ဖြစ်စေတတ်ကုန်၏။

ထိုဝတ္ထုမျိုးတို့တွင် စင်ကြယ်သောတွင်း၊ တောင်ပို့၊ သစ်၊ ဝါး၊ တုံးတို့၌ဖြစ်သော ဝတ္ထုမျိုးတို့သည် အပြစ်နည်းကုန်၏။ ထိုမှတစ်ပါးသောအရပ်၌ ဝတ္ထုမျိုးတို့သည် အပြစ်များကုန်၏ဟူ၍ ဖတ်ရှုရပါတယ်။

**မှိုအန္တရာယ်**

မြန်မာပြည်အတွင်း ပုံမှန်မဟုတ်တဲ့ ဖြစ်စဉ်တွေကြောင့် လူသားတွေအသက်သေဆုံးကြရတဲ့ ဖြစ်ရပ်တွေထဲမှာ မိကျောင်းဆွဲလို့၊ တောရိုင်းဆင်နင်းလို့၊ ငါးပူတင်းစားမိလို့ သေဆုံးကြတဲ့သတင်းတွေအပြင် မစားကောင်းတဲ့ အဆိပ်သင့် မှိုတွေစားမိလို့ လူတွေသေဆုံးကြရတဲ့ သတင်းတွေကို နှစ်စဉ်တိုင်းလိုလို ဖတ်ရှုနေကြရပါတယ်။ ဒါကြောင့် မှိုစားသုံးကြတဲ့အခါ အန္တရာယ်ကင်းစေဖို့ရာ မိမိမှတ်သားထားတဲ့ မှိုအန္တရာယ်နဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဗဟုသုတအနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။

**အဆိပ်အတောက်ရှိ မစားကောင်းသည့် မှိုလက္ခဏာ**

- မှိုကိုချိုး၍ လျှာဖြင့်တို့ကြည့်က အလွန်ပူပြီး ငရဲမီးနံ့ထွက်နေက မစားသင့်ပါ။
- မှိုကိုချိုးလိုက်ပါက နွားနို့နှင့်တူသည့် ဖြူပျစ်သော အစေးများ ထွက်လာလျှင် မစားသင့်ပါ။
- မှိုပေါ်တွင် ဆားဖြူးကြည့်က ညို၊ ပြာ၊ နက်အရောင်များ ဖြစ်ခဲ့သော် မစားသင့်ပါ။
- မှိုရိုးတံကိုခြေကြည့်က ကြေမွသွားသော် မစားသင့်ပါ။
- မှိုတစ်ပွင့်လုံးကို ခြေကြည့်က အနီရောင်အရည်များ ထွက်လာသော် မစားသင့်ပါ။
- မှိုကို ဓားနှင့်ဖြတ်ကြည့်လျှင် ထိုဖြတ်စသည် ညိုပြာသွားသော် မစားသင့်ပါ။
- အဝါရောင်၊ အနီရောင်၊ အပြာရောင် စသည့်တောက်ပြောင်ထင်ရှားသော အရောင်များရှိသည့် မှိုများနှင့် အစက်အပြောက်၊ အဖုအပိမ့်ထနေသောမှိုများကို မစားသင့်ပါ။
- မှိုမျိုးမှုန် (Spore) အစိမ်းရောင် ပန်းရောင်သန်းနေလျှင် မစားသင့်ပါ။
- မှို၌ ခြေချင်းပါနေပါက မစားသင့်ပါ။
- မှောင်မည်းသည့်နေရာ၌ပေါက်သည့် မှိုများကို မစားသင့်ပါ။
- အရွယ်မရောက်သည့် မှိုလုံးကလေးများသည် မှိုအင်္ဂါရပ်အပြည့်အစုံမဖော်ပြသေး၍ မစားသင့်ပါ။
- ပတ်ဝန်းကျင် မသန့်သည့်နေရာ၌ ပေါက်နေသည့်မှိုများကို မစားသင့်ပါ။
- အချို့မှိုများသည် တစ်ဦးကို အဆိပ်မဖြစ်စေတတ်သော်လည်း အခြားတစ်ဦးကိုမူ အဆိပ်ဖြစ်စေတတ်၍ စားနေကျ မှိုမျိုးမဟုတ်လျှင် လုံးဝမစားခြင်းသည် အကောင်းဆုံးဖြစ်၏။

**မှိုဆိပ်သင့်သည့် လက္ခဏာ**

အဆိပ်သင့်မှိုစားမိက မှိုဆိပ်သည် အစာအိမ်နှင့် သွေးကြောများအတွင်း ရောက်ရှိသွားပြီး လေး နာရီမှ ခြောက် နာရီအတွင်း အောက်ပါလက္ခဏာများကို ပြတယ်လို့ဆိုပါတယ်။

- ဝမ်းဗိုက်မခံမရပ်နိုင်အောင် အောင့်လာခြင်း၊
- ခေါင်းကိုက်ခြင်း၊
- အန်ခြင်း၊
- ဝမ်းအကြိမ်ကြိမ်သွားခြင်း၊
- ကိုယ်အပူချိန်မြင့်တက်ခြင်း၊
- တစ်ကိုယ်လုံး အဖုအပိမ့်ထွက်ခြင်း။

**အရေးပေါ်ကုထုံး**

အဆိပ်သင့်မှိုစားမိပြီး အစာများပြန်မအန်လျှင်၊ ဝမ်းများမသွားလျှင်၊ သွေးထဲ၌ ပြန့်နေသော အဆိပ်များကို ပြေအောင် မလုပ်နိုင်လျှင် အသက်အန္တရာယ်စိုးရိမ်ရပါသည်။ မှိုဆိပ်သင့်က ဒေသအလိုက်ကုထုံးများ အမျိုးမျိုးရှိကြသည့် အနက် အရေးပေါ်ကုထုံးများမှာ

- လူနာကို အရင်ဆုံး ရေသန့်လေးငါးခွက် ဆက်တိုက် ဆင့်တိုက်ပေးပါ။
- ဓာတ်ဆားရေတိုက်ပေးပါ။
- ဓာတ်ဆားရေမရနိုင်က ရေကျက်အေး လေးခွက်၌သကြား လက်ဖက်ရည်ဇွန်း ရှစ်ဇွန်း၊ ဆားလက်ဖက်ရည် တစ်ဇွန်း ထည့်ဖျော်ပြီး တိုက်ပါ။
- ဒေသအလိုက် အဆိပ်ပြေရွက်များထောင်းထု၍တိုက်ပြီး ပြန်အန်အောင် ပြုလုပ်ပေးပါ။
- အနီးစပ်ဆုံးဆေးခန်း/ဆေးရုံသို့ အမြန်ပို့ပေးရပါမယ်။

**အန္တရာယ်ကင်းစွာ မှိုစားသုံးပါ**

မှိုရဲ့အရသာကဆိမ့်ပြီး ချိုလှတာမို့ မှိုကိုဟင်းလျာအဖြစ် စားသုံးဖို့ လူကြိုက်များကြပါတယ်။ ကောက်ရိုးမှို၊ တောင်ပို့မှို၊ ဖက်ဆွတ်မှို၊ မြက်ကျားမှို အစရှိတဲ့မှိုမျိုးတွေက မိရိုးဖလာ စားသုံးနေကျမှိုများဖြစ်တာမို့ အန္တရာယ်ကင်းတယ်လို့ဆိုရပါမယ်။ ဒါ့အပြင် အခုအခါမှာ ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ငွေမိုးမှိုနဲ့ ကြွက်နားရွက်မှိုမျိုးတွေကို နည်းပညာအရ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လာနိုင်ပြီဖြစ်လို့ အဲဒီစိုက်ပျိုးရေးမှိုတွေကို စိတ်ချစွာ စားသုံးနိုင်ပါတယ်။

အထူးသတိပြုကြရန်မှာ မှိုစားသုံးသည့်အခါ စာထဲ၌ ပါသလို အခြားသူများနှင့်တည့်ပေမယ့် မိမိသွေးသားနှင့် မတည့်သည်မျိုးလည်းရှိနိုင်ပါ၍ စားသုံးနေကျမှိုမျိုးမဟုတ်ခဲ့က အရဲစွန့် စားသုံးကြည့်ဖို့ရာ မသင့်ပါကြောင်း အကြံပြုရေးသား ဖော်ပြလိုက်ရပါတယ်။ ။

**- "မြန်မာပြည်အတွင်း ပုံမှန်မဟုတ်တဲ့ ဖြစ်စဉ်တွေကြောင့် လူသားတွေ အသက်သေဆုံးကြရတဲ့ ဖြစ်ရပ်တွေထဲမှာ မိကျောင်းဆွဲလို့၊ တောရိုင်းဆင်နင်းလို့၊ ငါးပူတင်းစားမိလို့ သေဆုံးကြတဲ့သတင်းတွေအပြင် မစားကောင်းတဲ့ အဆိပ်သင့် မှိုတွေစားမိလို့ လူတွေသေဆုံးကြရတဲ့ သတင်းတွေကို နှစ်စဉ်တိုင်းလိုလို ဖတ်ရှုနေကြရပါတယ်"**

**- "အထူးသတိပြုကြရန်မှာ မှိုစားသုံးသည့်အခါ စာထဲ၌ ပါသလို အခြားသူများနှင့် တည့်ပေမယ့် မိမိသွေးသားနှင့် မတည့်သည်မျိုးလည်းရှိနိုင်ပါ၍ စားသုံးနေကျမှိုမျိုး မဟုတ်ခဲ့က အရဲစွန့်စားသုံးကြည့်ဖို့ရာ မသင့်ပါကြောင်း"**

---

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မိုးစပါး ဧက ၂၄၇၉၀ စိုက်ပျိုးရန်လျာထား

**မုံရွာ ဇူလိုင် ၁**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် သုံးခုနှင့် မြို့နယ်ခွဲ လေးခုတွင် မိုးစပါး ဧက ၂၄၇၉၀ စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့နယ်အတွင်း ၄၉၇၇ ဧက၊ မိုပိုင်းလွတ်မြို့နယ်ခွဲအတွင်း ဧက ၅၂၀၊ လဟယ်မြို့နယ်အတွင်း ၅၆၆၁ ဧက၊ ထန်ပါခွေမြို့နယ်ခွဲအတွင်း ၁၄၉၉ ဧက၊ နန်းယွန်းမြို့နယ်အတွင်း ၂၄၇၆ ဧက၊ ဒုံဟီးမြို့နယ်ခွဲအတွင်း ဧက ၄၆၅၀၊ ပန်ဆောင်မြို့နယ်အတွင်း ၅၀၀၇ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ရာသီတွင် ၂၄၅၁၅ ဧကကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ၂၅၁၁၈ ဧကကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ရာသီတွင် ဧက ၂၇၄၄၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

---

# ဆေးဖက်ဝင်ဈေးကွက်ရှိသော အိန္ဒိယဒန့်သလွန်ပင်များ မော်လမြိုင်ကျွန်းမြို့နယ်၌ စတင်စိုက်ပျိုး

**မော်လမြိုင်ကျွန်း ဇူလိုင် ၁**

ဆေးဖက်ဝင် ဈေးကွက်ရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်သည့် အိန္ဒိယဒန့်သလွန်ပင်များကို ရေဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ရာသီအတွင်း အချိန်မီ စိုက်ပျိုးနိုင်ရန် တောင်သူများက မြေပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန်လနောက်ဆုံးပတ်က စတင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဒန့်သလွန်ပင်များကို ကျေးရွာ ၁၂ ရွာ၌ ပထမအကြိမ် စိုက်ပျိုးနိုင်ရန်အတွက် မော်လမြိုင်ကျွန်းမြို့ ဒန့်သလွန်ပင် ပျိုးထောင်ရေးစခန်းက ပျိုးပင်များ ပေးပို့ခဲ့၍ စတင်စိုက်ပျိုးကြခြင်းဖြစ်သည်။ ယင်းဆေးဖက်ဝင် အိန္ဒိယဒန့်သလွန်ပင်ကို စီးပွားဖြစ်စိုက်ရာတွင် ပင်ကြား သုံးမီတာ၊ တန်းကြား သုံးမီတာ ထား၍ သုံးပွင့်ဆိုင် စိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင် ထိကပ်မှုကို ရှောင်ရှားနိုင်ပြီး အသင့်တော်ဆုံး အပင်အရေအတွက်ကို ရရှိနိုင်သည့်အပြင် အပင်သန်စွမ်းမှု အခြေအနေအလိုက် တစ်ပင်လျှင် ဒန့်သလွန်အသီး အတောင့် ၆၀၀ မှ ၁၆၀၀ အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။



တောင်သူများအတွက် ပျိုးထောင်ပေးထားသည့် ဒန့်သလွန်ပျိုးပင်များကို တွေ့ရစဉ်။

အဆိုပါ အိန္ဒိယဒန့်သလွန်ပင်သည် ဆေးဖက်ဝင်သကဲ့သို့ စီးပွားရေးအရလည်း အကျိုးရှိသည့် အပင်မျိုးဖြစ်ပြီး မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ တောင်သူများက မြေလွတ်မြေလပ်၊ ဥယျာဉ်ခြံမြေနှင့် တာလမ်းမကြီးများ တစ်လျှောက်တွင် ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် စိုက်ပျိုးရန် လည်းကောင်း၊ မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်လည်းကောင်း စိတ်ဝင်စားလျက်ရှိနေကြသည်။

**မော်ကျွန်း - မြင့်အောင်**

## မတူကွဲပြားမှုကိုလက်ခံ၍ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းတည်ဆောက်ခြင်း သင်တန်းဖွင့်

**တံတားဦး ဇူလိုင် ၁**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် iSchool-Myanmar တို့ ပူးပေါင်းပြီး 'မတူကွဲပြားမှုကိုလက်ခံ၍ သဟဇာတ ဖြစ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်း' သင်တန်းကို မြို့နယ်ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။



iSchool-Myanmar အဖွဲ့မှ သင်တန်းပို့ချနေစဉ်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဘိုမောင်က အမှာစကားပြောကြားပြီး iSchool-Myanmar မှ စီမံကိန်းမန်နေဂျာ ဦးရဲဝင်းက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် သန်စွမ်းခြင်း၊ မသန်စွမ်းခြင်း၊ အမျိုးသားဖြစ်ခြင်း၊ အမျိုးသမီးဖြစ်ခြင်း စသည်တို့အပေါ် ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အနာဂတ်နိုင်ငံတွင် တန်းတူညီတူရှိသော နိုင်ငံသားအခွင့်အရေးများကို ရရှိစေပြီး ငြိမ်းချမ်းသော မြန်မာ့လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်ရေး အထောက်အကူပြုရန်အတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ သင်တန်းသို့ တံတားဦးမြို့နယ်အတွင်းရှိ မသန်စွမ်း သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ရဲတင့်**

## နတ်မောက်မြို့နယ် လျှော်တောင်ကျေးရွာ၌ နွေရာသီ ရေရှားပါးမှုမရှိစေရန် စက်ရေတွင်းတူးဖော်

**နတ်မောက် ဇူလိုင် ၁**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လျှော်တောင်ကျေးရွာ၌ နွေရာသီကာလ သောက်သုံးရေရှားပါးမှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အဝီစိစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လျှော်တောင်ကျေးရွာသည် ယခင်က လက်တူးတွင်းကျယ်များမှရေကို သုံးစွဲခဲ့သော်လည်း နွေရာသီရောက်တိုင်း သောက်ရေလုံလောက်မှုမရှိသဖြင့် ရေရှားပါးမှုများ နှစ်စဉ်ကြုံတွေ့ခဲ့ရကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆ ဒသမ ၅၈၆ သန်းဖြင့် အနက်ပေ ၇၅၀ ခန့်ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က ပြောသည်။

စက်ရေတွင်းတူးဖော်မှုကို နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ရေစမ်းသပ်မောင်းနှင်ရာ တစ်နာရီလျှင် ရေဂါလန် ၂၂၀၀ ခန့်ထွက်ရှိကြောင်းနှင့် အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်နေကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၄၃ အိမ်မှ လူဦးရေ ၁၁၆၉ ဦးအတွက် ရေလုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။



တူးဖော်ပြီးသော စက်ရေတွင်း၌ ရေစမ်းသပ်မောင်းနှင်စဉ်။

နတ်မောက်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လျှော်တောင်ကျေးရွာအပြင် ကူနီ၊ ဘူးပင်တဲ၊ နဘူးတောင်၊ လင်းဒလူး၊ အုတ်ဖိုနှင့် ဖက်တောရေ ကျေးရွာများ၌လည်း စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ရန်ပုံငွေ ကျပ် ၁၇၄ ဒသမ ၈၄၉ သန်းဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**သန်းလွင် (မကွေး)**

## မြောင်းမြမြို့ သန့်ရှင်းလှပရေး ပင်းတယမီးအိမ်ရှင် ဒေါက်တာသန်းမင်းထွင့် ပညာပေးဟောပြော

**မြောင်းမြ ဇူလိုင် ၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သန့်ရှင်းသာယာလှပရေးအတွက် ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွင့် (ပင်းတယမီးအိမ်ရှင်)နှင့် မြောင်းမြမြို့စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ မြို့နေပြည်သူများအား ပညာပေးဟောပြောပွဲတစ်ရပ်ကို မြောင်းမြမြို့သတ္တမနေ့အသင်းတော် ဓမ္မတက္ကသိုလ်ခန်းမ၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။



ပင်းတယမီးအိမ်ရှင် ဒေါက်တာသန်းမင်းထွင့် ဟောပြောနေစဉ်

ဟောပြောပွဲတွင် မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွင့်က လူတွေများတော့ ဘာဖြစ်လဲ၊ ဘာကြောင့်အပင်တွေစိုက်တာလဲ၊ အမှိုက်ပုံမှာ ဘာအကောင်တွေရှိသလဲ၊ သန့်ရှင်းသာယာလှပသော မြောင်းမြမြို့ဖြစ်စေရေးစသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဓမ္မတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ယခုလို အသိပညာပေး ဟောပြောဆွေးနွေးမှုများကို ကျောင်းများ၊ ရပ်ကွက်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးဇာနည်တင့်၏ ပြောကြားချက်အရ သိရသည်။

**စန္ဒာမိုး**

## အင်္ဂပူမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းဖွင့်

**အင်္ဂပူ ဇူလိုင် ၁**
အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဟင်္သာတမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၁ ရက်က အင်္ဂပူမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသီဟတို့က အမှာစကားပြောကြားပြီး ဟင်္သာတမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဌေးမြင့်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဇော်စိုးတို့က သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၂၅ ဦးအား ဒီဇယ်အင်ဂျင်ပိုင်းဆိုင်ရာများနှင့် ပြုပြင်နည်းများကို ဇူလိုင် ၁၅ ရက်အထိ စာတွေ့လက်တွေ့ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**မန်းကျော်(ပြန်/ဆက်)**

## မြန်မာ့အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**
မြန်မာ့အာမခံလောက ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် အာမခံဝန်ဆောင်မှုလုပ်ကိုင်နေသော အဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးဇော်နိုင်နှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အာမခံအသင်း ဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက လက်ရှိ အာမခံစီးပွားရေးသည် ဒေသအတွင်း အဆင့်နည်းပါးလျက်ရှိနေသေးကြောင်း၊ အသက်အာမခံအပါအဝင် အထွေထွေအာမခံ အမျိုးအစားများကို ပြည်သူများ စိတ်ဝင်စားမှု နည်းပါးနေဆဲဖြစ်၍ အာမခံအသိပညာပေးရန် အထူးလိုအပ်ကြောင်း၊ အာမခံနယ်ပယ်တွင် လုပ်ကိုင်သောဝန်ထမ်းများ၊ အာမခံကိုယ်စားလှယ်များကိုလည်း နိုင်ငံတကာ အသိအမှတ်ပြုအဆင့်ရောက်အောင် သင်တန်းကျောင်းများ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးရန်လိုအပ်ကြောင်း၊ မကြာမီ ဝင်ရောက်လာမည့် နိုင်ငံခြားအာမခံ ကုမ္ပဏီများကိုလည်း စိစစ်ခွင့်ပြုပြီး လုပ်ငန်းလိုင်စင်များ ချပေးတော့မည်ဖြစ်၍ ကောင်းသည့်နည်းပညာများကို အတုယူခြင်းဖြင့် မြန်မာ့အာမခံလောက ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ အာမခံအသင်းကြီး၏ လက်ရှိလုပ်ဆောင်နိုင်စွမ်းကို အသိအမှတ်ပြုအားပေးပါကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသော သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တနိုင်း ဇူလိုင် ၁**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လမုန်ကျေးရွာအုပ်စုရှိ အထက(ခွဲ)ကျောင်း၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝါဦးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့စကားဝိုင်းကို စတင်ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြစ်သော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ခွေးရူးရောဂါကာကွယ်ရေးအကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအကြောင်း၊ ငါးသယံဇာတတိုးပွားအောင် ဝိုင်းဝန်းထိန်းသိမ်းရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို အကျိုးရှိစွာ အသုံးပြုနည်းများစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကာ ဒေသခံ ကျေးလက်နေပြည်သူများက သိရှိလိုသည်များမေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် ရာသီတုပ်ကွေးရောဂါအကြောင်း ညောင်လေးပင်မြို့၌ ပညာပေးဟောပြော

**ညောင်လေးပင် ဇူလိုင် ၁**
မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် ရာသီတုပ်ကွေးရောဂါ(H1N1)ကာကွယ်ရေး အပါအဝင် လူကုန်ကူးမှုကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကြူက အမှာစကား ပြောကြားပြီး မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းနိုင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) Pdm2009 အကြောင်း၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်ရေး သိကောင်းစရာများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဝင်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှမြင့်က လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့ကို ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ပွဲအပြီးတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက H1N1 အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၅) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

င - ၉၂၈၁၇၇

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကခ - ၆၈၇၉၈၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ခ - ၂၄၅၈၀၀ ဈ - ၃၀၁၉၇၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ပ - ၁၈၁၂၄၄
ခ - ၃၅၉၁၉၁
ဍ - ၅၃၂၀၉၂
ယ - ၇၃၀၅၅၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု ( ၁ ) ဆု

ဠ - ၉၅၀၂၆၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | |
|---|---|---|---|
| ဍ | ၄၁၁၉၆၇ | ကက | ၅၅၁၃၀၀ |
| ကဆ | ၅၀၈၁၂၆ | တ | ၆၀၄၂၇၇ |
| မ | ၅၀၉၂၄၈ | မ | ၆၆၁၄၇၆ |
| ရ | ၅၅၁၂၇၅ | တ | ၇၆၅၃၈၃ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု ( ၁ ) ဆု

ဆ - ၉၇၉၀၀၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ဟ | ၁၀၈၁၃၅ | လ | ၆၇၀၅၁၂ |
| ခ | ၄၄၉၃၈၇ | ဍ | ၇၅၁၁၄၁ |
| ဈ | ၅၀၇၂၁၀ | ထ | ၉၃၃၁၀၈ |
| ဆ | ၅၃၃၃၄၂ | ဏ | ၉၄၉၉၄၃ |
| တ | ၆၅၇၃၈၃ | ကက | ၉၈၁၃၁၀ |
| ဈ | ၆၆၉၄၉၀ | ကဆ | ၉၉၃၅၅၂ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု ( ၁ ) ဆု

ဂ - ၁၆၀၂၆၀

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ရ | ၁၁၂၅၅၇ | ကခ | ၃၈၅၂၃၃ | ယ | ၅၂၃၃၃၅ |
| ဓ | ၁၄၈၉၉၈ | ဍ | ၃၉၂၀၃၆ | ကစ | ၅၃၂၇၅၉ |
| ဈ | ၂၃၂၀၉၈ | စ | ၄၂၀၇၉၇ | ကင | ၅၈၄၄၅၈ |
| အ | ၂၄၄၉၁၇ | ယ | ၄၅၃၃၁၇ | ဋ | ၇၁၁၂၅၁ |
| ဘ | ၂၅၇၃၇၀ | ဋ | ၄၇၈၈၈၃ | သ | ၇၉၉၃၇၀ |
| ဏ | ၃၀၃၉၃၉ | ကဂ | ၅၀၈၆၇၈ | ဟ | ၈၅၁၂၆၀ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဏ | ၁၁၄၉၇၀ | ဆ | ၅၂၃၆၀၉ | ခ | ၈၄၄၀၅၄ |
| ဇ | ၁၄၂၅၇၆ | ဟ | ၅၅၈၆၄၄ | ကင | ၈၆၆၅၈၆ |
| ယ | ၁၇၀၄၂၀ | ဖ | ၅၈၂၀၇၇ | ဓ | ၈၇၈၇၀၄ |
| သ | ၃၃၇၆၈၃ | ဝ | ၅၈၉၉၄၇ | ည | ၈၉၂၇၁၃ |
| ဏ | ၃၇၇၈၇၃ | ဓ | ၆၁၅၂၄၆ | ကဆ | ၉၂၉၆၈၉ |
| လ | ၄၅၆၂၀၆ | သ | ၆၅၀၄၈၇ | ည | ၉၂၉၈၈၂ |
| က | ၄၈၀၀၀၅ | ကခ | ၆၇၃၈၀၂ | | |
| လ | ၅၀၃၄၈၇ | ပ | ၇၂၅၄၃၀ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒ | ၂၇၈၅၅၂ | ဝ | ၄၈၀၈၁၉ | လ | ၆၉၁၅၃၃ | လ | ၈၁၀၃၄၃ |
| ယ | ၃၄၀၆၈၀ | န | ၄၈၄၇၄၉ | ဝ | ၆၉၇၄၀၃ | ကဆ | ၈၇၈၈၁၀ |
| ဆ | ၃၄၃၆၅၉ | ဍ | ၅၅၁၄၁၇ | ပ | ၇၁၃၁၇၄ | အ | ၈၉၉၂၃၄ |
| ဗ | ၃၈၉၇၄၈ | ယ | ၆၃၉၇၆၄ | ဋ | ၇၁၃၈၃၆ | ဌ | ၉၈၀၆၆၀ |
| မ | ၄၀၆၂၂၄ | ဍ | ၆၆၄၅၄၆ | ဏ | ၇၃၁၄၄၄ | | |
| စ | ၄၇၁၂၅၈ | ဗ | ၆၆၇၄၄၄ | ကစ | ၇၆၃၀၃၀ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု ( ၁ ) ဆု

ယ - ၁၃၇၀၀၀

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပ | ၁၄၇၂၅၀ | ဗ | ၅၁၆၆၀၁ | အ | ၆၂၅၇၄၆ | ထ | ၈၃၉၆၅၈ |
| ကစ | ၁၈၄၁၉၁ | ကယ | ၅၆၅၀၀၁ | ဆ | ၆၅၈၁၆၂ | လ | ၉၃၈၁၄၇ |
| ယ | ၂၂၇၃၇၇ | ဘ | ၅၆၇၅၇၂ | ကင | ၆၆၆၂၃၆ | မ | ၉၄၄၁၀၆ |
| ည | ၂၃၀၂၁၇ | ဋ | ၅၈၁၆၀၁ | ဖ | ၆၇၈၁၆၈ | ကဂ | ၉၄၈၁၁၅ |
| ကခ | ၂၈၈၈၈၇ | သ | ၅၈၆၄၅၈ | ကခ | ၇၆၁၈၃၆ | ဟ | ၉၇၂၃၅၁ |
| ဘ | ၄၈၄၇၆၁ | ဒ | ၅၉၀၉၉၆ | ကက | ၈၀၉၅၂၁ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု ( ၂ ) ဆု

တ - ၇၁၆၈၆၁
ဂ - ၈၈၄၂၈၇

## ဆုတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟ | ၁၁၃၇၀၆ | န | ၂၉၅၈၃၁ | ည | ၆၃၄၄၆၃ | ယ | ၇၇၄၈၄၆ | က | ၈၆၄၁၈၀ |
| ဘ | ၁၃၇၃၃၈ | ဌ | ၃၂၉၆၂၀ | ဏ | ၆၃၉၀၇၀ | စ | ၈၁၈၈၈၇ | ကယ | ၉၀၈၈၅၄ |
| က | ၁၈၄၇၇၉ | ဟ | ၃၉၆၄၂၂ | ဆ | ၆၉၆၂၇၀ | စ | ၈၃၅၇၈၅ | ဖ | ၉၇၁၄၄၂ |
| ဖ | ၁၈၇၉၂၂ | ကခ | ၅၀၉၉၇၇ | ကဂ | ၇၄၄၅၄၉ | ကစ | ၈၅၄၇၈၉ | ကစ | ၉၉၉၁၇၄ |
| ဓ | ၂၅၅၃၇၆ | ည | ၅၈၈၈၂၆ | ဒ | ၇၅၅၀၅၁ | ကခ | ၈၅၅၁၇၃ | | |

## ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟ | - | ၁၀၅၅၇၀ | ခ | - | ၄၁၁၂၃၂ | ကဃ | - | ၆၁၄၅၈၂ | ကင | - | ၈၄၉၃၇၅ | ထ | - ၉၈၅၃၉၉ |
| ဖ | - | ၁၂၃၄၅၅ | ကက | - | ၄၉၃၇၀၉ | သ | - | ၆၅၂၈၉၀ | ဟ | - | ၈၇၂၀၃၀ | တ | - ၉၉၆၈၇၄ |
| ဋ | - | ၁၆၉၉၆၂ | ဌ | - | ၅၀၁၇၂၂ | ည | - | ၇၀၉၁၀၂ | တ | - | ၈၉၁၇၀၂ | | |
| ဌ | - | ၂၁၂၉၃၃ | ကင | - | ၅၀၂၅၃၀ | ဟ | - | ၇၄၃၅၇၀ | ရ | - | ၉၂၆၀၂၇ | | |
| ရ | - | ၃၂၂၂၂၆ | ဝ | - | ၆၀၄၂၆၅ | ဟ | - | ၇၉၉၁၆၇ | ဝ | - | ၉၅၆၆၈၅ | | |
| ဇ | - | ၃၂၈၆၀၄ | ဍ | - | ၆၀၈၈၅၀ | ဒ | - | ၈၁၀၄၅၉ | အ | - | ၉၆၅၇၅၃ | | |

မဲရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် (၅)သိန်း ဆု ( ၁ ) ဆု

ဇ - ၄၉၄၃၆၀

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စ | - | ၁၁၈၆၂ | ဆ | - | ၅၈၇၅၅ | ဂ | - | ၈၄၈၆၅ |
| ခ | - | ၁၉၀၁၀ | ဋ | - | ၆၆၃၁၄ | ဃ | - | ၈၆၄၀၈ |
| ထ | - | ၂၂၃၂၆ | ကစ | - | ၆၆၉၅၉ | ည | - | ၈၈၉၉၅ |
| ကဂ | - | ၂၅၀၉၆ | ဝ | - | ၈၂၃၅၀ | ဟ | - | ၉၃၀၆၁ |
| ဘ | - | ၄၉၄၇၀ | ကစ | - | ၈၄၆၃၆ | င | - | ၉၃၃၄၉ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဈ | - | ၁၃၇၆ | ထ | - | ၃၄၃၇ | န | - | ၆၆၈၂ |
| ခ | - | ၂၃၇၀ | ပ | - | ၃၇၁၆ | ဝ | - | ၆၈၉၂ |
| စ | - | ၂၄၃၇ | ခ | - | ၄၁၃၇ | ၎ | - | ၆၉၄၈ |
| ကဆ | - | ၂၅၄၆ | ဘ | - | ၅၅၈၅ | ဝ | - | ၉၁၃၉ |
| ဋ | - | ၂၉၂၅ | ည | - | ၅၈၇၀ | င | - | ၉၉၉၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| င | - | ၁၄၂ | ရှ | - | ၄၁၄ | ကခ | - | ၈၇၂ |
| ဏ | - | ၁၆၉ | ထ | - | ၄၄၇ | ရ | - | ၈၇၆ |
| ဘ | - | ၂၀၈ | လ | - | ၅၀၂ | ဗ | - | ၈၇၇ |
| ၎ | - | ၂၉၆ | ထ | - | ၅၁၃ | ဂ | - | ၈၈၅ |
| အ | - | ၃၁၂ | ဝ | - | ၇၁၄ | ခ | - | ၉၄၀ |
| ဇ | - | ၄၀၂ | ဃ | - | ၈၂၉ | ကဂ | - | ၉၉၇ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဏ | - | ၁၇ | ကက | - | ၅၀ | ဂ | - | ၇၂ |
| ကဃ | - | ၁၈ | ကစ | - | ၅၂ | ဆ | - | ၇၃ |
| ဂ | - | ၁၉ | ကခ | - | ၅၃ | ခ | - | ၇၈ |
| ပ | - | ၃၂ | ရှ | - | ၆၂ | ဇ | - | ၇၈ |
| ကင | - | ၄၃ | ဃ | - | ၆၆ | ဝ | - | ၈၄ |
| ဌ | - | ၄၇ | စ | - | ၇၀ | ကဂ | - | ၈၄ |
| စ | - | ၄၈ | ည | - | ၇၀ | | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဏ - ၁၅၅၅၅၉ ဏ - ၆၄၄၅၀၇ ဇ - ၇၉၆၆၄၄ ည - ၉၅၆၃၇၁

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ကက - ၁၉၇၇၈ ဏ - ၈၀၄၅၁

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ခ - ၆၂၆၉
ပ - ၉၆၆၂

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဖ - ၁၇၃
ဇ - ၃၅၄

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၁၄၉၄၇) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ) အက္ခရာထိ အက္ခရာ (၃၃)လုံး၊ (ကက)အက္ခရာမှ (ကဂ) အက္ခရာထိ အက္ခရာ (၃)လုံး၊ စုစုပေါင်း အက္ခရာ (၃၆)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ယခု (၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၂ . ၇ . ၂၀၁၉) ရက်နေ့မှစတင်၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၁ . ၇ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

ကမ္ဘာအေးစွန်းလွန်းယောဂီ
## ဒေါ်ရီရီ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇မိုင်၊ ဦးလွန်းမောင်လမ်း၊ အမှတ် ၉(က) နေ (ဦးအောင်သော်၊ ညွှန်ချုပ်-ငြိမ်း၊ ရေးဟောင်းသုတေသန)၏ဇနီး၊ ဒေါ်ထူးထူးအောင်၊ ဒေါက်တာမျိုးသော်-အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါက်တာသင်းသင်း၊ (ဦးကျော်လွင်သော်)-ဒေါ်ယုယုမိုး၊ ဒေါ်ဝေဝေအောင်၊ ဒေါက်တာသန်းထွဋ်-ဒေါက်တာနွယ်နွယ်အောင်၊ (ဦးမောင်မောင်အုန်းသော်)-ဒေါ်နွယ်နွယ်ယဉ်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁-၇-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၁း၁၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးရဲမြင့်**(စာရေးဆရာရဲမြင့်-သစ်တော)၊ နာယက၊ ခေတ္တရာအသင်း
မြန်မာနိုင်ငံ သက်ကြီးစာပေပညာရှင်များကန်တော့ခံ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)သစ်တောဦးစီးဌာန
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်၊ အမှတ် ၈၃နေ ဦးတိုးအောင်မြင့်(အမြဲတမ်းအတွင်းဝန်-ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ (အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)-ဒေါ်မာလာဟန်တို့၏ဖခင်သည် ၂၉-၆-၂၀၁၉ရက် ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။**ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာစိုးအောင်**

---

## ဒေါ်ခင်ဝင်းမြင့် B.A,Bed
**အလယ်တန်းပြ(ငြိမ်း)၊ အလက(၁)တောင်ဥက္ကလာပ**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၇၇၅နေ (ဦးတင်မောင်၊ ခရိုင်ရဲဝန်-ငြိမ်း- ဒေါ်မြသင်)တို့၏သမီး၊ (ဦးအောင်မြင့်ထွန်း)၊ Professor ဦးအောင်ရဲဦး(နှလုံးနှင့်သွေးကြောခွဲစိတ်ဆရာဝန်ကြီး-ခေတ္တ-UK)၊ ဦးရဲညွန့်ထွန်း(Tech Superintendent,RTS / RSM Singapore)၊ ဒေါ်ပွင့်မာထွန်း(ခေတ္တ-Singapore )-ဦးစိုးညွန့်အောင်(ခေတ္တ-Singapore )၊ ဒေါ်မြမန်းမောင်မောင်(Area Manager , City Mart Holding Co.,Ltd)-ဦးကျော်ထွန်းမင်း၊ ဒေါ်အိအိခင်-ဦးခင်သက်(ခေတ္တ-မလေးရှား)၊ (ဒေါ်ချိုဇင်အိ)(လ/ထ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး)၊ ဦးဝင်းသန့်မောင်မောင်(ခေတ္တ-USA)-ဒေါ်ကျော်နှင်းထွေး(ခေတ္တ-USA)၊ ဒေါ်ခိုင်ဇင်သွယ်(ခေတ္တ-UK)၊ ဒေါ်သင်းအေးမောင်မောင်(Chairman-MPS Group Of Companies)၊ ဦးမြတ်စိုးခိုင်(ခေတ္တ-UK)၊ ဦးလှမျိုးသိန်းထွန်း(MPS Co., Ltd)-ဒေါ်ယဉ်ယဉ်ဝင်း(ရေကြောင်းဦးစီးဌာန)၊ (ဒုတိယဗိုလ်မှူးကြီးသူရဇော်မျိုး(DSA-41)-ဒေါ်နွဲ့ရီဝင်းတို့၏အဒေါ်၊ ကြီးတော်သည် ၂၉-၆-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၉ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးဖေသန်း အသက်(၇၃)နှစ်
**အလုပ်ရုံမှူး(ငြိမ်း)၊ မိတ္ထီလာချည်မျှင်နှင့်အထည်စက်ရုံ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ် ၈၅၅(ခ)နေ ဒေါ်အုန်းကြည်၏မောင်၊ ဒေါ်ဖြူဖြူအေး၏ခင်ပွန်းသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့)ည ၇း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့)နံနက် ၉နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြဝင်း(ခ)ဒေါ်နီနီ (ကင်းမော်၊ သံတွဲမြို့)
**အသက်(၇၁)နှစ်**

သံတွဲမြို့၊ ကင်းမော်ရွာနေ (ဦးကျော်ညွန့်)၏ဇနီး၊ ဒေါ်စန်းသီတာ(ဒု/ညွှန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ (ကိုဝင်းဇော်မိုး)၊ဦးကျော်နိုင်စိုး[Second Engineer (FG)]-ဒေါ်နွယ်နီလာဝင်းတို့၏မိခင်၊ မောင်ရဲရင့်(အလက-၁၊ ဒဂုံ)၊ မောင်ညီစစ်တို့၏ အဘွားသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေ နေ့)နံနက် ဝဝး၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆နာရီမှ ၈နာရီထိ နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက် ၁၃၀၂၊ အခန်း ၁၂ သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးသန်းထွဋ် (ကြီးကြပ်ရေးမှူး၊ မြဝတီဘဏ်လီမိတက်)
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ် ၂၂(A)နေ (ဦးလှမြင့်)-ဒေါ်အေးသန်း တို့၏ ချစ်လှစွာသောသား၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ စခန်း၊ တိုက် ၁၄၊ အခန်း ၁၀နေ (ဦးချစ်ဆွေ၊ညွှန်ကြားရေးမှူး၊ စ-စ-စ-ငြိမ်း-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဦးမျိုးခိုင်-ဒေါ်သန်းသန်းမြင့်တို့၏မောင်၊ မောင်တင်အောင်၏အစ်ကို၊ ဒေါ်ဝင်းပပဆွေ(ဒု-ကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်-အင်းစိန်)၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၀း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးအုံ့သင်(ခ)ဦးကျော်ခိုင်
**CA-9698(ငြိမ်း)**
**လယ်၊ စိုက်၊ ရှင်း**
**အသက်(၉၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၁၁/၇နေဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးငွေအောင်၊ ဦးစိုးမင်း-ဒေါ်သက်သက်ခိုင်၊ ဦးကျော်သောင်း-ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးစောထွဋ်
**(လမ်းမတော်)၊ အထွေထွေဝါရေလုပ်ငန်း**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ ၆လမ်း၊ အမှတ်၃၅၄ နေ (ဒေါ်တင်အောင်ဝင်း)၏ခင်ပွန်း၊ မခင်စောယု (SMI Rental Services MM Ltd)၊ ဗိုလ်ကြီးဝေလင်းအောင်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)-မသီရိအောင်၊ မောင်ဝေလင်းဖြိုး(MSEEDS Restaurant)-မသီရိဟေမာန်သိန်း၊ မောင်ကောင်းဇံ၊ မောင်ထိန်လင်းအောင်(SEEDS Restaurant)-မသီရိကေခိုင်ထွန်းတို့၏ဖခင်၊ မောင်ဘုန်းသစ်သွေး၊ မောင်အောင်ဘုန်းမင်းမြတ်တို့၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## မဝင်းထွန်းခိုင် (ခ) ခင်သန်းစု
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ လမ်း(၃၀)အပေါ်၊ အမှတ် (၂၂၂/၂၂၆)(ငါးလွှာ)နေ ဦးရဲထွန်း-ဒေါ်ဝင်းဝင်းနွယ် (ခ) ကျင်မိန်းတို့၏ သမီး၊ မနွယ်နွယ်ထွန်း၊ မခင်သိမ်းစု(ခ) ၎ဝါ၊ မဇင်မာမာထွန်း(ခ)သန်းစုစုငွေးတို့၏ညီမ၊ မောင်ထွန်းအောင်ကျော်၏ အစ်မသည် ၁-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ရက် နံနက်၇ နာရီမှ ၁၀း၃၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ကျေးဇူးတော်ရှင်ဆရာတော် ဘဒ္ဒန္တတေဇောဘာသ
**မြန်အောင်မြို့၊ မြို့တဲကြီးကုန်း၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ သုခိတာရုံကျောင်း**
**သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းအုပ်စု၊ ဝေဠုဝန်ပရယတ္တိစာသင်တိုက်၊ သုခိတာရုံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တတေဇောဘာသ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်) ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဉတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၅ရက်) ၆-၇-၂၀၁၉ရက် (စနေနေ့)တွင် အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သံဝေဂပွားများနိုင်စေရန် အကြောင်းကြားသိစေအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**
**ဝေဠုဝန်ပရိယတ္တိစာသင်တိုက်**
**မြန်အောင်မြို့**

---

## ဒေါ်သိန်းကြည် (အင်းရဲ၊ကျုံပျော်)
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ် ၇၄၊ မြေညီထပ်နေ (ဦးကောက်-ဒေါ်စောလှ) တို့၏သမီး၊ ဦးသန်းကြည်-(ဒေါ်စိန်သောင်း) တို့၏အစ်မ၊ (ဒေါ်နွဲ့နွဲ့ရီ)၊ဦးခင်ထွန်း၊ဒေါ်မြင့်မြင့် သန်း၊ဒေါ်စုစုလှိုင်တို့၏အဒေါ်၊မြေးခုနစ်ယောက်၊မြစ်သုံးယောက်တို့၏ အဘွားသည် ၁-၇-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်ရွှေ အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၁၁)နေ (ဦးအောင်ဖေ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးဖိုးကြွေ)၏ဇနီး၊ (ဦးညွန့်တင်)-ဒေါ်တင်အေး၊ ဦးစိုး-(ဒေါ်သန်းရီ)တို့၏အစ်မ၊ (ဦးသိန်းရွှေ)-ဒေါ်မြင့်မြင့်စိန်၊ ဦးလှသန်း-ဒေါ်ကြည်ဝင်း၊ ဦးသိန်းဟန်-ဒေါ်ဥမ္မာထွန်း(ခ)မနိုင်၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ခင်စန်းတို့၏မိခင်၊ ဦးသိန်းအေး(မြန်မာတိုင်းမ်နေ့စဉ်)-ဒေါ်မိုးပြာဟန်၊ ဦးအောင်မျိုးကျော်-ဒေါ်ကျော့ကျော့ခိုင်၊ ကိုကြည်ခိုင်ဇော်၊ ကိုကောင်းထက်ဇော်-မမိုးမိုးစန်း၊ မအေးမြတ်ချို၊ မောင်ကျော်ထွန်း-မသူဇာဝင်း၊ မောင်ညီမင်းသူ၊ မောင်ညီသုတတို့၏အဘွား၊ ဒေါက်တာထင်ပေါ်ဦး (YGH)၏ အဘွား၊ မြေး ၁၅ယောက်၊ မြစ် ၁၄ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးရွှေရိုး (ပန်းတနော်)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၁၄၄နေ (ဒေါ်သောင်းရ)၏ခင်ပွန်း၊ (ဦးမြင့်ဝင်း)-ဒေါ်နိုင်၊ ဦးမျိုးလွင်-ဒေါ်တင်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းငြိမ်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၆ယောက်၊ တီနှစ်ယောက်တို့၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီ နှင့် တောင်ဒဂုံ မြို့နယ်၊ (၅၆) ရပ်ကွက်၊ ပုဂံလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတို့တွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်ဝင်း (ဖျာပုံ)
**စာရေးဆရာမကြီး ဒေါ်ကလျာ**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးအောင်မြတ်လမ်း၊ အမှတ်၁၆ (ပထမထပ်)နေ ဦးမောင်ထင်-ဒေါ်ရွှေတို့၏သမီး၊ (ဒေါ်ခင်ခင်လှ)၏ညီမ၊ ကာတွန်းဦးစိန်ကြီး၏ ဇနီး၊ ဦးအောင်နိုင်နိုင်-ဒေါ်ကြည်ကြည်စိန်၊ ဦးအောင်ဇော်ဇော်-ဒေါ်တင်မိမိမြိုင်၊ (ကိုအောင်ထက်ထက်)တို့၏မိခင်၊ မရွှန်းရူပါ၊ မောင်နိုင်နန္ဒအောင်တို့၏အဘွားသည် ၁-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ကျောင်းမြေဒါယိကာမကြီး
## ဆရာမကြီးဒေါ်မြလှိုင် (မော်လမြိုင်)
**နာယကကြီး၊ အသောကာရုံ ရွှေကျင်စာသင်တိုက်၊ စော်ဘွားကြီးကုန်းနှင့်အင်းစိန် ဓမ္မဝါဒီ သီလရှင် စာသင်တိုက်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ(၃)လမ်း၊ အမှတ်(၈၁)နေ (ဦးပန်းအုံ-ဒေါ်အေးသင်) (ရွှေဥဒေါင်းစတိုး)မော်လမြိုင်တို့၏သမီး၊ (ဗိုလ်ကြီးကြည်မောင်)(ကြည်း-၈၆၈၁)၏ချစ်လှစွာသောဇနီး၊ မော်လမြိုင်မြို့နေ (ဦးလှိုင်တင်-ဒေါ်တင်အေး)၊ (ဦးခင် တိုင်းတရားရေးဦးစီးဌာန-ဒေါ်ခင်ခင်ရွှေ)၊ (ဦးတင်မြင့်-ဒေါ်ကျင်သိန်း)၊ (ဦးတင်ဇော်-ဒေါ်လှတင်)တို့၏ညီမ၊ ဦးအောင်ငွေ(အထကကျောင်းအုပ်-ငြိမ်း)-ဒေါ်ခင်ဦးမြိုင်(အထပြ-ငြိမ်း)တို့၏အစ်မ၊ ဦးကျော်ညဏ်လင်း(SENIOR E/O MARINEC Co.,Ltd)နှင့် (AUTO LION CAR SERVICE CENTRE)-ဗိုလ်ကြီးဒေါ်မွေးမွေးကြည်(ငြိမ်း)၊ ဦးရန်မျိုးနိုင်(နိုင်အထွေထွေရောင်းဝယ်ရေး)-ဒေါ်အေးအေး (အတွင်းရေးမှူး၊ ဂရုဏာပရဟိတအဖွဲ့)တို့၏မိခင်၊ မလမင်းအိမ်(1st year Honour,English Major Y.U)၊ မောင်ဝဏ္ဏအောင်(Final year BIT)၊ မောင်ဟိန်းထက်စိုး၊ မောင်ရဲရင့်နိုင်တို့၏ ဘွားဘွားကြီးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးသောန(ခ)ဦးကျော်သိန်း
**သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၈)ဝါ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အောင်သိဒ္ဓိမဟာမြိုင်(ဘက)ကျောင်းတိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခာစာရ၏ တပည့်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်စိန်ညိုဦး၏မောင်၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲနေ ဦးမောင်ဟန်သိန်း-ဒေါ်မသာစိန်တို့၏၏ညီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေါ်မေမြ၏အစ်ကို၊ ကိုကျော်ကျော်အောင်-မဟေမာစိုး၊ ကိုဇော်ဇော်အောင်၊ မသူဇာအောင်၊ မခိုင်ဇာအောင်တို့၏ဖခင်၊ မအေးအေးအောင်၊ မနွေးနွေးအောင်၊ မောင်ကျော်နသန်ကျော်တို့၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄း၅၀နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်အန္တိမစျာပနပြုလုပ်မည်ဖြစ်ပါကြောင်း။

[ပျံလွန်တော်မူသော ဆရာတော်အားရည်စူး၍၆-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အောင်သိဒ္ဓိမဟာမြိုင် (ဘက)ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။](အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## Dr. စောအောင်လှ [လက်ထောက်ဆရာဝန်]
**အဏုမြူဓာတ်ရောင်ခြည်ရောဂါရှာဖွေရေးဌာန(ငြိမ်း)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် ၉နေ စောအေဘိုးအောင်-ဒေါ်ငြိမ်းလှတို့၏သား၊ သိက္ခာတော်ရဆရာတော် စောဘိုးအ-နော်ရှသတို့၏သားသမက်၊ နော် သိန်းနုဇံ၏ခင်ပွန်း၊ စောတင်လှိုင်-နော်အက်ဂနစ်ဘိုးအောင်၊ စောအောင်လှထွန်း၊ စောဘဝင်း-ဒေါ်ဦးဦးမေ၊ ဦးပီတာမြဖေ-နော်မေရီဘိုးအောင်၊ စောအောင်ငြိမ်း-နော်နိုက်တင်ဂေးလ် တို့၏အစ်ကို၊ စောလယ်ထူး၊စောသေလာထူး[Singhai Marine Services (Yangon) CO.,Ltd.]-နော်စေးရှီဖော၊ စောဖောသာထူး(Pride MM Company Limited)-နော်စေးကလို(YWCA)၊ ဘုန်းတော်ကြီးစောဆာကပေါ်ထူး (ရှင်ဂျော့ဂျက်အသင်းတော်)-နော်ဖောဖောဝါးတို့၏ဖခင်၊မြေးခြောက်ယောက် တို့၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် အမှတ် ၁၀၄၊ အင်းလျားလမ်း၊ ကမာရွတ်ရှိ သန့်ရှင်းသောကားတိုင် ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးမင်းလွင်
**အမှတ်(၁)ဆက်သွယ်ရေးလုံခြုံမှုတပ်(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ်(၆)နေ ဒေါ်စောနွဲ့၏ခင်ပွန်း၊ ဒေါ်မေစီအေး(သံရုံးအုပ်၊ မြန်မာသံရုံး၊ နယူးဒေလီမြို့)၊ ဦးမင်းသူလတ်(ခေတ္တ-ဂျပန်)-Mrs.Sachiyo၊ ဦးကျော်မင်းခန့်-ဒေါ်ဝင်းမြတ်သန္တာတို့၏ဖခင်၊ Ms .Masayo ၏အဘိုးသည် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံအဝင်၊ ဝေဘာဂီလမ်း၊ (၄)ရပ်ကွက်၊ ကိုယ့်အရိုးကိုယ်ချီတရားရိပ်သာ၊ အမှတ်(၁၁+၆)သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းလွင်
**အသက်(၇၆)နှစ်**

မြန်မာသံရုံး၊ နယူးဒေလီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံးအုပ် ဒေါ်မေစီအေး၏ ဖခင် ဦးမင်းလွင်သည် ၃၀-၆-၂၀၁၉ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်ဇနီး၊**
**သံရုံးဝန်ထမ်း၊ မိသားစုများ**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းထွန်း (အမက-၈၊ ရွှေဒဂုံ)မှူ/အုပ်(ငြိမ်း)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ တိုက်၂၆(ပထမထပ်-A)နေ (ဦးတိုက်လှ-ဒေါ်သိုက်)တို့၏သား၊ (ဦးကျော်ထွန်း-ဒေါ်ဝိုင်းရှင်)တို့၏သားသမက်၊ ဒေါ်နုရင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုကြည်ဝင်း-မချိုချိုထွန်း၊ (မသူဇာထွန်း)၊ မောင်အောင်ကိုထွန်းတို့၏ဖခင်၊ ဦးစိုးသိန်း-ဒေါ်ငွေငွေ၊ဦးစိုးသန်းတို့၏အစ်ကိုသည် ၁-၇-၂၀၁၉ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှမိုးဦး
**EO(EMAS Offshore Singapore)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၂၄(မြေညီ၊ ယာ)နေ (ဦးခင်မောင်စိန်)-ဒေါ်ခင်စန်းနုတို့၏သား၊ ဒေါ်မြမြ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်မိုးဦး-မခိုင်ခိုင်ဇော်၊ ကိုဝင်းမင်းသိန်း-မခင်စန္ဒီမိုးဦးတို့၏ဖခင်၊ မောင်နှမ ခုနစ်ယောက်တို့အစ်ကို၊ တူ/တူမ ၁၅ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁-၇-၂၀၁၉ရက် နံနက် ၂း၄၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

# မကြာမီရက်ပိုင်းအတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်မဖြစ်ကို သိရမည်

**နေပြည်တော် ဇူလိုင် ၁**

(၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးကို အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပလျက်ရှိရာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်၊ မဝင် သိရမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေး တက်ရောက်နေသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံ)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်ထံမှ သိရသည်။

"ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်၊ မဝင် အခုလုပ်နေတဲ့ ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးက ဆုံးဖြတ်မှာပါ။ ဇူလိုင် ၅၊ ၆၊ ၇ တစ်ရက်ရက်မှာ အဖြေကို သိရပါမယ်"ဟု ပြောကြားသည်။

၁၉၉၇ ခုနှစ်က ကျင်းပသည့် (၂၁)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ဥပဒေအရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမှုမရှိခြင်း၊ တိကျသော(ဇုန်နယ်မြေ) နယ်မြေသတ်မှတ်ချက်မရှိခြင်း၊ စနစ်ကျသော စီမံခန့်ခွဲမှုမရှိခြင်းတို့ကြောင့် ပြန်လည်ပေးပို့ခဲ့သဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မရရှိခဲ့ကြောင်းသိရပြီး ၂၀၁၄ ခုနှစ်မှ စတင်၍ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအား ယူနက်စကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

*စာမျက်နှာ ၇ ကော်လံ ၁* ❖



ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေး ဆွေးနွေးနေသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို တွေ့ရစဉ်။ ဓာတ်ပုံ-သီဟစည်သူ

# ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ထားသူဇာ ထပ်မံဗိုလ်စွဲ

**ပေါ်တို-နိုဗို(ဘီနင်) ဇူလိုင် ၁**

ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် သက်ထားသူဇာကို အခြားဆုရရှိသည့် ကစားသမားများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-သက်ထားသူဇာ Facebook

# လေဖိအားနည်းရပ်ဝန်း အားကောင်းကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

*စာမျက်နှာ ၂ ကော်လံ ၃* ✳

# ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် အင်ဒိုနီးရှား ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၉ ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ဇူလိုင် ၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၄ အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၄ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က) ၌ ပါဝင်ခဲ့ပြီး ဇွန် ၂၉၊ ၃၀ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စုပွဲများတွင် အာရှထိပ်သီးအသင်း များကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်တရုတ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားအသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားပြီး အမှတ်မရသေးပေ။ ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုနှစ်ခုခွဲကာ ကျင်းပလျက်ရှိသည်။ အုပ်စုပွဲများအပြီးတွင် အုပ်စုတွင်းရပ်တည်မှုအပေါ်မူတည်၍ အဆင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ●

ညောင်တုန်းနှင့် မြစ်ကြီးနားမြို့နယ်တို့၌ ဓာတ်လိုက်၍ နှစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ စာ » ၁၃

မှိုစားသုံးလျှင် သတိယှဉ် စာ » ၂၀

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA
INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး ဖွင့်ပွဲ အထိမ်းအမှတ် အထူးအစီအစဉ်
ဇူလိုင် (၇) ရက်၊ ၂၀၁၉ တစ်ရက်တည်းသာ
(၁)ခုဝယ်လျှင်
(၂)ခုလက်ဆောင်
DIAMOND
GOLD
Member Card တစ်ကတ်လျှင် ကျပ် (၂၃) သိန်းမှ (၃၃) သိန်းကျော်တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်လက်ဆောင်များ ပါဝင်ပါသည်။
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 231 7617, 01 523 000, 01 523 111